မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၁၅ ရက်၊ တနလင်္ဂနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၅၃]

မေတ္တာသည် အတ္တမဟုတ်

မေတ္တာသည် စိတ်ရှည်တတ်၏။
မေတ္တာသည် ကျေးဇူးပြုတတ်၏။
မေတ္တာသည် ဂုဏ်ပြိုင်တတ်ခြင်းမရှိ။
မေတ္တာသည် ဝါကြွားတတ်ခြင်းမရှိ။
မေတ္တာသည် မာန်မာနထားခြင်းမရှိ။
မေတ္တာသည် မလျော်သော အကျင့်ကို မကျင့်။
မေတ္တာသည် ကိုယ်ကျိုးမရှာတတ်။

ပြည်သူတို့၏ လိုအပ်ချက်များကို လွှတ်တော်ကဆောင်ရွက်နိုင်ရန် အစိုးရအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်ကြရမည်

သတင်း၊ စာ-၃

သတင်းနှင့် ဓာတ်ပုံ - ခရမ်းစိုးမြင့်

ကျောက်တန်း-ဝဲကြီး-တံတား-သုံးခွကားလမ်းပေါ်မှ မော်ဝန်းတံတား မကြာမီဖွင့်မည်

ကျောက်တန်း ဇွန် ၁၄

ကျေးလက်ဒေသလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအနက်မှ ကျေးလက်ဒေသနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့စေရန်အတွက် တည်ဆောက်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျောက်တန်း-ဝဲကြီး-တံတား-သုံးခွ သွားကျေးလက် ကားလမ်းပေါ်မှ မော်ဝန်းတံတားကြီးမှာ ယခုအခါ ရာနှုန်းပြည့်တည်ဆောက်ပြီးစီး သွားပြီဖြစ်၍ မကြာမီဖွင့်ပွဲကျင်းပရန် စီစဉ်လျက်ရှိသည်။

အဆိုပါ တံတားကြီးမှာ အရှည်ပေ ၉၀၀ ရှိပြီး မော်ဝန်းချောင်းပေါ်တွင် ဖြတ်သန်း တည်ဆောက်ထားသော တံတားကြီးဖြစ်သည်။ မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ဆောက်လုပ်ရေးဝန်ကြီးဌာနသို့တံတားတည်ဆောက်ပေးရန် လုပ်ငန်းများ အပ်နှံခဲ့သဖြင့် တံတားဦးစီးဌာနတည်ဆောက်ရေးအထူးအဖွဲ့ ယခု (၅) ယခု (၁၆) မှ တာဝန်ယူ တည်ဆောက် ပေးခဲ့သောတံတားဖြစ်သည်။

စာမျက်နှာ ၉ ကော်လံ ၅

ယနေ့ မာတိကာ

အမေရိကန်က ဘောလ်တစ်ဒေသ၌ အကြီးစားစစ်လက်နက်များ သိုလှောင်ထားရှိသွားမည် စာ-၄

စိတ္တရမဟီအိမ်ရာစီမံကိန်း မူလနေထိုင်သည့် ဝန်ထမ်းများ ပြန်လည်နေရာချထားပေးမည် စာ-၇

ပွဲစည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဆိုလျှင် ... ဆောင်းပါး စာ-၈

ပညာရေးနှင့် ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရကဒေါ်လာလေးသိန်းကျော်ပံ့ပိုး

ရန်ကုန် ဇွန် ၁၄

ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အောက်ခြေလူတန်းစားများ ဖူလုံရေးအတွက် အကူအညီပေးရေးစီမံကိန်း(GGP) မှတစ်ဆင့် အမေရိကန်ဒေါ်လာ ၄၇၈၀၈၈ ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၁၁ ကော်လံ ၅



ရထားစက်ခေါင်းစက်ရုံနှင့် တွဲသစ်စက်ရုံတည်ဆောက်မည်

သတင်း၊ စာ-၁၂

အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

သင့်မဲဖြင့် အနာဂတ်အား ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့။

ရခိုင်ပြည်နယ်အတွင်း မြို့နယ် ၁၇ မြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်မည်

စစ်တွေ ဇွန် ၁၄

ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၇ မြို့နယ်အတွင်း ရပ်ကွက်/ကျေးရွာအုပ်စုများအတွက် လာမည့်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ အမည်စာရင်းများကို ဇွန် ၂၂ ရက်မှစတင်၍ မြို့နယ်အသီးသီးတွင်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌထံမှ သိရသည်။

အဆိုပါမြို့နယ်များရှိ ရပ်ကွက်ကျေးရွာအသီးသီးတွင်နေထိုင်ကြသူများအနေဖြင့် လာမည့်ရွေးကောက်ပွဲတွင် မဲပေးခွင့်မဆုံးရှုံးစေရန်အတွက် မိမိတို့မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်သည့်အခါ မိမိတို့အမည်ပါမပါ သွားရောက်ကြည့်ရှုကြရမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများကို စတင်ထုတ်ပြန်သည့်နေ့မှစ၍ နှစ်ပတ်ကြာထုတ်ပြန်မည်ဖြစ်ပြီး အထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ ပြည်သူများ ဗဟုသုတရရှိစေရန်အတွက်လည်း ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရသည်။ ထင်သာ၊ မြင်သာအောင် ထုတ်ပြန်ပေးမည့် မဲဆန္ဒရှင်စာရင်းများတွင် ပြည်သူများ အနေဖြင့် မိမိတို့၏ အမည်ပါ မပါ၊ အချက်အလက်များ မှန် မမှန်ကို သိရှိနိုင်ပြီး လိုအပ်ပါက ရပ်ကွက်/ ကျေးရွာကော်မရှင်ရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ တင်ပြနိုင်ကြောင်း သိရသည်။

ဇော်နိုင်ထွန်း(iprd)

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မင်္ဂလာတောင်ညွှန့်မြို့နယ် စည်ပင်နှင့် မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ ဇွန် ၁၂ ရက်က ဥယျာဉ် ရပ်ကွက်အတွင်း နေအိမ်ခန်းများ၌ အုတ်ကန်၊ ရေစည်၊ ရေပိုင်းများတွင် အာဘိတ်ဆေးခပ်ခြင်း၊ အမှတ်(၄)အခြေခံပညာမူလတန်း ကျောင်းပတ်ဝန်းကျင်ကို ခြင်ကာကွယ်ဆေးမှုတ်ခြင်းများ ဆောင်ရွက်ပေးစဉ်။

အောင်သန်း(မင်္ဂလာတောင်ညွှန့်)

သက်တမ်းတိုးမည့် ယာဉ်ပိုင်ရှင်များအား အသိပေး

နေပြည်တော် ဇွန် ၁၄

မော်တော်ယာဉ်သက်တမ်းတိုးဆောင်ရွက်ရာတွင် ပြည်သူများ ချောမွေ့စေရေးအတွက် ယာဉ်မှတ်ပုံတင်သက်တမ်းကို ပြောင်းလဲသတ်မှတ်ပေးသွားမည်ဖြစ်သည်။

ဇူလိုင် ၁ ရက်မှစ၍ " ၆ ဂ " အက္ခရာနှင့်အထက် ကိုယ်ပိုင်လူစီးယာဉ်ငယ်(ဆလွန်း၊ စတေရှင်ဝဂ်ဂွန်၊ ခရီးသည် ၁၅ ဦးအထိ မိုက္ကရိုဘတ်စ်၊ လိုက်ဗင်နှ်၊ ဂျစ်၊ Double Cab) သက်တမ်းတိုးခြင်းများကို လက်ရှိသက်တမ်းတစ်နှစ်မှ သက်တမ်းနှစ်နှစ်သို့ ပြောင်းလဲသတ်မှတ် ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

၂၀၁၅ ခုနှစ် (ဇူလိုင်)လ သက်တမ်းတိုးမည့်ယာဉ်များမှ စတင်ဆောင်ရွက်ပေးမည် ဖြစ်သည်။

အဌားယာဉ်၊ ခရီးသည်တင်ယာဉ်များ၊ ယာဉ်ကြီးများ၊ စက်မှုဇုန်ထုတ်ယာဉ်များ၊ " ၆ ဂ " အက္ခရာအောက်ယာဉ်များ သက်တမ်းတိုးခြင်းများကို လက်ရှိအတိုင်း တစ်နှစ်လျှင်တစ်ကြိမ်ဖြင့်သာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ယာဉ်ပိုင်ရှင်များသိရှိရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူးဦးစီးဌာနမှ သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ငွေကြေးစနစ်တည်ငြိမ်ရေး အလေးထားဆောင်ရွက်နေ

နိုင်ငံတစ်နိုင်ငံ၏ငွေကြေးစနစ်တည်ငြိမ်ရေးသည် စီးပွားရေးတည်ငြိမ်ရေးအတွက် အရေးကြီးသောကိစ္စဖြစ်ပါသည်။ အထူးသဖြင့် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်း တည်ငြိမ်ရေးသည် အရေးကြီးပါသည်။ အမေရိကန်ဒေါ်လာတန်ဖိုးတက်ပြီး မြန်မာကျပ်ငွေတန်ဖိုးကျဆင်းလာခြင်းဖြင့် စီးပွားရေးလုပ်ငန်းများအတွက် ထိခိုက်နိုင်ပါသည်။ ငွေကြေးစနစ် တည်ငြိမ်မှုမရှိပါက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ မေခရိုစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားငွေနှင့် ဆက်စပ်လည်ပတ်လုပ်ကိုင်ရသော လုပ်ငန်းများမှတစ်ဆင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအားလုံး ထိခိုက်မှုရှိနိုင်ပါသည်။

ထို့ကြောင့် လတ်တလောဖြစ်ပေါ်နေသည့် မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရအဖွဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပြည်တွင်းပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများသည် မေ ၁၃ ရက်နှင့်ဇွန် ၁၂ ရက်တို့တွင် နှစ်ကြိမ်တိုင်တိုင်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြပါသည်။ ဇွန် ၁၂ ရက်က ဗဟိုဘဏ်၌ ပြုလုပ်သောဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက လတ်တလောဖြစ်ပေါ်နေသော ငွေကြေးကိစ္စများအပေါ် ဘဏ်ပေါင်းစုံမှ တာဝန်ရှိသူများက အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိအချိန်တွင် ငွေကြေးစနစ်တည်ငြိမ်ရေးအတွက် ရင်းနှီးမြှုပ်နှံမှုများ အလွယ်တကူဝင်ရောက်နိုင်ရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်တို့ အမြန်ညှိနှိုင်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း၌ဖွင့်လှစ်ထားသော နိုင်ငံခြားဘဏ်များအနေဖြင့် ပြည်တွင်းဘဏ်များကို ငွေကြေးကူညီနိုင်ရေးဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ၄င်းတွင်ရှိသော အရန်ငွေထဲမှ ပြည်တွင်းဘဏ်နှင့် ပို့ကုန်လုပ်ငန်းရှင်များအတွက် လိုအပ်သောငွေကြေးများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကူညီသွားရန် လိုအပ်ပါကြောင်း၊ ပို့ကုန်များအတွက် ရရှိသည့်ငွေကြေးကိုလည်း ဘဏ်များမှတစ်ဆင့် ပေးသွင်းရန် လိုအပ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့်အဖွဲ့များ ဖွဲ့စည်းပြီး အမြန်ဆုံးကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ဤသို့ငွေကြေးစနစ်တည်ငြိမ်ရေးဗဟိုအဆင့်မှ ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ငွေကြေးမှောင်ခိုစျေးကွက်များ ပပျောက်ရေး၊ ငွေကြေးကစားမှုများ လျော့နည်းစေရေးတို့လည်း ထိန်းချုပ်ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာကို မှောင်ခိုစျေးကွက်အတွင်း ရောင်းဝယ်ဖောက်ကားခြင်း၊ လိုအပ်သလို စျေးကစားခြင်းတို့ကြောင့် ငွေကြေးတည်ငြိမ်မှုကို ထိခိုက်လာနိုင်ပါသည်။

ယခုကဲ့သို့ ဗဟိုဘဏ်နှင့် နိုင်ငံခြားဘဏ်များ၏ ပူးပေါင်းကူညီမှုဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများအတွက် လိုအပ်သောငွေကြေးမှာ အထိုက်အလျောက် အဆင်ပြေမှုများ ရရှိကာငွေကြေးစနစ်တည်ငြိမ်မှုများ ရရှိလာနိုင်ပါသည်။ ငွေကြေးစနစ်တည်ငြိမ်လာသည်နှင့်အမျှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုလျင်မြန်စွာ ဝင်ရောက်လာနိုင်မည်ဖြစ်ပါသည်။ ငွေကြေးစနစ်တည်ငြိမ်လာမှုကြောင့် အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများ တည်ငြိမ်စွာဖွံ့ဖြိုးလာနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်၍ ငွေကြေးစနစ်တည်ငြိမ်ရေးအတွက် သက်ဆိုင်သူများအားလုံးက အလေးထား၍ အစွမ်းကုန်ကြိုးပမ်းအားထုတ်သင့်ပါကြောင်း။ ။

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်စျေးနှုန်း ၁၄-၆-၂၀၁၅

ရွှေစျေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၁၅၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၈၄၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၃၁၀၀၀

စက်သုံးဆီစျေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ် ၇၁၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၇၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၈၂၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၅၀

သားငါးနှင့်ဟင်းချက်စရာစျေးနှုန်း(သား/ငါးနှိုင်းများ)

၁။	ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၃၀၀၀-၄၅၀၀
၃။	ငါးရံ့	တစ်ပိဿာ	၆၀၀၀-၈၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၈၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၈၀၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	၆၀၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၈၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်စျေး (ဗဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၀၀၅
ဥရောပ	တစ်ယူရို	၁၂၄၈.၉
စင်ကာပူ	တစ်ဒေါ်လာ	၈၂၁.၅၃
ထိုင်း	တစ်ဘတ်	၃၂.၈၄
အိန္ဒိယ	တစ်ရူပီး	၁၇.၃၁
တရုတ်	တစ်ယွမ်	၁၇.၈၆
မလေးရှား	တစ်ရင်းဂစ်	၂၉၆.၂၁

ကုန်စည်နှိုင်စျေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

လယ်ထွန်စက်ပေးအပ်ပွဲ အခမ်းအနား ကျင်းပ

အင်ဂျန်းယန် ဇွန် ၁၄

ကချင်ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးအလေးပါး မိသားစုက အင်ဂျန်းယန်မြို့နယ် ဒေသခံပြည်သူများ လယ်ယာထွန်စက်စိုက်ပျိုးမှု လွယ်ကူစေရန်နှင့် ဆန်ရေစပါးဖူလုံစေရန် ရည်ရွယ်၍ လယ်ထွန်စက်တစ်လုံးပေးအပ်ပွဲကို ဇွန် ၁၁ ရက်က ကျင်းပသည်။ အဆိုပါ ငွေကျပ် ၂၅ သိန်း တန်ဖိုးရှိ လယ်ထွန်စက်ကို အင်ဂျန်းယန်မြို့ စည်ပင်ရိပ်သာ၌ ပေးအပ်ရာ လယ်ထွန်စက်ကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြစ်အောင်နှင့် ရပ်မိရပ်ဖတို့က လက်ခံယူခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်သူတို့၏လိုအပ်ချက်များကို လွှတ်တော်ကဆောင်ရွက်နိုင်ရန် အစိုးရအပါအဝင် သက်ဆိုင်ရာအဖွဲ့အစည်းတို့ ပူးပေါင်းဆောင်ရွက်ကြရမည်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပျဉ်းမနားဒေသခံပြည်သူများ တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇွန် ၁၄

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပျဉ်းမနားဒေသခံပြည်သူများ တွေ့ဆုံပွဲကို ယနေ့ နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့ မဂ်လာကန်တော်ခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ပျဉ်းမနားဒေသသည် ဖက်ဆစ်ဆန့်ကျင်ရေးနှင့် ကိုလိုနီလက်အောက်ခံဘဝ လွတ်မြောက်ရေးဖြစ်စဉ်များတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ခဲ့သည့် ဒေသဖြစ်ပါကြောင်း၊ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါ်ပေါက်လာသည့် မြန်မာ့တပ်မတော်သည်လည်း ပျဉ်းမနားဒေသ၌ပင် အခြေခံခဲ့ပါကြောင်း၊ ယနေ့ပျဉ်းမနားဒေသဖွံ့ဖြိုးတိုးတက်နေသကဲ့သို့ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ဒီမိုကရေစီစနစ်ကို စနစ်တကျကျင့်သုံးသည့် နိုင်ငံများတွင် လွှတ်တော်များရှိပါကြောင်း၊ ပြည်သူအသံ-လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ-လွှတ်တော်ဆန္ဒ၊ ပြည်သူတို့ မျှော်လင့်ချက်- လွှတ်တော်က ဖော်ဆောင်ရွက်ဟူသည့် လွှတ်တော်၏မူဝါဒဆောင်ပုဒ်နှင့်အညီ ပြည်သူ့အသံသည် လွှတ်တော်၏အသံဖြစ်ရမည်၊ ပြည်သူတို့၏ဆန္ဒသည် လွှတ်တော်၏ဆန္ဒဖြစ်ရမည်ဖြစ်ပြီး ပြည်သူတို့၏လိုအပ်ချက်များကို လွှတ်တော်က ဆောင်ရွက်နိုင်ရန် အစိုးရအပါအဝင် သက်ဆိုင်ရာ အဖွဲ့အစည်းအသီးသီးတို့ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏ လိုလားချက်ဆန္ဒများကို ဥပဒေအဖြစ် ပြဋ္ဌာန်းပေးနိုင်ရန်မှာ လွှတ်တော်၏ အဓိကတာဝန်ဖြစ်ပါကြောင်း၊ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ဖြစ်ထွန်းစေနိုင်မည့် ဥပဒေများကို ပြဋ္ဌာန်းပေးလျက်ရှိပါကြောင်း။

လွှတ်တော်သည် ပြည်သူ့ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့်အတွက် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အတွက်၊ အဖွဲ့အစည်းတစ်ခုအတွက်၊ ပါတီတစ်ခုအတွက် မဖြစ်စေဘဲ ပြည်သူအတွက်၊ နိုင်ငံအတွက် ဖြစ်ရမည်ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီနှင့် စေးကွက်စီးပွားရေးစနစ်ဖြစ်ပေါ်ရန် လွှတ်တော်အနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးမှတစ်ဆင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများအနေဖြင့် လွှတ်လပ်ပွင့်လင်းစွာ ဆွေးနွေးနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကိုလည်း ကောင်း၊ နိုင်ငံရေးပါတီများက အထွေထွေရွေးကောက်ပွဲကိစ္စရပ်များနှင့်စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုဂုံးချုပ်ပြောကြားရာတွင် ဇြမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ကြိုးပမ်းတည်ဆောက်ရာ၌ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီများနှင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် အရေးကြီးပါကြောင်း၊ ပြည်သူလူထု၏ ဆန္ဒများကို လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ မြို့နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိနေကြသည့် ဌာနဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် မိမိတို့တာဝန်ထမ်းဆောင်ရသည့် နေရာဒေသများကို မိမိတို့ဇာတိများကဲ့သို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံပြည်သူများနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အလားတူ မွန်းတည့် ၁၂ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် လယ်ဝေး ဒေသခံပြည်သူများတွေ့ဆုံပွဲကို လယ်ဝေးမြို့ သီရိမင်္ဂလာခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဇြမ်းချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံတည်ဆောက်ရာတွင် ပါတီစုံဒီမိုကရေစီစနစ်၊ စေးကွက်စီးပွားရေးစနစ်တို့ဖြင့် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့တည်ဆောက်ရန် ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလက အထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ပါကြောင်း၊ ထိုရွေးကောက်ပွဲရလဒ်များကိုအခြေခံ၍ လွှတ်တော်အသီးသီး ပေါ်ပေါက်လာခဲ့ပါကြောင်း၊ လွှတ်တော်သည် ပြည်သူ့ဆန္ဒ၊ ပြည်သူ့လိုအပ်ချက်များအပေါ် မူတည်၍ နိုင်ငံနှင့်နိုင်ငံသားများ အကျိုးစီးပွားဖြစ်ထွန်းစေမည့် ဥပဒေများကို ပြဋ္ဌာန်းပေးလျက် ရှိပါကြောင်း၊ ပေါ်ပေါက်လာသည့် ဥပဒေများ အတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက ဥပဒေနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ ပြုမူဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများနှင့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများ၊ နေပြည်တော်ကောင်စီဝင်များ၊ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်များ၊ လွှတ်တော်ရုံးမှတာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီဝင်များ၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ်များမှ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

စက်မှုဇုန်ထုတ်မော်တော်ယာဉ် ၁၈၂ စီးအား ကနဦးလိုင်စင်ထုတ်ပေးနိုင်ရန် ကြေ့ခိုင်မှုစတင်စစ်ဆေး

မန္တလေး ဇွန် ၁၄

စက်မှုဝန်ကြီးဌာနနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနတို့ပူးပေါင်း၍ စက်မှုဇုန်ထုတ်မော်တော်ယာဉ် ၁၈၂ စီးအား လိုင်စင်ထုတ်ပေးနိုင်ရန် Moblie Test Lame စက်ဖြင့်ကြေ့ခိုင်မှုစစ်ဆေးခြင်းကို ဇွန် ၁၄ ရက်မှ ၁၉ ရက်အထိ One Stop Service ဖြင့် ကနဦးစစ်ဆေးပေးနေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

မြန်မာနိုင်ငံတွင် တစ်ခုတည်းသာရှိပြီး ငွေကျပ်သိန်း ၇၀၀၀ နီးပါးတန်ဖိုးရှိသည့် Mobile Test Lame စက်ဖြင့် စက်မှုဇုန်ထုတ်ယာဉ်များကို ကြေ့ခိုင်မှုရှိ၊ မရှိအဆင့် ခုနစ်ဆင့်ဖြင့် ကနဦးစစ်ဆေးပေးခြင်းဖြစ်ပြီး အထက်မြန်မာပြည်ရှိစက်မှုဇုန်များမှ ထုတ်လုပ်သည့်ယာဉ်များအားလုံးကိုစစ်ဆေးပေးမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ အင်ဂျင်နီယာမျူးကြီး ဦးဆောင်းကပြောသည်။

"ကြေ့ခိုင်မှုစစ်ဆေးအောင်မြင်တဲ့ကားတွေကို ကနဦးမှတ်တင်ခွင့်ပေးမယ်၊ မအောင်ခဲ့ရင်လည်း ယာဉ်ပိုင်ရှင်တွေမနစ်နာဖို့လိုအပ်တဲ့ အပိုင်းကိုပြင်ခိုင်းပြီး ဒုတိယအကြိမ် ပြန်စစ်ပေးမှာပါ။ အခုကနဦးစက်မှုဇုန်ထုတ်ကားတွေစစ်တာပါ။ သာမန်အချိန် သက်တမ်းတိုးတဲ့ကားတွေထဲမှာ သံသယဖြစ်တဲ့ကားတွေကိုလည်း ကြေ့ခိုင်မှု ရှိ၊ မရှိ စစ်ဆေးသွားမှာပါ"ဟု ၄င်းက ပြောသည်။

ယာဉ်အန္တရာယ်အမျိုးမျိုးရှိသော်လည်း မိမိယာဉ်ချွတ်ယွင်းချက်ကြောင့်သူတစ်ပါးထိခိုက်နစ်နာမှုမရှိစေရန် ယာဉ်များ၏ကြေ့ခိုင်မှုများအားစစ်ဆေးပေးနေခြင်းဖြစ်ကာ ထိုသို့စစ်ဆေးခြင်းအားဖြင့် အများပြည်သူသွားလာနေသည့် လမ်းမပေါ်တွင် ယာဉ်အန္တရာယ်ဖြစ်ပွားမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း ၄င်းကဆိုသည်။

စက်မှုဇုန်များအား စက်မှုဖွံ့ဖြိုးတိုးတက်စေရန် မော်တော်ယာဉ်များစတင်ထုတ်လုပ်ခဲ့ပြီး ၂၀၀၃ ခုနှစ်တွင် ဂျစ်ကားများ စတင်စစ်ဆေးခဲ့ကာ ၂၀၀၅ ခုနှစ်တွင် လိုက်ထရပ်ကားများအား ကြေ့ခိုင်မှုစတင်စစ်ဆေးလာခဲ့ကြောင်း သိရသည်။

အောင်ရဲသွင်

ထူးခြားမြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲတိုင်းထွာချက်အရ မြစ်ကြီးနားမြို့တွင် ၆၆၇ စင်တီမီတာသို့ ရောက်ရှိနေပြီး ၂၄ နာရီအတွင်း ၁၀ ပေခန့် မြင့်တက်ခဲ့သည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်မှ သုံးရက်အတွင်း ဗန်းမော်မြို့နှင့် ကသာမြို့တို့တွင် ရှစ်ပေမှ ကိုးပေခန့်၊ နောက်လေးရက်မှ ခြောက်ရက်အတွင်း မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ခုနစ်ပေမှ ရှစ်ပေခန့်နှင့် နောက်ခုနစ်ရက်မှ ၁၂ ရက်အတွင်း ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟသံ်တမြို့နှင့် ဇလွန်မြို့တို့တွင် ခြောက်ပေမှ ခုနစ်ပေခန့် လက်ရှိ ရေမှတ်များအထက် မြင့်တက်နိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ကြောင်းများတွင် သွားလာကြမည့် ရေယာဉ်၊ လှေ၊ သင်္ဘောများအနေဖြင့် ဂရုပြုသင့်ပါကြောင်းနှင့် မြစ်ရေနည်းစဉ်သဲသောင်ခုံများတွင် စိုက်ပျိုးနေထိုင်ကြသူများအနေဖြင့်လည်း မြစ်ရေရုတ်တရက်တိုးလာနိုင်မှုကို ဂရုပြုနေထိုင်သင့်ပါကြောင်း အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

ထစ်ချုန်းရွာမည်

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

(မိုး/ဇလ)

✻ ကျောဖုံးမှ

မြန်မာအသင်းသည် ဆီးဂိမ်းဗိုလ်လုပွဲသို့ ရှုန်ခုန်ကြာမှ ပြန်လည်တက်ရောက်နိုင်ခြင်းဖြစ်ပြီး ထိုင်းအသင်းမှာ နှစ်ကြိမ်ဆက် တက်ရောက်နိုင်ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ၁၉၇၃ ခုနှစ်တွင် ရွှေတံဆိပ်ရရှိပြီး နောက်ပိုင်းနှစ် ၄၀ ကျော် ဝေးကွာလျက်ရှိပြီး ၁၉၉၃ ခုနှစ်နှင့် ၂၀၀၇ ခုနှစ်တို့တွင် ဗိုလ်လုပွဲသို့တက်ရောက်နိုင်ခဲ့သော်လည်း နှစ်ကြိမ်စလုံး ထိုင်းအသင်းကို အရှုံးပေးခဲ့ရသည်။ ထိုင်းအသင်းသည် ယခုပြိုင်ပွဲ၌ ခြေစွမ်းပြနေသလို ဆီးဂိမ်းရွှေဆုကို (၁၄)ကြိမ်ရယူထားသည့် အသင်းလည်းဖြစ်သည်။

ယခုပြိုင်ပွဲတွင် မြန်မာအသင်း ခြေစွမ်းပြနေခြင်းမှာ ကစားသမားများ၏ စိတ်ဓာတ်နှင့် ကြိုးစားမှု၊ အုပ်ချုပ်သူ ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဦးကြည်လွင်နှင့် နည်းပြအဖွဲ့ဝင်များ၏ စုစည်းမှုကြောင့်ဖြစ်ပြီး ပရိသတ်များ၏ တစ်ခဲနက်အားပေးမှုမှာလည်း အရေးပါလျက်ရှိသည်။ နှစ် ၄၀ ကျော်ကြာ ဝေးကွာနေသည့် ဆီးဂိမ်းရွှေဆုကို မြန်မာအသင်း ပြန်လည်ရယူနိုင်ရန် မြန်မာတစ်မျိုးသားလုံးက ဆန္ဒပြင်းပြလျက်ရှိနေကြသည်။။

သမ္မတဖြစ်လျှင် အမေရိကန်သာမန်ပြည်သူများအတွက် စီးပွားရေးအခွင့်အလမ်းများပန်တီးပေးမည်ဟု ဟီလာရီကလင်တန်ပြောကြား

နယူးယောက် ဇွန် ၁၄

သာမန်အမေရိကန်ပြည်သူများအတွက် တရားမျှတသော လူဘောင်အဖွဲ့အစည်းတစ်ခု ဖြစ်ပေါ်စေရန် ကြိုးစားအားထုတ်မည်ဟု အမေရိကန်သမ္မတလောင်း ဟီလာရီကလင်တန်က ဇွန် ၁၃ ရက်က ကတိပေးခဲ့သည်။ ဒီမိုကရက်တစ်ရွေးချယ်ခံရမှုအတွက် မည်သည့်အခက်အခဲအတားအဆီးမျိုးကိုမဆို ကျော်လွှားမည်ဖြစ်ကြောင်း ပြောခဲ့သည်။ မင်ဟက်တမ်မိုးမျှော်တိုက်များကို နောက်ခံပြုထားသည့် နယူးယောက်ရုစဲ့ဗ်ကျွန်းတွင် ကလင်တန်က မိန့်ခွန်းပြောကြားစဉ် ၄င်းသည် သမ္မတဖြစ်ခဲ့မည်ဆိုပါက ထိပ်ဆုံးရောက်နေသူများကိုမရည်ရွယ်ဘဲ နေ့စဉ်လှုပ်ရှားနေသော အမေရိကန်များကို စီးပွားရေးဖန်တီးပေးမည်ဟု ကတိပေးခဲ့သည်။

၂၀၀၈ ဘဏ္ဍာရေးအကျပ်အတည်းပြီးနောက် အမေရိကန်ပြည်သူများကို စီးပွားရေးပြန်လည်ထူထောင်ရာတွင် ဦးဆောင်ဦးရွက်ပြုရန် ယခင်နိုင်ငံခြားရေးဝန်ကြီးဟောင်းတဖြစ်လဲ ဟီလာရီကလင်တန်က အားပေးခဲ့သည်။ အမေရိကန်ပြည်သူများသည် အမေရိကန်ကို တစ်ဖန်ပြန်လည်ဆောင်ကြဉ်းပေးမည့်သူများဖြစ်ကြောင်း၊ အခုအခါ အမေရိကန်ကို အောင်မြင်မှုများနှင့် ရှေ့ခရီးဆက်နိုင်ရန် ဆောင်ရွက်ဖို့အကောင်းဆုံးအချိန်ရောက်ပြီဖြစ်ကြောင်း ထောက်ခံသူများကို ဟီလာရီကလင်တန်က ပြောခဲ့သည်။

ဟီလာရီကလင်တန်သည် သမ္မတဖြစ်နိုင်ခြေများသော်လည်း လက်ဝဲနိုင်ငံရေးအုပ်စုကို ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဘားမောင့်လ္ဒတ်တော်အမတ်ကလည်း မကြာသေးမီက အိုင်အိုဝါ၌ ပြုလုပ်ခဲ့သောလှုပ်ရှားမှု၌လည်း ပြည်သူများ၏ ထောက်ခံအားပေးမှုကို ရရှိထားသည်။ လာမည့်နှစ် အစောပိုင်းတွင် ပါတီရွေးချယ်တင်မြှောက်မှုများရှိမည်ဖြစ်သည်။ ယခင် အမေရိကန်သမ္မတ ဘီလ်ကလင်တန်၏ဇနီး ဟီလာရီကလင်တန်သည် နာမည်ကောင်းများကို ရရှိထားသူဖြစ်သည်။ မဲဆန္ဒရှင်အများစုက ၄င်းသည် ၄င်းကိုယ်ပိုင်အီးမေးလ်နှင့်ပတ်သက်ပြီး အငြင်းပွားစရာကိစ္စများရှိကြောင်းနှင့် ကလင်တန်ဖောင်ဒေးရှင်းကို နိုင်ငံတကာလျှုဒါန်းမှုနှင့် ပတ်သက်ပြီး ပြစ်တင်ဝေဖန်စရာများရှိသောကြောင့် မယုံကြည်ရကြောင်း ပြသခဲ့သည်။

(ရိုက်တာ)

အမေရိကန်က ဘောလ်တစ်ဒေသ၌ အကြီးစားစစ်လက်နက်များသိုလှောင်ထားရှိသွားမည်

ဝါရှင်တန် ဇွန် ၁၄

ယူကရိန်း၌ ရုရှားတို့ကြားဝင်နှောင့်ယှက်မှုကြောင့် ရတက်မအေးခဲ့ရသော မဟာမိတ်နိုင်ငံများကို ပြန်လည်ယုံကြည်မှုရရှိလာစေရန်နှင့် နောက်ထပ်ကျူးကျော်တိုက်ခိုက်မှုကို ဟန့်တားရန် ဘောလ်တစ်နှင့် အရှေ့ဥရောပနိုင်ငံများတွင် အမေရိကန်က အကြီးစားစစ်လက်နက်များ သိုလှောင်ထားရှိသွားမည်ဟု အမေရိကန်ပြည်ထောင်စုမှ ထိပ်တန်းအရာရှိများက စနေနေ့က ပြောသည်။

ပင်တဂွန်စစ်ဌာနချုပ်သည် တပ်ဖွဲ့ဝင် ၅၀၀၀အတွက် တင့်ကားများ၊ ခြေလျင်တိုက်ခိုက်ရေးယာဉ်များနှင့် လက်နက်ကြီးများ သိုလှောင်ရန် လုပ်ဆောင်မည်ဖြစ်ကြောင်း နယူးယောက်တိုင်းမ်စ်သတင်းစာ၌ ဖော်ပြချက်ကို အာဏာပိုင်များက အရေးကြီး စစ်လက်နက်များကို မိမိတို့ အရင်တပ်ဆင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ် မတ်လက ယူကရိန်းပိုင် ခရိုင်းမီးယားဒေသကို ရုရှားနိုင်ငံအတွင်း သွတ်သွင်းလိုက်ခြင်းကြောင့် ဥရောပမဟာမိတ်နိုင်ငံများက စိတ်ပျက်လက်ပျက်ဖြစ်ခဲ့ရာ ယုံကြည်မှုပြန်လည်တည်ဆောက်ရန် ကြိုးပမ်းသည့်အနေဖြင့် ဘရပ်ဆဲလ်၌ ယခုလတွင် ကျင်းပမည့် နေတိုးကာကွယ်ရေးဝန်ကြီးများ တွေ့ဆုံပွဲမတိုင်မီ အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာနှင့် အိမ်ဖြူတော်က လက်နက်ကြီးများ သိုလှောင်သည့် အစီအစဉ်ကို အဆိုပြုကမ်းလှမ်းသွားမည်ဖြစ်ကြောင်း နယူးယောက်တိုင်းမ်စ်သတင်းစာ၌ ဖော်ပြထားသည်။

(ရိုက်တာ)

တောင်ကိုရီးယားမားစ်ရောဂါ ဖြစ်ပွားမှု ၁၄၅ ဦးရှိလာ

ဆိုးလ် ဇွန် ၁၄

တောင်ကိုရီးယားနိုင်ငံ၌ အရှေ့အလယ်ပိုင်းအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ(မားစ်)ဖြစ်ပွားမှုမှာ မေ ၂၀ ရက်က စတင်ဖြစ်ပွားပြီး ကတည်းက ထပ်မံဖြစ်ပွားသူ ခုနစ်ဦးနှင့်အတူ စုစုပေါင်း ၁၄၅ ဦးအထိ ရှိသွားပြီဖြစ်ကြောင်း တောင်ကိုရီးယားကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

အသစ်ဖြစ်ပွားသူလေးဦးတွင် မေ ၂၇ ရက်က ဆမ်ဆောင်းဆေးရုံ၌ သုံးရက်ကြာ ထိတွေ့မှုရှိသည့် ၁၄ ဦးမြောက် လူနာထံမှ ကူးစက်ခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ အသက် ၄၂ နှစ်အရွယ် ၁၄၁ ဦးမြောက် အမျိုးသားလူနာသည် အဆိုပါ ဆမ်ဆောင်းဆေးရုံသို့ လူနာတစ်ဦးအား အဖော်အဖြစ် လိုက်ပါပို့စဉ် ကူးစက်ခံရခြင်းဖြစ်သည်ဟု ဆိုသည်။ ဆမ်ဆောင်းဆေးရုံ၌ အဆိုပါ မားစ်ရောဂါ ကူးစက်မှု ၇၂ ဦးအထိ ရှိသွားပြီဟု ဆိုသည်။ လူနာများ အားလုံးကို အရေးပေါ်ကုသရေး အခန်းများ၌ ထားရှိကုသပေးလျက်ရှိသည်။ အသက် ၃၇ နှစ်အရွယ်ရှိ ၁၄၅ ဦးမြောက် လူနာသည် ၇၆ ဦးမြောက် လူနာအား လူနာတင်ယာဉ်အတွင်း အရေးပေါ် ကယ်ဆယ်ရေးလုပ်သားအဖြစ် လုပ်ကိုင်ပေးခဲ့သူဖြစ်သည်။

အဆိုပါ လူနာတင်ယာဉ်မှ ယာဉ်မောင်းသည်လည်း စနေနေ့က မားစ်ရောဂါဖြစ်ပွားနေကြောင်း အတည်ပြုနိုင်ခဲ့သည်။ **(ဆင်ဟွာ)**



တရုတ်အနောက်တောင်ပိုင်း၌ ကိုးထပ်အဆောက်အအုံပြိုကျ

ကွီရန် ဇွန် ၁၄

စနေနေ့ နံနက်အစောပိုင်းက တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ် ကွန်ယိမြို့ရှိ လူနေအဆောက်အအုံတစ်လုံး ပြိုကျပျက်စီးခဲ့ရာ လူလေးဦးကို ကယ်ဆယ်ခဲ့ရပြီး အသေအပျောက်ရှိ မရှိ မသိရသေးကြောင်း ဒေသတွင်းပြည်သူ့ရေးရာဌာနမှ သိရှိရသည်။

ဟွန်ဟွာဂန်ရပ်ကွက်ရှိ ရန်အန်လမ်းပေါ်မှ ကိုးထပ်အဆောက်အအုံဟောင်းသည် ယနေ့နံနက် ၆ နာရီက ပြိုကျခဲ့သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ခဲ့ကာ ကယ်ဆယ်ရေးများဆက်လက်ဆောင်ရွက်လျက်ရှိပြီး အဆောက်အအုံ ပြိုကျရသည့်အကြောင်းရင်းကို မသိရှိရသေးပေ။ **(ဆင်ဟွာ)**

တောင်ဆူဒန်နိုင်ငံသားပေါင်း ၁၄၀၀၀ ကျော် ဆူဒန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း ကုလပြောကြား

ခါတွမ် ဇွန် ၁၄

ရေနံကြွယ်ဝချမ်းသာသော တောင်ဆူဒန်နိုင်ငံတွင်လွန်ခဲ့သည့် နှစ်ပတ်ကျော်မှစ၍ အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့မှုကြောင့် ဆူဒန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်မှုများရှိခဲ့ရာ ယခုအခါ လူပေါင်း ၁၄၀၀၀ ကျော်သွားပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီက စနေနေ့တွင် ပြောကြားသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ဒေသတွင်းဒုက္ခသည်များဆိုင်ရာ ညှိနှိုင်းဆောင်ရွက်သူ Ann Encontre က ထွက်ပြေးတိမ်းရှောင်လာသူများကိစ္စကို အရေးပေါ်တကာ့အရေးပေါ် အခြေအနေတစ်ရပ်အနေဖြင့် စဉ်းစားရမည်ဟု ပြောဆိုခဲ့သည်။

တောင်ဆူဒန်နိုင်ငံသားထွက်ပြေးတိမ်းရှောင်လာသူအများစုမှာ အမျိုးသမီးများနှင့် ကလေးသူငယ်များဖြစ်ပြီး နိုင်းမြစ်အထက်ပိုင်းနှင့် ညီညွတ်ရေးနယ်မြေများရှိ ရေနံကြွယ်ဝသည့် ဒေသများတွင် လွန်ခဲ့သည့်နှစ်ပတ်အတွင်း အကြမ်းဖက်ဖြစ်ပွားမှုများကြောင့် ထွက်ပြေးလွတ်မြောက်လာခဲ့သူများ ဖြစ်ကြသည်။

ဆူဒန်အနေဖြင့် တောင်ဆူဒန်နိုင်ငံမှ ထွက်ပြေးလာသော လူပေါင်း ၁၅၇၀၀၀ ကျော်ကို ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများက နေရာချပေးထားသည်။ ထွက်ပြေးတိမ်းရှောင်လာသူများကို မပြည့်မစုံနှင့် ထောက်ပံ့နေရကြောင်း အသံများထွက်ပေါ်နေသည်။

တောင်ဆူဒန်နိုင်ငံအနေဖြင့် ၂၀၁၁ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှစတင်ပြီး သမ္မတဆဲလ်ဗာကီယာ၏ သစ္စာတော်ခံတပ်များနှင့် ယခင်လက်ထောက် ရစ်ခ်မာချာ ဦးဆောင်သည့် ပြည်ပြေး ထွက်ပြေးတိမ်းရှောင်သူများကြားတွင် တိုက်ပွဲများဖြစ်ခဲ့ကြသည်။

အဆိုပါတိုက်ပွဲများကြောင့် ထောင်နှင့်ချီသော တောင်ဆူဒန်နိုင်ငံသားများ သေဆုံးခဲ့ရပြီး လူပေါင်း ၁ ဒသမ ၉ သန်း အိုးအိမ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

(ဆင်ဟွာ)

ကျောက်စိမ်းတူးဖော်သည့်လုပ်ငန်းအချို့ကို စည်းကမ်းကြေပ်မတ်ပေးရန် ဒေသခံများလိုလားနေ

ဖားကန့် ဇွန် ၁၄

ကချင်ပြည်နယ် ဖားကန့်ဒေသ ကျောက်စိမ်းရှာဖွေရေး လုပ်ကွက် အချို့တွင် စည်းကမ်းမဲ့တူးဖော်နေသဖြင့် တွင်းနက်ကြီးများ ဖြစ်ပေါ်လျက်ရှိကာ မိုးကာလတွင် မြေပြိုခြင်းနှင့် ရေကြီးခြင်းများ ဖြစ်လာနိုင်သဖြင့် ဒေသခံပြည်သူတို့ စိုးရိမ်ပူပန်လျက်ရှိကြောင်း သိရသည်။

"နှစ်ကြာလာပြီး ကျောက်စိမ်းရှာဖွေရေးလုပ်ကွက်တွေ တိုးလာတော့ နေရာအနှံ့မှာ ပေ ၄၀၀၊ ပေ ၅၀၀ လောက် တွင်းနက်ကြီးတွေ ဖြစ်လာတယ်။ မိုးရွာသွန်းမှုများလာရင် အဲဒီ တွင်းနက်ကြီးတွေမှာ ရေတွေလျှံတက်လာတယ်။ တစ်တွင်းနဲ့ တစ်တွင်း မဆက်မိအောင် ဆောင်ရွက်ထားသူတွေရှိသလို ဆောင်ရွက်မှုမရှိဘဲ နေရာပြောင်းရွှေ့သွားကြတဲ့ ကုမ္ပဏီတွေလည်းရှိတယ်။ မိုးတွင်းကာလမှာ ဥရုချောင်း ရေကြီးရေလျှံလာရင် ကျောက်စိမ်းရှာပြီး မြေစာစွန့်ပစ်ထားတဲ့ မြေစာပုံတွေ ပြိုကျတာနဲ့ တွင်းတွေ ရေလျှံတာတွေကြောင့် မြို့နယ်ကျေးရွာတွေ ရေဘေးဒုက္ခကြုံရတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။ ဖားကန့်ဒေသ၌ ထိုသို့ကျောက်စိမ်းတူးဖော်မှုကြောင့် မြေတွင်းများနှင့် မြေစာပုံများ ပြိုကျကာ ကျောက်စိမ်းတူးဖော်သူအချို့ မြေပြိုကျမှုကြောင့် အသက်ဆုံးရှုံးရမှုများလည်း ရှိနေကြောင်း ဒေသခံအချို့၏ ပြောကြားချက်အရ သိရသည်။

ကျောက်စိမ်း ရှာဖွေသော အသေးစား လုပ်ငန်းရှင်များအနေဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှု လျော့နည်းစေရန်အတွက် စွန့်ပစ်မြေစာများကို ပြန်လည်ပြုပြင်ခြင်း၊ အမြစိမ်းသစ်ပင်များ စိုက်ပျိုးခြင်း စသည့် ဒေသဖွံ့ဖြိုးရေး အထောက်အကူပြု လုပ်ငန်းများလုပ်ရန် နိုင်ငံတော်က လမ်းညွှန်ထားကြောင်း သိရသည်။

သို့သော် နေရာအနှံ့တွင် ဘက်ဟိုးကားများဖြင့်တူးဖော်ကာ ကျောက်စိမ်းရရှိရေး ဆောင်ရွက်နေကြသဖြင့် တွင်းကျယ်ကြီးများ ဖြစ်ပေါ်နေပြီး တွင်းများအတွင်း၌လည်း မိုးရေနှင့် စိမ့်စမ်းရေများ ပြည့်လျှံလု မတတ်ဖြစ်နေသဖြင့်ချောင်းရေကြီးခြင်းနှင့် မိုးရွာသွန်းမှုများခြင်းတို့ဖြစ်လာပါက ဘေးအန္တရာယ် ကျရောက်လာနိုင်သောကြောင့် သက်ဆိုင်ရာ တာဝန်ရှိများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့များက ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပေးကြရန်ဒေသခံပြည်သူများက လိုလားနေကြကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

အရှိန်မထိန်းနိုင်သော ခရီးသည်တင်မှန်လုံယာဉ်က ရှေ့မှမောင်းနှင်နေသည့် ခရီးသည်တင်ယာဉ်အား ဝင်ရောက်တိုက်မိ

နေပြည်တော် ဇွန် ၁၄

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ရန်ကုန်-မန္တလေး အမြန်လမ်းမိုင်တိုင်အမှတ်(၁၂၅/၃-၄)ကြားတွင် ဇွန် ၁၁ ရက် ည ၉ နာရီခွဲက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မှ မန္တလေးသို့ မကွေးတိုင်းဒေသကြီး မင်းဘူးမြို့သန့်ပခါးတောရပ်နေ အောင်ကျော်မျိုး(၄၅ နှစ်) မောင်းနှင်လာသော 8G/----ခရီးသည်တင် မှန်လုံယာဉ်က ရှေ့မှ ရှမ်းပြည်နယ် ရပ်စောက်မြို့ မြို့ကုန်းရပ်ကွက်နေ ငြိမ်းမောင်(၄၁နှစ်) မောင်းနှင်နေသည့် 5D/---- ခရီးသည်တင် မှန်လုံယာဉ်၏ နောက်ပိုင်းကို အရှိန် မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် ယာဉ်နှစ်စီးလုံး လမ်းယာဘက် မြေသားလမ်းပေါ်သို့ ရောက်ရှိရပ်တန့်ခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ အေးချစ်မြိုင် ခရီးသည်တင်ယာဉ်၏ ရှေ့လေကာ မှန်ကွဲ၊ ရှေ့ခေါင်းပိုင်းပိန်ချိုင့်၍ တန်ဖိုးငွေကျပ် ၁၅ သိန်းခန့်နှင့် "E.S.E" ခရီးသည်တင်ယာဉ်၏ နောက်ပိုင်းပိန်ချိုင့်၊ ပန်ကာအုံကျိုး၍ တန်ဖိုးငွေကျပ် ၁၀ သိန်းခန့် ပျက်စီးဆုံးရှုံးခဲ့ပြီး ယာဉ်မဆင်မခြင် မောင်းနှင်သူ အောင်ကျော်မျိုးအား ဗောဓိကုန်း အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ခမောက်ကြီးမြို့နယ်တွင် ဖောက်ထွင်းမှုဖြစ်ပွား

ခမောက်ကြီး ဇွန် ၁၄

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် အမှတ်(၁)ရပ်ကွက် ကော့သောင်း-ဘုတ်ပြင်း အဝေးပြေးလမ်းမကြီးဘေးရှိ ဈေးဆိုင်အိမ်တွင် ဇွန် ၇ ရက်က ဖောက်ထွင်းခိုးယူမှုတစ်ခု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အဆိုပါဈေးဆိုင်အိမ်တွင် နံနက် ၄ နာရီခန့်က အိမ်ပိုင်ရှင်၏ မိခင်ဖြစ်သူက အိမ်နောက်ဘက်ဘေးရေမြောင်းအတွင်း၌ အစိမ်းရောင် သံသေတ္တာတစ်လုံးကို သော့ရိုက်ဖျက်ထားပြီး ပွင့်လျက်အနေအထားဖြင့် တွေ့ရှိရသဖြင့် အိမ်သားများအား နှိုး၍ကြည့်ရှုရာ အိမ်အတွင်း ဖောက်ထွင်းခံထားရခြင်းဖြစ်ကြောင်း သိရသည်။

ဖောက်ထွင်းမှုတွင် အိပ်ခန်းအတွင်း ထားရှိသည့် အဆိုပါ သံသေတ္တာအတွင်း၌ ရွှေဆွဲကြိုး၊ ရွှေလက်စွပ်၊ ရွှေလေ့ကတ်သီး၊ ရွှေနားကပ်၊ စိန်နားကပ်၊ ဟန်းဖုန်း စသည့်အဖိုးတန်ရွှေထည်ပစ္စည်းမျိုးစုံ ထည့်သွင်းသိမ်းဆည်းထားခြင်းဖြစ်ပြီး ခန့်မှန်း စုစုပေါင်းတန်ဖိုး ငွေကျပ် ၃၃၀၀၀၀၀၀ ခန့် ဖောက်ထွင်းခိုးယူပျောက်ဆုံးခြင်းခံရကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ခမောက်ကြီးနယ်မြေခံရဲတပ်ဖွဲ့စခန်းက ဖောက်ထွင်းခိုးယူသူအား အမြန်ဆုံး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မုန်းချောင်းအတွင်း အမျိုးသား အလောင်းတွေ့ရှိ

ရေတာရည် ဇွန် ၁၄

ဇွန် ၁၀ ရက် ညနေ ၆နာရီက ကျောက်ကြီးမြို့နယ် မုန်းချောင်းအတွင်းမှ အမျိုးသားအလောင်းတစ်လောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

ထိုအလောင်းမှာ ဦးကြည်လွင် (၅၄ နှစ်) သောင်လယ်ကျေးရွာ နေသူဖြစ်ကြောင်း၊ ၎င်းသည် စိတ်ဝေဒနာခံစားနေရသူဖြစ်ပြီး ဇွန် ၉ ရက်ကတည်းက ပျောက်ဆုံးနေသည့်အတွက် မိသားစုက လိုက်လံရှာဖွေနေခြင်းဖြစ်ကြောင်း၊ ၎င်းတွင် ပြင်ပဒဏ်ရာများ မတွေ့ရှိရကြောင်း သိရ၍ မုန်းနယ်မြေ ရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

မီးရထားပေါ်၌ တရားမဝင်ကျွန်းသစ်များနှင့် အခြားသစ်မာများ ပိုင်ရှင်မဲ့ဖမ်းဆီးရမိ

တောင်တွင်းကြီး ဇွန် ၁၄

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ မီးရထားဖြင့် တရားမဝင် တင်ဆောင်လာသော ကျွန်းသစ်များ၊ အခြားသစ်မာများကို ပိုင်ရှင်မဲ့အဖြစ် မကြာခဏ ဖမ်းဆီးရမိနေကြောင်း သိရသည်။

တရားမဝင်သစ်များ တင်ဆောင်လာသော မီးရထားအား ရပ်တန့်စစ်ဆေးခြင်းကို တောင်တွင်းကြီးမြို့နယ် ဆတ်သွားကျေးရွာ ဘူတာရပ်ဝန်းတွင် အများဆုံးပြုလုပ်ခဲ့ပြီး ဖမ်းဆီးခြင်း၊ သက်သေခံပစ္စည်း သိမ်းဆည်းခြင်းများကိုလည်း တစ်ပါတည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အခြားဘူတာများ ဖြစ်သည့် တောင်တွင်းကြီး၊ ကုက္ကိုကုန်း၊ အိုးပေါက်ဘူတာများတွင်လည်း ရပ်တန့်စစ်ဆေးခြင်း၊ ဖမ်းဆီးခြင်းများ ရှိသော်လည်း အကြိမ်ရေနည်းပါးကြောင်း သိရသည်။

"ကျွန်တော်တို့ ဆတ်သွားဘူတာမှာ ပျဉ်းမနား-တောင်တွင်းကြီး အမှတ်(၁၀၃)အစုန် လော်ကယ်ရထားပေါ်မှာ တင်လာတဲ့ တရားမဝင်ကျွန်းဖားတုံးဖမ်းဆီးခြင်းက တစ်လမှာ ငါးကြိမ်လောက် စစ်ဆေးဖမ်းဆီးရမိနေတာ သုံးနှစ်ကျော်လောက်ရှိပါပြီ။ မီးရထားပေါ်ကို ဒီပစ္စည်းတွေ စတင်တဲ့အချိန်ကတည်းက တာဝန်ရှိသူတွေ မသိကြတာလား၊ မရှိကြတာလား။ တကယ်လို့ ဒီတရားမဝင်ကျွန်းဖားတုံးတွေစပြီး တင်တာကို မသိလိုက်ရင်လည်း ရထားပေါ်ရောက်တဲ့အချိန် သိလိုက်ပြီဆိုကတည်းက တာဝန်ရှိဝန်ထမ်းတွေက ဥပဒေနဲ့မကိုက်ညီရင် သက်ဆိုင်ရာ ဌာနတာဝန်ရှိသူ အဆင့်ဆင့်ကို အချိန်နဲ့တစ်ပြေးညီ သတင်းပေးပို့တာတို့၊ ဖမ်းတာတို့ လုပ်သင့်တယ်။ နောက်ပြီး ဖမ်းဆီးတဲ့အချိန်မှာလည်း ဒီပစ္စည်းတွေကို ပိုင်ရှင်မဲ့ဆိုပြီး ဖမ်းဆီးနေရတာဆိုတော့ တရားမဝင်

လုပ်နေသူတွေက ပိုပြီးအတင့်ရဲလာတယ်"ဟု ဖမ်းဆီးရာတွင် သက်သေအဖြစ် လိုက်ပါဆောင်ရွက်နေသည့် ဆတ်သွားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မင်းလတ်က ပြောကြားခဲ့သည်။

"အခုလို သစ်ဖမ်းဆီးတဲ့အခါ ပိုင်ရှင်မဲ့ဖြစ်သွားရတာက သစ်လုပ်တဲ့ကုန်သည်ပွဲစားကြီးတွေတင် မဟုတ်ဘူး၊ မိသားစုစားဝတ်နေရေးအတွက် သစ်တုံးတစ်တုံး၊ နှစ်တုံးကို တစ်နိုင်တစ်ပိုင်လုပ်ကြသူတွေက လေးငါးခြောက်ယောက်လောက် ရှိတယ်ဆိုတော့ ဖမ်းဆီးတဲ့အချိန်မှာ ပိုင်ရှင်ကို မေးရင် မည်သူမည်ဝါမပြောကြတော့ဘဲ ကိုယ့်လမ်းကိုယ် ဆက်ထွက်သွားကြတော့တာလေ။ သစ်တုံးတစ်တုံး၊ နှစ်တုံးနဲ့ ပြဿနာဖြစ်မှာစိုးလို့ ရှောင်ထွက်သွားတော့ ပိုင်ရှင်မဲ့ဖြစ်သွားရတာပါ"ဟု မီးရထားဖြင့် အမြဲတမ်းသွားလာနေသူ ခရီးသည်တစ်ဦးက ၎င်းတွေ့ကြုံခဲ့ရသည့် အခြေအနေအချို့ကို ပြောကြားခဲ့သည်။

ဗိုလ်ပြည့်(တောင်တွင်းကြီး)

အပြောစကားပြေအစဉ်အလာ(၈)

မောင်ခင်မင်(ဓနုဖြူ)

"ကုန်းဘောင်ခေတ်က စာတွေမှာရော အပြောမှာ သုံးတဲ့စကားတွေ ပိုများမလာဘူးလား"

"အင်း. . . . ကုန်းဘောင်ခေတ်ဟာ စာမျိုးစုံ ထွန်းကားတဲ့ခေတ်ဆိုတော့ စကားပြေတွေ အရင်က ထက်ပိုများပါတယ်။ ကဗျာတွေကတော့ ဒုါ့ထက် ပိုများတာပေါ့ဗျာ။ ဒါပေမယ့် ညောင်ရမ်းခေတ် တုန်းကလိုပဲ စကားပြေထဲမှာ အပြောစကားသိပ်မပါ သေးဘူး။ ပြဇာတ်မှာတော့ တော်တော်ပါနေပြီ။ ကဗျာဆိုရင်လည်း ခံ့ခံ့ညားညားရေးတဲ့ ပျို့၊ မော်ကွန်း၊ ဧချင်း၊ ရတုစတဲ့ ကဗျာတွေမှာ အပြောစကားမပါ ဘူးဗျ။ သာမန်ပြည်သူတွေအကြောင်းရေးတဲ့ လွမ်း ချင်းတို့၊ ဗုံကြီးသံတို့၊ ကောက်စိုက်သီချင်းတို့လို ကဗျာတွေမှာ အပြောစကားတွေ တော်တော်ပါနေပါ ပြီ"

"နေပါဦးဗျ၊ တေးထပ်တွေမှာလည်း အပြောစကား တွေပါနေပြီထင်တယ်။ ဦးပုညရဲ့ တေးထပ်တစ်ပုဒ် မှာ 'မချိလို့ပေါ်'တဲ့ သွားတောင်မှ၊ ရယ်သလား မေးကြ လေတယ်'လို့ အပြောစကားနဲ့ ရေးထားတယ်မဟုတ် လား"

"ဟုတ်ပါတယ်ဗျာ၊ ဦးပုညရဲ့ ပေ့ါပေ့ါပါးပါးကဗျာ တွေမှာ အပြောဟန်တွေပါနေပါပြီ။ ပြဇာတ်တွေမှာ ဆိုရင်လည်း ဇာတ်ကောင်စကားတွေက ခုခေတ်ပြောပုံ ဆိုပုံနဲ့ တော်တော်တူနေပါပြီ။ ဆယ်တန်းမှာသင်ရတဲ့ ရေသည်ပြဇာတ်ကိုကြည့်ပါလား။ 'ပြာတောင်ကြီး ပေါက်ကရော့၊ ပြောင်မြောက်အောင်မွဲနိုင်တဲ့ ငါ့ကိုယ် နော်' ဆိုတဲ့ စကားမျိုးတွေပါနေပြီလေ"

"ငါ ငယ်ငယ်ကကျက်ဖူးတဲ့ ဝိဇယပြဇာတ်ထဲက ဝိဇယမင်းသားပြောဆိုတဲ့ စကားမှာလည်း အပြော စကားတွေပါတယ်ထင်တယ်။ 'မြက်ခင်းလဲ့လဲ့ နှင်း တွဲ့တွဲ့မှာ သင်းဖွဲ့လို့နေကြတယ်' ဆိုတာလေ"

"ဟုတ်ပါတယ်။ ဦးဆောင်းရေးတဲ့ လွမ်းချင်း တစ်ပုဒ်မှာ မိန်းကလေးတစ်စု လက်ပံပွင့်သွားကောက် ကြဖို့ ပြောနေပုံကို ဖွဲ့ထားတာကြည့်လေ"

"ညော့. . . ကျွန်တော်ရတယ်။ 'လာဟေ့ ဌား၊ သွားကောက်ချေစို့၊ ပွင့်ခြောက်ကယ်အနားလံ၊ ဆက်ရက် ကယ်ညံ၊ ပင်လက်ပံ ကြွေချိန်ကျပြီမို့၊ မိဇံလှ နင်လိုက်ဦးမလား' တဲ့၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ၊ ဟုတ်ပါတယ်။ မိဌားတို့၊ မိဇံလှ တို့ဆိုတဲ့ မိန်းကလေးတွေ အချင်းချင်းပြောဆိုနေကြ တဲ့စကားသံတွေကို ဖွဲ့ထားတာပဲလေ"

"စာသံပေသံနဲ့ရေးတဲ့ ကဗျာမျိုးတွေမှာတောင် အပြောစကားသံကလေးတွေ ပါနေတတ်တယ်ဗျ။ လှိုင်ထိပ်ခေါင်တင်ရေးတဲ့ စိန်ခြူးကြာညောင် ဘောလယ် ကိုကြည့်ပါလား။ 'စိန်ခြူးကြာညောင် လရောင်လင်းပါ လို့၊ မှန်ရွှေပြတင်းရယ်က မယ်ခုမျှော်'တဲ့၊ 'သုံးချက် စည်တော် ရိုက်ဆော်ညှင်းတယ်လေ၊ လင်းပြန်လုနော်' တဲ့၊ လင်းပါလို့'တို့၊ 'မယ်ခုမျှော်'တို့၊ 'လင်းပြန်လုနော်' တို့ဆိုတာ အပြောစကားသံကလေးတွေ မဟုတ်လား ဗျာ"

"ဟုတ်ပါတယ်။ အဲဒီလိုပဲ၊ ဦးစီရေးတဲ့ ဗုံကြီးသံ များမှာဆိုရင် 'လုပ်ရတယ်တဲ့ ကိုင်ရတယ်၊ မောင်ကြီး ထွန်ကိုဖြုတ်ရင် ပျိုးနုတ်ရတယ်'တဲ့။ ပြီးတော့ 'ထမင်း က ညှဲ့လိုက်တာ၊ မသေရုံချဉ်ပေါင်ဟင်းနဲ့၊ ဟင်းမျိုရှာရ' တဲ့ဗျ"

"ဒီတော့ ထင်ရှားတဲ့အချက်တစ်ချက်က အရေးနဲ့ အပြော သိသိသာသာ ကွဲပြားပြီးတဲ့နောက်မှာလည်း အပြောစကားကို မပစ်ပယ်ဘဲ စာတွေပေတွေထဲမှာ သင့်တော်ရာရာ ထည့်သုံးကြတဲ့အစဉ်အလာက အခိုင် အမာရှိခဲ့ပါတယ်ဆိုတဲ့ အချက်ပဲပေါ့ကွာ"

"ဟုတ်ပါတယ်။ ထင်ရှားတဲ့သာဓက တစ်ခုပြရရင် စာပေကျမ်းဂန်နှံ့စပ်ကျွမ်းကျင်တဲ့ လယ်တီဆရာတော် ဘုရားကြီးတောင် အပြောစကားကိုမပစ်ပယ်ဘဲ ဆီလျော်တဲ့ နေရာမျိုးမှာ ထိထိမိမိသုံးပါတယ်ဗျာ"

"ဘယ်စာထဲမှာလဲဗျ"

"မောင်သြဇာဆိုတဲ့ တပည့်ကိုဆုံးမတဲ့ တေးထပ် တစ်ပုဒ်ရှိတယ်ဗျ။ ကာမဂုဏ်အာရုံတွေနဲ့ အချိန်ကုန်နေ တဲ့ အဲဒီတပည့်ကိုဆုံးမရာမှာ တေးထပ်အဆုံးမှာ သုံးပုဒ် ဆင့်ပြီး အဆုံးသတ်ထားပုံကလေးလေ။ ခင်ဗျားတို့ဖတ်ဖူး မှာပါ"

"ပြောပါကွာ"

"ခွင့်သာခိုက်ကမှ မလိုက်ချင်လျှင်၊ အမိုက်နင့်ပြင် ရှိသေးလေလိမ့်လား။ ခွင့်သာဆဲကမှ မခဲချင်လျှင်၊ အလွဲနင့်ပြင် ရှိသေးလေလိမ့်လား။ ခွင့်သာတုန်းကမှ မရုန်းချင်လျှင် အရှုံးနင့်ပြင်ရှိသေးလေလိမ့်လား" တဲ့ဗျ။

"ဆရာတော်ကြီးက တပည့်ကို ပြောဆိုဆုံးမနေတဲ့ အသံပေါ်နေတယ်နော်။ ထိထိမိမိလည်းရှိတယ်"

"အဲဒီလိုအပြောစကားတွေကို ဆီလျော်ရာနေရာမှာ သုံးရင်းနဲ့ ကိုလိုနီခေတ်ဦးပိုင်းမှာ အဲဒီတုန်းက ကာလ ပေါ်ဝတ္ထုလို့ခေါ်တဲ့ ခေတ်ဝတ္ထုတွေ ပေါ်ပေါက်လာတဲ့ အခါ ဝတ္ထုတွေထဲမှာ ဇာတ်ဆောင်တွေရဲ့ ပြောစကားတွေ ကိုအပြောစကားပြေနဲ့ တွင်တွင်ကျယ်ကျယ်ရေးလာကြ တာပေါ့ဗျာ"

"အဲဒီဇာတ်ဆောင်ပြောစကားတွေကိုလည်း အစော ပိုင်းမှာတော့ အရေးစကားပြေနဲ့ ရေးတာမျိုးရှိတယ် ထင်ပါရဲ့"

"ဟုတ်ပါတယ်။ အစောပိုင်းဝတ္ထုတွေဖြစ်တဲ့ 'မောင်ရင် မောင် မမယ်မ'တို့ 'ချဉ်ပေါင်ရွက်သည် မောင်မှိုင်း'တို့လို ဝတ္ထုတွေမှာတော့ ဇာတ်ဆောင်ပြောစကားတွေကို အရေးစကားပြေနဲ့ စာသံပေသံပါပါရေးတာမျိုးတွေ ရှိပါတယ်။ အဲ. . ဆရာကြီးရွှေဥဒေါင်းတို့၊ ဆရာကြီး ပီမိုးနင်းတို့ရဲ့ ဝတ္ထုတွေမှာကျတော့ ဇာတ်ဆောင်ပြော စကားတွေဟာ တကယ်စကားပြောတာနဲ့ တူလာပါပြီ။ အပြောစကားပြေ ပီပီသသဖြစ်လာပါပြီဗျာ"

"ဟုတ်လား၊ အဲဒီလောက်စောရဲ့လား"

"ဟုတ်ပါတယ်ဗျာ။ ခင်ဗျားတို့နဲ့ပြောရအောင် ကျွန်တော်အဆင်သင့်ရှာထားပါတယ်။ ဒါက ဆရာကြီး ရွှေဥဒေါင်းရဲ့ ရန်ကြီးအောင်ဝတ္ထု။ ဆရာကြီး ပထမဆုံး ရေးတဲ့ ဝတ္ထုရှည်ပဲ။ ၁၉၁၇ ခုနှစ်မှာ ထွက်တာ။ အဲဒီမှာ ကြည့်။ ကျွန်တော်ဖတ်ပြမယ်။ ခင်မောင်ညွှန့်နဲ့ မနှင်း မြိုင်တွေ့ကြပုံကိုရေးထားတာ။ ဇာတ်ကြောင်းပြောရာ မှာတော့ 'ခင်မောင်ညွှန့်မှာလည်း . . . မနှင်းမြိုင်အား ပြောစကားကို ကွဲကွဲပြားပြား ဖော်ပြနေပါပြီ"

"ဆရာကြီး ပီမိုးနင်းရဲ့ဝတ္ထုတွေလည်း အဲဒီလိုကွဲကွဲ ပြားပြားရေးတာပေါ့နော်"

"ဟုတ်ပါတယ်ဗျာ။ ဟောဒီမှာဆရာကြီးရဲ့ 'နေရိရိ' ဝတ္ထု၊ ၁၉၂၀မှာ ထွက်တာ။ ဇာတ်ဆောင်ပြောစကား တွေက အပြောစကားပြေပီပီသသပါပဲဗျာ"

"ဟုတ်ပါပြီကွာ။ တို့အေးအေးဆေးဆေး ဖတ်ကြည့် ပါ့မယ်။ ဇာတ်ကြောင်းပြောတဲ့ အပိုင်းတွေကတော့ အရေးစကားပြေနဲ့ပဲ ရေးတာပေါ့နော်"

"ဟုတ်ပါတယ်ဗျာ။ စကားအဖြစ် အခုမပြောတော့ ပေမယ့် အစဉ်အဆက်ရေးခဲ့တဲ့ ရေးပုံမျိုးကို လေးလေး စားစားဆက်လက်ထိန်းသိမ်းတဲ့သဘောပါပဲ"

"ဝတ္ထုတွေမှာ အဲဒီလို ဇာတ်ကြောင်းပြောတဲ့အပိုင်း နဲ့ ဇာတ်ဆောင်ပြောတဲ့ စကားအပိုင်းမှာ အရေး စကားပြေနဲ့အပြောစကားပြေကို ခွဲခြားပြီးရေးတဲ့ အစဉ်အလာဟာ ဆရာကြီးရွှေဥဒေါင်းတို့၊ ဆရာကြီး ပီမိုးနင်းတို့ရဲ့ ဝတ္ထုတွေကစပြီး အခုအချိန်အထိ တွင်တွင်ကျယ်ကျယ်ရှိနေတုန်းပါပဲ။ ဒါပေမယ့် ၂၀ ရာစု နှောင်းပိုင်းဆိုပါတော့။ ၁၉၆၀ ကျော်၊ ၁၉၇၀ ဝန်းကျင် ကစပြီး ဝတ္ထုတွေမှာ စာရေးဆရာရဲ့ဇာတ်ကြောင်း ပြန် စကားရော၊ ဇာတ်ဆောင်ပြောစကားရော အပြောစကား ပြေနဲ့ ရေးလာကြတော့ အခုဆို အဲဒီရေးပုံမျိုးလည်း တော်တော် တွင်ကျယ်လာပြီဆိုတာ ခင်ဗျားတို့ အသိ ပဲလေ"

"ဝတ္ထုတင်မကပါဘူးကွာ။ ဒီနေ့စာအုပ် စာနယ်

အရေးနဲ့အပြော သိသိသာသာကွဲပြားပြီးတဲ့ နောက်မှာလည်း အပြောစကားကို မပစ်ပယ်ဘဲ စာတွေပေတွေထဲမှာ သင့်တော်ရာရာ ထည့်သုံးကြ တဲ့အစဉ်အလာက အခိုင်အမာရှိခဲ့ပါတယ်

များစွာ ချစ်ခင်ကြင်နာသနားလှသောမျက်နှာဖြင့် ငေး၍ ကြည့်ပြီးလျှင်'တဲ့။ အရေးစကားပြေနဲ့ စာသံပေသံအတိုင်း ရေးထားတယ်။ အဲ. . . . ခင်မောင်ညွှန့်ပြောတဲ့စကား ကျတော့။ "နှမဒီလောက်နေမကောင်းမှန်း မသိရပါဘူးဗျာ။ သိလို့ရှိရင် စောစောကြီးကလာပါရဲ့" တဲ့။ အပြော စကားပြေဖြစ်သွားပြီလေ။ မနှင်းမြိုင်ပြန်ပြောတဲ့ စကားကျတော့လည်း 'ကျွန်မဒီလိုဖျားနေမှန်းသိလို့ရှိရင် မောင်မောင်ခဏာခဏာလာမှာပဲလား' ဟု အသံသဲ့သဲ့ဖြင့် မေးလေ၏တဲ့။ ဇာတ်ကြောင်းပြန်စကားနဲ့ ဇာတ်ဆောင် ဇင်းတွေကြည့်ရင် ဟောပြောချက်တွေ၊ အင်တာဗျူးတွေ၊ ဆွေးနွေးခန်းတွေ၊ ပေးစာတွေသာမက တရားဟောစာ တွေပါ အပြောစကားပြေနဲ့ တွင်တွင်ကျယ်ကျယ်ရေး နေကြပြီ မဟုတ်လားကွာ"

"ဟုတ်ပါတယ်ဗျာ။ ဒါကြောင့် အပြောစကားပြေ ရဲ့ အစဉ်အလာကို ကျွန်တော်တို့ ခုလို အလေးအနက် ဆွေးနွေးနေကြရတာပေါ့။ အင်း. . . နောက်တစ်ကြိမ် လောက်ဆက်ဆွေးနွေးရင် ပုံပေါ်လောက်ပြီထင်ပါရဲ့ ဗျာ"။

ပန်းမောက်မြို့နယ် အရှေ့ကုန်းကျေးရွာတွင် ရေကြီးရေလျှံမှုဖြစ်ပွား

ဗန်းမောက် ဇွန် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက် မြို့နယ်မံအင်-မင်းတုန်းကျေးရွာအုပ်စု အရှေ့ကုန်းကျေးရွာတွင် ဇွန် ၁၂ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီထိ ရွာသွန်းခဲ့သောမိုးကြောင့် ချောင်းကြီး ချောင်းတွင်ရေကြီး ရေလျှံမှုဖြစ်ပွားခဲ့ ကြောင်း သိရသည်။

အဆိုပါ မိုးရွာသွန်းမှုကြောင့် နန့်ကဆားချောင်း၊ ကတောင်ချောင်း၊ ချောင်းဆုံချောင်း၊ ကျွဲကောချောင်း၊ သဖန်းချောင်း၊ ပါထွန်ချောင်း၊ ကျောက်ဆည်ချောင်းတို့သည် အဆို ပါ ချောင်းကြီးချောင်းအတွင်းသို့ စီးဝင်မှုကြောင့် ချောင်းကြီးချောင်းမှာ ညနေ ၃ နာရီမှစ၍ရေများတက်လာ ကာ သရက်ကုန်းကူးဆိပ်စျေးတန်း နှင့် နောင်ယောစျေးတန်းလူနေအိမ် များရေနစ်ခဲ့သည်။ သရက်ကုန်း ကူးဆိပ်စျေးတန်း ကူးတို့စက်လှေ ဂိတ်မှ စက်တပ်မော်တော်တစ်စင်း ရေစီးထဲမျောပါခဲ့ရာ ပြန်လည် ဆယ်ယူနိုင်ခဲ့ကြောင်း၊ သရက် ကုန်းရွာ ကူးဆိပ်စျေးတန်း လူနေအိမ် ၃၀ ခန့် ရေနစ်မှုကြောင့် ဘေးလွတ် ရာသို့ ပြောင်းရွှေ့ခဲ့ရကြောင်း၊ အရှေ့ကုန်းရွာ နောင်ယောစျေးတန်း ရှိ စျေးဆိုင်တန်းနှင့်လူနေအိမ်အလုံး ၁၀၀ ခန့်ရေနစ်ခဲ့သော်လည်း ထိခိုက် ပျက်စီးဆုံးရှုံးမှု တစ်စုံတစ်ရာမရှိ ခဲ့ကြောင်း သိရသည်။ အဆိုပါ ချောင်းကြီးချောင်းရေမှာ ဇွန် ၁၃ ရက် နံနက် ၃ နာရီတွင် ပြန်လည် ကျဆင်းခဲ့သည်။

ရေကြီးရေလျှံမှုဖြစ်ရာ နေရာ များတို့ အရှေ့ကုန်းကျေးရွာ အထောက် အကူပြုကော်မတီဝင်များ သရက် ကုန်းကူးဆိပ်ရွာ၊ စျေးတန်းလူငယ် အဖွဲ့နှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ ဝင်များ၊ ရပ်မိရပ်ဖများက ကယ်ဆယ် ရေးလုပ်ငန်းများ၊ ပြန်လည်နေရာ ချပေးရေးလုပ်ငန်းများကို ဝိုင်းဝန်း ဆောင်ရွက်ခဲ့ကြကြောင်းနှင့် ဇွန် ၁၂ရက် တစ်ရက်တာစက်လှေကူးတို့ ဖြတ်သန်းသွားလာမှုကို ရပ်ဆိုင်းခဲ့ ရပြီး ဇွန် ၁၃ ရက် နံနက် ၈ နာရီမှ စတင်ကာ စက်လှေခရီးစဉ်များကို ပြန်လည်ပြေးဆွဲခဲ့ကြောင်း သိရသည်။

နီတိုး

ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေးအသိပညာပေးဟောပြော

ဖလမ်း ဇွန် ၁၄

ချင်းပြည်နယ် ဖလမ်းမြို့မှ ကိုယ်ဝန်ဆောင်မိခင်များအား ကျန်းမာရေး အသိပညာပေးဟောပြောခြင်းကို ဇွန် ၁၂ ရက်က မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ဖလမ်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်က ကိုယ်ဝန်ဆောင်မိခင်များ သိသင့်သိထိုက် သည့်အချက်များ၊ သတိပြုရန်၊ ရှောင်ရန်၊ ဆောင်ရန်အချက်များကို ရှင်းလင်း ဆွေးနွေးသည်။ ထို့နောက် ရှင်းလင်းဆွေးနွေးချက်များအပေါ် ကိုယ်ဝန် ဆောင်မိခင်များကို သိရှိနားလည်အောင် သဘောပေါက်မှုအခြေအနေကို ပြန်လည်မေးမြန်းဖြေကြားပေးပြီး ကိုယ်ဝန်ဆောင်မိခင် ၂၀ တို့ကို ဆပ်ပြာ မှုန့်နှင့် အိုင်အိုဒင်းဆားများကို လျှုဒါန်းပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်းရေး ဆွေးနွေး

ဂန့်ဂေါ ဇွန် ၁၄

ဂန့်ဂေါမြို့နယ် ရဲတပ်ဖွဲ့နယ်မြေအတွင်း မူးယစ်ဆေးဝါးအန္တရာယ်ကင်းရှင်း စေရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေးဆွေးနွေးပွဲကို ဇွန် ၉ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက မူးယစ် ဆေးဝါးအန္တရာယ်ကင်းရှင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်း ရေး၊ တရားမဝင်ယာဉ်များ စစ်ဆေးကြပ်မတ်ရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူတို့၏ တင်ပြ ချက်များကို ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

(၁၀၁)



သတ္တုလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးဆောင်ရွက်

နေပြည်တော် ဇွန် ၁၄

သတ္တုတွင်း ဝန်ကြီးဌာနနှင့် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေး အသင်းတို့ ပူးပေါင်းကျင်းပသည့် သတ္တုတွင်းလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော် သတ္တုတွင်းဝန်ကြီးဌာန သိရိရတနာခန်းမ၌ ဇွန် ၁၂ ရက် နံနက် ၉ နာရီက ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်က ပြောကြားရာ၌ ဝန်ကြီးဌာနနှင့်အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော သတ္တုတွင်း လုပ်ငန်းရှင်များအား ဝန်ကြီးဌာနအပါအဝင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှုများ၊ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများအား အသိပေးလိုခြင်းနှင့် ပြဋ္ဌာန်းထားသော သတ္တုတွင်းဥပဒေဆိုင်ရာ လိုက်နာရမည့် အချက်အလက်များ သိရှိစေရန်၊ တည်ဆဲပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေဆိုင်ရာ သိကောင်းစရာများ ပိုမိုသိရှိနိုင်စေရန်၊ မြန်မာနိုင်ငံမှလက်ရှိဆောင်ရွက်နေသည့် EITI ဆိုင်ရာ သိကောင်းစရာများနှင့် အရပ်ဘက်အဖွဲ့အစည်းများကြား အပြုသဘောဆောင်သောဆက်ဆံရေးတည်ဆောက်ရန်နှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်များကို ဆွေးနွေးကြနိုင်စေဖို့ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေး ဥက္ကဋ္ဌဦးဝင်းမျိုးသူ၊ သတ္တုတွင်းဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးကျော်ဆန်းနိုင်၊ စိမ်းလန်းအမိမြေ ဖွံ့ဖြိုးတိုးတက်ရေး အသင်းမှ ဒေါ်တာရာမောင်၊ ဦးသီဟ ထွန်းတို့ကဆွေးနွေးတင်ပြကြသည်။

(သတင်းစဉ်)

စိတ္တရမဟီအိမ်ရာစီမံကိန်း မူလနေထိုင်သည့်ဝန်ထမ်းများ ပြန်လည်နေရာချထားပေးမည်

နေပြည်တော် ဇွန် ၁၄

မန္တလေး တိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်တွင် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် စိတ္တရမဟီအိမ်ရာစီမံကိန်း၌ ယခင်အိမ်ရာအဟောင်းတွင် နေထိုင်ခဲ့ကြသည့် ဌာနပေါင်းစုံမှ ဝန်ထမ်းများအား အသစ်ပြန်လည်တည်ဆောက်ပြီးသည့် စိတ္တရမဟီ အိမ်ရာတွင် ပြန်လည် နေရာချထားပေးရေးအတွက် တွေ့ဆုံညှိနှိုင်းခြင်းအခမ်းအနားကို ဇွန် ၁၂ရက် နံနက်က ယင်းစီမံကိန်း ရှင်းလင်းဆောင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်ကစိတ္တရ မဟီအိမ်ရာသည် ၁၉၅၁ ခုနှစ်က ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၆၀ရှိကာ သက်တမ်းလွန် အဆောက်အအုံများဖြစ်၍ လူနေရန် မသင့်လျော်တော့သည့်အပြင် အမြင် မတင့်တယ်တော့သည့် အဆောက်အအုံများဖြစ်၍ နိုင်ငံတော်အကြီးအကဲ ထံသို့ မှတ်တမ်းများဖြင့် တင်ပြခဲ့ပြီး လမ်းညွှန်မှုနှင့်အညီ မန္တလေးမြို့ စိတ္တရမဟီအိမ်ရာ စခန်းအား စံနမူနာပြတည်ဆောက်ရန် စီစဉ်ခဲ့ပါကြောင်း၊ တည်ဆောက်ရေးကာလ အတွင်း ကုမ္ပဏီများအား တွန်းအားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ကုမ္ပဏီများကလည်း လမ်းညွှန်မှုများကို လိုက်နာလျက် ကြိုးကြိုးစားစား ဆောင်ရွက်ခဲ့ကြသဖြင့် ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ ဝန်ထမ်းမိသားစုများကို ကျောင်းဖွင့်ချိန်အမီ ဝါတွင်းကာလမရောက်မီနှင့် မိုးဖြိုင်ဖြိုင် မရွာသွန်းမီ ဝန်ထမ်းများ၏ လိုအပ်ချက်ကို အမြန်ဆုံး ဖြည့်ဆည်းပေးရန် ဖြစ်ပါကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စိတ္တရမဟီအိမ်ရာ စီမံကိန်း အဆောက်အအုံများသို့ ဓာတ်လှေကားဖြင့် တက်ရောက်၍ ဝန်ထမ်းမိသားစုအိမ်ခန်းများ ဖွဲ့စည်းထားရှိမှု၊ အခန်းပြင်ဆင် ထားရှိမှုဖြစ်သည့် ဧည့်ခန်း၊ အိပ်ခန်း၊ မီးဖိုချောင်၊ သန့်စင်ခန်း၊ ရေ၊ မီး သွယ်တန်းထားရှိမှု၊ မီးဘေးလုံခြုံမှုအတွက် တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပိုစတာများလိုက်လံချိတ်ဆွဲ

ညောင်လေးပင် ဇွန် ၁၄

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို ပိုစတာများ လိုက်လံချိတ်ကပ်ခြင်းကို ဇွန် ၈ ရက် နံနက် ၁၁နာရီမှ ညနေ ၃နာရီအထိ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျောင်းများ၊ မြို့မစျေး၊ မီးရထားဘူတာရုံနှင့် လူစည်ကားရာနေရာများ၌ အသိပညာပေးဆိုင်းဘုတ်များ လိုက်လံချိတ်ကပ်ခဲ့သည်။

ထိုသို့ အသိပညာပေးဆိုင်းဘုတ်များ လိုက်လံချိတ်ကပ်ရာတွင် ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သီဟ၊ ပဲခူးတိုင်းဒေသကြီးတပ်ဖွဲ့ (၃၆)မူးယစ်တပ်ဖွဲ့မှ ဒုရဲမှူး ကိုကိုလေး၊ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာမြင့်သန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများစုပေါင်း၍ မြို့ပေါ်ရပ်ကွက် (၅) ရပ်ကွက်အတွင်းရှိ စာသင်ကျောင်းများ၊ ရုံးဌာနများ၊ မီးရထားဘူတာရုံနှင့် ကားဂိတ်များ၊ ထင်သာမြင်သာရှိသော နေရာများ၌ မူးယစ်ဆေးဝါးအသိပညာပေးလက်ကမ်းစာစောင်များ၊ ပိုစတာများကို လိုက်လံချိတ်ဆွဲခြင်း၊ ဖြန့်ဝေခြင်းများပြုလုပ်ခဲ့ကြကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ရမည်းသင်းမြို့နယ် မြို့လှရွာ လျှပ်စစ်မီးလင်းရေး ငွေကျပ် သိန်း ၁၀၀ ပေးအပ်လျှုဒါန်း

ရမည်းသင်း ဇွန် ၁၄

ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးလုပ်ငန်းအတွက် အလျှုငွေပေးအပ်သည့် အခမ်းအနားကို ဇွန် ၁၂ ရက်က မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စု မြို့လှရွာ တောင်ကျောင်းတိုက် ဒက္ခိဏာရာမမဟာမုနိဘုရားကြီး အာရုံခံတန်ဆောင်း၌ကျင်းပရာ အလျှုရှင်မိသားစုများ၊ ရပ်မိရပ်ဖများ၊ ရပ်ရွာအုပ်ချုပ်ရေးမှူး၊ အထောက်အကူပြုအဖွဲ့၊ ရာအိမ်မှူးများ၊ မီးလင်းရေးကော်မတီများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ဗန်းမော်မြို့နေ ကိုဇော်မျိုးဦး၊ မဖော်လုထုမိုင် မိသားစုက မြို့လှရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးအတွက် အလျှုငွေကျပ် သိန်း ၁၀၀ ပေးအပ်လျှုဒါန်းရာ မီးလင်းရေးကော်မတီကလက်ခံယူခဲ့ကြောင်း သိရသည်။

အတ်ကလေး(ရမည်းသင်း)

အထက်မြန်မာပြည် ဓာတ်ပုံအသင်းနှစ်ပတ်လည်ဓာတ်ပုံပြိုင်ပွဲကျင်းပ

မန္တလေး ဇွန် ၁၄

အထက်မြန်မာပြည် ဓာတ်ပုံအသင်း၏ (၄၃)ကြိမ်မြောက် မြန်မာနိုင်ငံလုံးဆိုင်ရာ နှစ်ပတ်လည် ဓာတ်ပုံပြိုင်ပွဲကျင်းပရာ အနယ်နယ် အရပ်ရပ်မှ ဓာတ်ပုံဝါသနာရှင် ၆၀က ပြိုင်ပွဲဝင်ဓာတ်ပုံပေါင်း ၇၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ပြိုင်ပွဲဝင် ဓာတ်ပုံများကို ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးစိုးမင်း (အောင်သီဟ)၊ အတွင်းရေးမှူး ဦးစစ်သွေးကျော်နှင့် ဓာတ်ပုံပညာရှင်များက တစ်ကဏ္ဍချင်းရွေးချယ်ပေးကြသည်။

ဆုရရှိသူများမှာ ရှုချင်စဖွယ်ဆေးရောင်စုံကဏ္ဍ၌ ပထမဆု ကျော်ဇောလေး၊ ဒုတိယဆု မင်းမင်းထွန်း၊ တတိယဆု ထွန်းထွန်း (မိုးသောက်ကြယ်)နှင့် နှစ်သိမ့်ဆု သုံးဆု၊ ရှုချင်စဖွယ်အဖြူ အမည်းကဏ္ဍ၌ ပထမဆု မျိုးမင်းကြွယ် (ရွှေတောင်ကြား)၊ ဒုတိယဆု ကျော်ဇောလေး၊ တတိယဆု ခန့်ဇော်နှင့် နှစ်သိမ့်ဆု သုံးဆု၊ လူပုံသဏ္ဌာန်၌ ပထမဆု ဇေမျိုးထက်၊ ဒုတိယဆု ထွန်းထွန်း (မိုးသောက်ကြယ်)၊ တတိယဆု ချိုချိုမြင့် (စီးပွားရေး)နှင့် နှစ်သိမ့်ဆု သုံးဆု၊ စိတ်ကြိုက်ဒစ်ဂျစ်တယ်ကဏ္ဍ၌ ပထမဆု ထွန်းထွန်း (မိုးသောက်ကြယ်)၊ ဒုတိယဆု ကျော်သူရ (ကောင်းကင်ပြာ)၊ တတိယဆု ဦးအေးကို (Art) နှင့် နှစ်သိမ့်ဆု သုံးဆု၊ ညအလင်းကဏ္ဍ၌ ပထမဆု ဝင်းမင်းနိုင် (NPL)၊ ဒုတိယဆု မင်းမင်းထွန်း၊ တတိယဆု ကျော်ပိုလ်ပိုလ်ဟန်နှင့် နှစ်သိမ့်ဆု သုံးဆု၊ Photo Essay (Daily Life) ကဏ္ဍ၌ ပထမဆု ခင်မောင်လွင် (မင်းဘူး)၊ ဒုတိယဆု ဇော်မင်းလတ် (ရေဝတီ)၊ တတိယဆု ကျော်သန်း (ပွင့်လန်း-ပင်လောင်း) နှင့်နှစ်သိမ့်ဆု သုံးဆုရရှိကြသည်။

၂၀၁၄ခုနှစ်အတွက် အကောင်းဆုံး ဓာတ်ပုံပညာရှင်ဆုအား ကျော်ဇောလေးက ရရှိသွားကြောင်း သိရသည်။ **အောင်ကျော်ထွန်း (ပုသိမ်ကြီး)**

နိုင်ငံဘက်စုံ တည်ဆောက်စို့
မှန်မှန်ကန်ကန် အခွန်ပေးစို့

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဆိုလျှင်...

မောင်သုတ(ဥပဒေ)

ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံဖွဲ့စည်းသည့်ပုံစံများ

နိုင်ငံတကာရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသည့်အခါပုံစံအမျိုးမျိုးရှိကြောင်း တွေ့ရှိရပါသည်။ တစ်မျိုးမှာ စည်းမျဉ်းခံဘုရင်စနစ် (Constitutional Monarchy) ဖြစ်ပြီး ဘုရင်သည် နိုင်ငံ၏အကြီးအကဲ Head of State ဖြစ်ပါသည်။ ဘုရင်၏အောက်တွင် အုပ်ချုပ်ရေးအကြီးအကဲ အဖြစ် ဝန်ကြီးချုပ်ကိုခန့်အပ်၍ အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်စေပြီး ပါလီမန်သည် အာဏာအရှိဆုံးဖြစ်ပြီး နိုင်ငံ၏ အထွတ်အထိပ် ဖြစ်ပါသည်။

ယင်းပုံစံမျိုးကို အင်္ဂလန်နိုင်ငံတွင် စတင်ကျင့်သုံးခဲ့ပြီး Parliamentary Government ဟု ခေါ်ဆိုပါသည်။ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံကြ၍ အနိုင်ရရှိပါက အစိုးရအဖွဲ့ဖွဲ့ပြီး ဝန်ကြီးချုပ်သည် ပါတီ၏အကြီးအကဲ သို့မဟုတ် ပါတီဝင်တစ်ဦးဖြစ်သည့်ပြင် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးလည်း ဖြစ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်ဝန်ကြီးများသည်လည်း ပါတီလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နိုင်ပါသည်။ ယင်းပုံစံမျိုးကို မလေးရှား၊ စပိန်၊ ဘယ်လ်ဂျီယံနိုင်ငံများတွင် ကျင့်သုံးပါသည်။

အခြားပုံစံတစ်မျိုးမှာ Republic Model သမ္မတနိုင်ငံပုံစံဖြစ်ပါသည်။ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အကြီးအကဲဖြစ်ပြီး အာဏာသုံးရပ်အချင်းချင်း အပြန်အလှန်ထိန်းကျောင်းခြင်းကို အဓိကထားသည့်စနစ်ဖြစ်ပြီး Presidential System ဟုလည်း ခေါ်ဆိုကြပါသည်။ တရုတ်နိုင်ငံသည် သမ္မတစနစ်ကျင့်သုံးပြီး People's Republic ဟု ခေါ်ဆိုပါသည်။ Republic Model တွင် နိုင်ငံတော်သမ္မတသည် လွှတ်တော်အမတ်ဖြစ်ပါက လွှတ်တော်အမတ်အဖြစ်မှ နုတ်ထွက်ရပါသည်။ ယင်းစနစ်မျိုးကို အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ လာအို၊ ပြင်သစ်၊ ဂျာမနီ စသည့်နိုင်ငံများတွင် ကျင့်သုံးပါသည်။

ယင်းစနစ်နှစ်ခု၏ကြားတွင် ပါကစ္စတန်နိုင်ငံကဲ့သို့ သမ္မတစနစ်ကျင့်သုံးသည့် နိုင်ငံလည်းရှိပါသည်။ ယင်းစနစ်မျိုးတွင် သမ္မတအား လုပ်ပိုင်ခွင့်များပေးအပ်ထားကာ သမ္မတ၏အောက်တွင် Cabinet ရှိပြီး Cabinet ကို ဝန်ကြီးချုပ်က ဦးဆောင်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် သမ္မတစနစ်ကျင့်သုံးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်သည့်အတွက် Republic Model ဖြစ်သည်ဟု ဆိုနိုင်သော်လည်း သမ္မတစနစ် စစ်စစ်ကျင့်သုံးသည်လည်းမဟုတ်၊ ပါလီမန်စနစ်စစ်စစ် ကျင့်သုံးသည်လည်းမဟုတ်၊ အင်္ဂလန်ကျင့်သုံးသည့်စနစ်နှင့်လည်းမတူ၊ အမေရိကန်ကျင့်သုံးသည့်စနစ်နှင့်လည်း မတူညီသဖြင့် ပညာရှင်များက Presidential Hybrid System ဟု ခေါ်ဆိုကြပါသည်။ အုပ်ချုပ်ရေးစနစ်တွင် ပြည်ထောင်စုပိုင်းကို အမေရိကန်စနစ်မှယူထားသည်ဟု ဆိုနိုင်သော်လည်း အမေရိကန်စနစ် စစ်စစ်လည်း မဟုတ်၊ သမ္မတ၏ လုပ်ပိုင်ခွင့်ကို လျှော့ချထားသည်ဟု ဆိုနိုင်ပါသည်။ ဥပမာအားဖြင့် အမေရိကန်သမ္မတ၏ ဥပဒေကြမ်းတစ်ခုကိုပယ်ချနိုင် Pocket Veto ကျင့်သုံးခွင့်မျိုးမရရှိပါ။ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတများနှင့် ပြည်ထောင်စုဝန်ကြီးများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ်မှ နုတ်ထွက်ရသည်ပြင် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် မိမိတို့ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်မရှိပါ။

တိုင်းဒေသကြီးနှင့်ပြည်နယ်ပိုင်းတွင် အိန္ဒိယ၏စနစ်ကိုယူထားပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရကို ဖွဲ့စည်းပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်ကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များထဲက ရွေးချယ်ခြင်းဖြစ်သဖြင့် ဝန်ကြီးချုပ်သည် လွှတ်တော်ကိုယ်စားလှယ်မှ နုတ်ထွက်ရန်မလိုဘဲ တာဝန်ထမ်းဆောင်ခွင့်ရှိပါသည်။ ပါတီတာဝန်များကိုလည်း ထမ်းဆောင်ခွင့်ရှိပါသည်။ သို့ဖြစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) သည် Presidential System ကိုအခြေခံသည့် Presidential Hybrid System ဖြစ်သည်ဟု ဆိုခြင်းဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၏ သမိုင်းအစ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေသည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းအခြေအနေကို အကြောင်းပြု၍ အချိန်ယူရေးဆွဲပြဋ္ဌာန်းခဲ့သည့် အခြေခံဥပဒေဖြစ်ပါသည်။ အမျိုးသားညီလာခံကို ၁၉၉၃ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ တစ်ကြိမ်၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ တစ်ကြိမ်ကျင်းပ၍ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များအစုအဖွဲ့၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့ အစရှိသည့် လူထုလူတန်းစားအလွှာအသီးသီးမှ အစုအဖွဲ့ရှစ်ဖွဲ့၏ ကိုယ်စားလှယ်များက ဆွေးနွေးညှိနှိုင်း၍ လုပ်ငန်းကော်မတီမှစုစည်းကာ အခြေခံမူ၊ အသေးစိတ်အခြေခံမူများကို ချမှတ်ပေးခဲ့ခြင်းဖြစ်ပါသည်။ ညီလာခံက ချမှတ်ပေးသော အခြေခံမူများကို အခြေခံပြီး အဖွဲ့ဝင် ၅၄ ဦး ပါဝင်သည့် အခြေခံဥပဒေရေးဆွဲရေးကော်မရှင်က ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲ၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး မြို့နယ် ၂၇၈ မြို့နယ်တွင် ပြည်သူ့ဆန္ဒခံယူခဲ့ရာ ထောက်ခံသည့် ရာခိုင်နှုန်းမှာ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၏ ၁၅-၅-၂၀၀၈ ရက်စွဲပါကြေညာချက် အမှတ် ၁၀/၂၀၀၈ ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းနှင့်ရောဝတီတိုင်းအတွင်းရှိ မြို့နယ်ပေါင်း ၄၇ မြို့နယ်အတွက် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ထောက်ခံသည့် ရာခိုင်နှုန်းမှာ ၉၂ ဒသမ ၉၃ ရာခိုင်နှုန်းဖြစ်ကြောင်းကို ပြည်လုံးကျွတ်ဆန္ဒခံ ယူပွဲကျင်းပရေးကော်မရှင်၏ ၂၆-၅-၂၀၀၈ ရက်စွဲပါ ကြေညာချက်အမှတ် ၁၁/၂၀၀၈ ဖြင့်လည်းကောင်း၊ ပြည်ထောင်စုတစ်ဝန်းလုံးတွင်ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်မှာ ထောက်ခံသည့် ရာခိုင်နှုန်း ၉၂ ဒသမ ၄၈ ရာခိုင်နှုန်းဖြစ်ကြောင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၏ ၂၆-၅-၂၀၀၈ ရက်စွဲပါ ကြေညာချက်အမှတ် ၁၂/၂၀၀၈ ဖြင့်လည်းကောင်း တရားဝင်ကြေညာ၍ အတည်ပြုခဲ့သည့်ဥပဒေတစ်ရပ်ဖြစ်ပါသည်။

အမျိုးသားညီလာခံကချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များသည် လူထုလူတန်းစားအလွှာအသီးသီးမှ ပေါက်ဖွားလာသောပြည်သူတို့၏ နိုင်ငံရေးဆန္ဒ (Political Will) ဖြစ်သဖြင့် မမေ့အပ်သည့်သမိုင်းကြောင်းမှတ်တိုင်များဖြစ်ပါသည်။ အမျိုးသားညီလာခံကြီးတွင် အစုအဖွဲ့ရှစ်ဖွဲ့က ခေါင်းစဉ်အလိုက်သုံးသပ်ညှိနှိုင်းဆွေးနွေးမှုများကို အမျိုးသားညီလာခံကြီးကျင်းပရေးဆိုင်ရာမှတ်တမ်းတွင် ဖော်ပြထားရှိပါသည်။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင် နိုင်ငံတကာမှ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေနှင့်ကိုက်ညီစေရန် အသေးစိတ်အခြေခံမူများ ချမှတ်၍ ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။

ထို့ကြောင့် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့်လည်းကောင်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်းကောင်း တူညီခြင်းမရှိဘဲ မိမိနိုင်ငံ၏ယဉ်ကျေးမှုဓလေ့ထုံးစံနှင့်ဖြတ်သန်းခဲ့သော သမိုင်းကြောင်းကိုအခြေခံ၍ ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်သဖြင့် ယင်းသမိုင်းဖြစ်စဉ်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်အခါ လျစ်လျူရှု၍ မရနိုင်သည့် သမိုင်းကြောင်းမှတ်တိုင်များ ဖြစ်ကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှစ်ရပ်

ယင်းဥပဒေကြမ်းနှစ်ရပ်အားလေ့လာရာ တစ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ (က)အရ ပြင်ဆင်ရမည့်အပိုင်းဖြစ်ပြီး ပုဒ်မခွဲ ၆ ခုကို ပြင်ဆင်ထားကြောင်း တွေ့ရပါသည်။ တစ်ရပ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ (ခ)အရ ပြင်ဆင်ရမည့်အပိုင်းဖြစ်ပြီး ပယ်ဖျက်သည့်ပုဒ်မ ၃၃၊ ပယ်ဖျက်သည့်ပုဒ်မခွဲ ၇ ခု၊ ပြင်ဆင်သည့် ပုဒ်မ ၆ ခု၊ ပြင်ဆင်သည့်ပုဒ်မခွဲ ၂၄ ခု၊ ပြင်ဆင်သည့် ခေါင်းစဉ် ၃ ခုတို့ပါဝင်ကြောင်း တွေ့ရှိပါရသည်။ အဓိကကျမည်ထင်သည့် ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍ မိမိ၏တွေ့ရှိချက်များကို တင်ပြလိုပါသည်။

အုပ်ချုပ်ရေး

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၀ ပါ နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်သည့် ပြဋ္ဌာန်းချက်အနက်မှ ပုဒ်မခွဲ(ဂ)ကို ပြင်ဆင်ခြင်းဖြစ်ပါသည်။ ယခင်ပြဋ္ဌာန်းချက်အရ သမ္မတရွေးချယ်တင်မြှောက်ရေးအဖွဲ့တစ်ဖွဲ့စီသည် ဒုတိယသမ္မတတစ်ဦးစီကို **လွှတ်တော်ကိုယ်စားလှယ်များထဲမှဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သူများထဲမှဖြစ်စေ ရွေးချယ်တင်မြှောက်ရပါသည်။** ပြင်ဆင်သည့် ပြဋ္ဌာန်းချက်အရ အစုအဖွဲ့တစ်ဖွဲ့စီက ဒုတိယသမ္မတတစ်ဦးစီကို ပြည်ထောင်စုလွှတ်တော်ရှိ ရွေးကောက်တင်မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များထဲကသာ ရွေးချယ်တင်မြှောက်ရမည်ဖြစ်ရာ လွှတ်တော်ကိုယ်စားလှယ်မဟုတ်သည့်ပုဂ္ဂိုလ်များ၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များကို ဒုတိယသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခွင့်ရရှိတော့မည်မဟုတ်ပါ။ ထိုသို့ဆိုပါက တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် တပ်မတော်တွင်တာဝန်ထမ်းဆောင်နေသူများနှင့် အသိပညာရှင်အတတ်ပညာရှင်များသည် ဒုတိယသမ္မတအဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိတော့မည်မဟုတ်ပါ။

၂။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆၂၊ ၆၃ နှင့် ၆၄ တို့ကို ပယ်ဖျက်ထားကြောင်း တွေ့ရှိရပါသည်။ ယင်းသို့ပယ်ဖျက်ပါက နိုင်ငံတော်သမ္မတ သို့မဟုတ် ဒုတိယသမ္မတများသည် လွှတ်တော်ကိုယ်စားလှယ်ဖြစ်လျှင် လွှတ်တော်ကိုယ်စားလှယ်မှ နုတ်ထွက်ရန်မလိုသကဲ့သို့ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်လည်း မိမိရာထူးသက်တမ်းအတွင်း ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်ခြင်းရှိမည်ဖြစ်ပါသည်။

ထိုသို့ဆိုပါက နိုင်ငံတော်အကြီးအကဲနှင့် နိုင်ငံတော်အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတသည်လည်းကောင်း၊ နိုင်ငံတော်ကို ကိုယ်စားပြုသည့် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများသည်လည်းကောင်း အုပ်ချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်စဉ်တစ်ချိန်တည်းမှာပင် ဥပဒေပြုရေးလုပ်ငန်းများဆောင်ရွက်သည့် လွှတ်တော်များတွင် လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိမည်ဖြစ်ရာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပါ "ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ နှင့်တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်း" ဆိုသည့် အခြေခံမူနှင့် ညီညွတ်မှုရှိမည်မဟုတ်သည့်ပြင် နိုင်ငံတော်ကို ကိုယ်စားပြုသည့် နိုင်ငံခေါင်းဆောင်များသည် ပါတီနိုင်ငံရေးများကိုပါ ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်သဖြင့် ပါတီနိုင်ငံရေးနှင့် အမျိုးသားနိုင်ငံရေး ရောထွေးမှုများ ဖြစ်လာနိုင်ပါသည်။ လွှတ်တော်အတွင်း၊ အစိုးရအဖွဲ့အတွင်းတွင် ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများ ဖြစ်ပေါ်လာနိုင်ပါသည်။

ထို့အတူ ပြင်ဆင်သည့်ဥပဒေကြမ်းအရ ပြည်ထောင်စုရှေ့နေချုပ်မှအပ ပြည်ထောင်စုဝန်ကြီးများခန့်အပ်ရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များထဲမှ ရွေးချယ်ရမည်ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှနုတ်ထွက်ရန် မလိုအပ်တော့သကဲ့သို့ နိုင်ငံရေးပါတီတစ်ခု၏ အဖွဲ့ဝင်ဖြစ်လျှင်လည်း ရာထူးသက်တမ်းအတွင်း ယင်းပါတီအဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ရရှိမည်ဖြစ်ပါသည်။ ယင်းသည် Republic နိုင်ငံမှ Parliamentary စနစ်သို့ ကူးပြောင်းရာရောက်မည်ဖြစ်ပါသည်။

၃။ မူလဖွဲ့စည်းပုံ အခြေခံဥပဒေတွင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို နိုင်ငံတော်သမ္မတကရွေးချယ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏သဘောတူညီချက်ရယူခြင်းဖြစ်သော်လည်း ပြင်ဆင်သည့် ဥပဒေကြမ်းအရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်က ဆန္ဒမဲဖြင့် ရွေးချယ်ပြီး ယင်းရွေးချယ်သည့် လွှတ်တော်ကိုယ်စားလှယ်ကို သမ္မတက ခန့်အပ်တာဝန်ပေးအပ်ရမည်ဖြစ်ပါသည်။

နိုင်ငံ၏အုပ်ချုပ်ရေးအကြီးအကဲဖြစ်သည့် သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်၏သဘောတူညီချက်ဖြင့် ခန့်ထားခြင်းသည် အုပ်ချုပ်ရေးကဏ္ဍနှင့် ဥပဒေပြုရေးကဏ္ဍတို့၏ အာဏာကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းမူကို ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်ပါသည်။ အာဏာတစ်ခုနှင့်တစ်ခု ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်းသည် အာဏာသုံးရပ်တို့ တစ်ခုနှင့်တစ်ခု စွက်ဖက်ချုပ်ကိုင်မှုမရှိစေရန် ရည်ရွယ်ခြင်းဖြစ်ပါသည်။

တရားစီရင်ရေး

၄။ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူလပြဋ္ဌာန်းချက်တွင် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအား ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် နိုင်ငံတော်သမ္မတကတာဝန်ပေးခန့်အပ်ရပါသည်။ ယင်းသည် အာဏာသုံးရပ်၏ အပြန်အလှန်ထိန်းကျောင်းသည့် မူသဘောဖြစ်ပါသည်။

သမ္မတစနစ်ကို ဦးတည်သည့်ပြဋ္ဌာန်းချက်များတွင် ပါလီမန်စနစ်ကို ဦးတည်သည့် ပြဋ္ဌာန်းချက်များထည့်သွင်းမည်ဆိုပါက မူလအခြေခံထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ ပုံစံပျက်သွားနိုင်သည်ကိုလည်း အထူးဂရုပြုရန်လိုအပ်

ပြင်ဆင်သည့်ဥပဒေကြမ်းအရ နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ် တစ်ဦးစီကိုရွေးချယ်၍ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်က ဒုတိယတရားသူကြီးချုပ်သုံးဦးထဲမှ တစ်ဦးကို ပြည်ထောင်စုတရားသူကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ရပါမည်။ ပြည်ထောင်စုလွှတ်တော်က သဘောတူညီချက်ရရှိသည့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များကို နိုင်ငံတော်သမ္မတက ခန့်အပ်တာဝန်ပေးအပ်ရပါမည်။

ယင်းသို့ ဥပဒေပြုရေးမဏ္ဍိုင်တွင်ပါဝင်ကြသော လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးတို့က မိမိတို့ကြိုက်နှစ်သက်ကြသည့် ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်များကို ရွေးချယ်ပေးခြင်းသည် တရားစီရင်ရေးကဏ္ဍကို ဥပဒေပြုရေးကဏ္ဍက လိုအပ်သည်ထက် ပိုမို၍ ထိန်းကျောင်းခြင်းပြုရာရောက်မည်ဖြစ်သဖြင့် လွှတ်လပ်သည့် တရားစီရင်ရေးမူကို ထိခိုက်စေမည်ဖြစ်ပါသည်။

ပြင်ဆင်သည့်ဥပဒေကြမ်းတွင် ပြည်ထောင်စုတရားသူကြီးချုပ်၊ ဒုတိယပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၏သက်တမ်းကို ငါးနှစ်သတ်မှတ်သဖြင့် Political Post သဘောသက်ရောက်ပါသည်။ မူလဥပဒေပြဋ္ဌာန်းချက်၏ အနှစ်သာရမှာ နိုင်ငံတော်သမ္မတသည် နိုင်ငံတော်၏အကြီးအကဲဖြစ်သည့်အလျောက် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများကို လွှတ်တော်၏သဘောတူညီချက်ဖြင့် ခန့်အပ်ခြင်း ဖြစ်ပါသည်။ အခြေခံဥပဒေပါတရားစီရင်ရေးမူဖြစ်သည့် ဥပဒေနှင့်အညီ လွှတ်လပ်စွာ တရားစီရင်ရေးမူကို ကျင့်သုံးသည့်အနေဖြင့် ပြည်ထောင်စုတရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများသည် ပြည်ထောင်စုလွှတ်တော်ကိုလည်းကောင်း၊ နိုင်ငံတော်သမ္မတကို

စာမျက်နှာ ၉ ကော်လံ ၁ သို့

ပြည်သူ့လွှတ်တော်တရားညပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် တရုတ်မှပြန်လည်ရောက်ရှိ

ရန်ကုန် ဇွန် ၁၄

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ငါးရက်ကြာသွားရောက်ခဲ့သည့် ပြည်သူ့လွှတ်တော် တရားညပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့မွန်းလွဲ ၂ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒေါ်အောင်ဆန်းစုကြည်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဇွန် ၁၀ ရက်တွင် သွားရောက်ခဲ့ခြင်းဖြစ်ပြီး တရုတ်နိုင်ငံသမ္မတနှင့် တရုတ်ဝန်ကြီးချုပ် အပါအဝင် တရုတ်အစိုးရနှင့် တရုတ်ကွန်မြူနစ်ပါတီတို့မှ ခေါင်းဆောင်များနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

ညွှန့်ကိုကို(သတင်းစဉ်)

ငွေကျပ် ၆ ဘီလီယံကျော်တန်ဖိုးရှိ အင်းစိန်ရထားလမ်း ခုံးကျော်တံတားအသစ်တည်ဆောက်ရေး အရှိန်မြှင့်တင်ဆောင်ရွက်

ရန်ကုန် ဇွန် ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ အသစ်ထပ်မံဆောက်လုပ်နေသည့် ငွေကျပ် ၆ ဒသမ ၁၇၈ ဘီလီယံတန်ဖိုးရှိ အင်းစိန်ရထားလမ်းခုံးကျော်တံတားအသစ်တည်ဆောက်ရေး စီမံကိန်းကို သတ်မှတ်ရက်အတွင်းပြီးစီးရန်မြန်မာ့မီးရထား၊ မြို့ပြအင်ဂျင်နီယာဌာနမှအရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ဇူလိုင်လပထမပတ်နှင့် ဒုတိယပတ်တွင် တံတားအချောထည်လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကာ ဇူလိုင်လတတိယပတ်တွင်မူ ယာဉ်များ ဖြတ်သန်းသွားလာနိုင်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဇူလိုင်နောက်ဆုံးပတ်တွင် တံတားဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်သည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက "ဒီတံတားသစ်ကို ဒီနှစ်ဘတ်ဂျက်ထဲပြီးအောင် လုပ်သွားမယ်ဆိုတာ အားလုံးသိပြီးသားပါ။

"ဒီနှစ်ဘတ်ဂျက်မှာပြီးပါ့မယ်၊ ဒီတံတားတည်ဆောက်ရေးစီမံကိန်းမှာက လုပ်ရင်းကိုင်ရင်းမမျှော်လင့်ဘဲတွေ့ရတဲ့ လုပ်ငန်းအတွေ့အကြုံတွေက အတော်များများ ပေါ်လာပါတယ်။ ဥပမာ-မြေအောက်မှာ မူလက မြေပုံထဲမပါတဲ့ လျှပ်စစ်မီးကြိုးများ၊ ဆက်သွယ်ရေးလိုင်းများ ဖြုတ်ရတာ ဖယ်ရတာနဲ့ အသစ်ပြန်ဆင်ရတာတွေရှိပါတယ်။ အလားတူပဲ လှိုင်သာယာဘက်ကလာတဲ့ ယာဉ်တွေအဆင်ပြေသွားဖို့ မင်းကြီးလမ်းဘက်ကိုလည်း အနာဂတ်အတွက် တိုင် တွေပြုပြင်ခဲ့ရတာတွေရှိခဲ့ပါတယ်။ ဒီနှစ်အတွက်ခွင့်ပြုတဲ့ ဘတ်ဂျက်နဲ့တော့ လိုအပ်ချက်တွေရှိနေပါတယ်။ ဒါကိုလည်းဖြည့်စွက်ဘတ်ဂျက်မှာတင်ပြပြီး ဆက်လက်လုပ်ဆောင်သွားမှာပါ။ ဒီငွေကျပ်သန်း ၆၀၀၀ ကျော်ကုန်ကျတဲ့ တံတားကြီးရဲ့ အကျိုးဆက်ကတော့ ယာဉ်ကြောပိတ်ဆို့မှုအတွက် အထိုက်အလျောက်တော့ ပြေလည်သွားပါလိမ့်မယ်။ ဒီတံတားအသစ် နဲ့ပတ်သက်ပြီး မြန်မာ့မီးရထားကလည်း တိုင်းပြည် အတွက်ထိုက်သင့်တဲ့ ဝင်ငွေရအောင် ကြိုးစားသွားပါ့မယ်"ဟု တံတားသစ် တည်ဆောက်မှု စီမံကိန်းအတွင်း ပြောကြားသည်။

အင်းစိန်ရထားလမ်း ခုံးကျော်တံတားအသစ် တည်ဆောက်ရေး စီမံကိန်းကို တွေ့ရစဉ်။

အင်းစိန်ရထားလမ်း ခုံးကျော်တံတားသစ်၏ မြေကာနံရံများနှင့် ကြမ်းခင်း Slab ဆောင်ရွက်ခြင်းများမှာ ၇၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်၍ တံတားပေါင်များတံတားပေါ်တင်ခြင်းမှာ ၉၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

မင်းကြီးလမ်းဘက် လမ်းဆုံကိုကျော်ဖြတ်လျှင် တံတားဟောင်းပေါ်မှ ကင်းလွတ်အမြင့်မှာ ၁၆ ပေ ၃ လက်မရှိမည်ဖြစ်ပြီး လမ်းဆုံတွင်မူ ပေ ၂၀ ကင်းလွတ်အမြင့် ရှိမည်ဖြစ်သည်။ အဆိုပါ အခြမ်းတွင် အရှည် ၈၅ ပေခန်းဖွင့် PC Girder သုံးခန်းရှိမည်ဖြစ်ပြီး ၁၃၅ ပေ ခန်းဖွင့် နှစ်ခန်းလျာထားကြောင်းသိရသည်။ အရှည် ၈၅ ပေခန်းဖွင့် PC Girder သုံးခန်း အတွက် လိုအပ်သည့် PC Girder ၁၂ ချောင်းထပ်ထုတ်ရမည်ဖြစ်ပြီး ကွန်ကရစ်လောင်းသည့်ခုံကိုမဖျက်ဘဲ နဂိုမူလအတိုင်းချန်လှပ်ထားမည်ဖြစ်သည်။ Phase 2 အပိုင်းဖြစ်သောအင်းစိန်ရထားလမ်းခုံးကျော် တံတားအသစ် စီမံကိန်း၏ မင်းကြီးလမ်းဘက်လမ်းဆုံပြီးစီးပါက အင်းစိန်ပန်းခြံလမ်းဆုံသည်ယာဉ်ကြောကျပ်တည်းမှုရှိတော့မည်မဟုတ်ဘဲ ယာဉ်လမ်းကြောင်းကိုတည့်တည့်၊ ဘယ်ချိုး၊ ညာချိုး၊ သုံးမျိုးရွေးချယ်နိုင်မည်ဖြစ်သည်။ ရန်ကုန်မြို့ ပေါ်တွင် အဆိုပါ ခွဲထွက်တံတားသည် ပထမဦးဆုံးတံတားဖြစ်လာတော့မည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ သိရသည်။

သတင်းနှင့်ဓာတ်ပုံ-စိုးဝင်း(SP)

စာမျက်နှာ ၈ မှ

လည်းကောင်း၊ တာဝန်ခံရသည့် ပြဋ္ဌာန်းချက်တစ်စုံတစ်ရာ ပြဋ္ဌာန်းထားခြင်းမရှိသည့်ပြင် ရာထူးသက်တမ်းကိုလည်း နိုင်ငံရေးရာထူးနှင့် မသက်ဆိုင်စေရန် ရည်ရွယ်၍ ပြည်ထောင်စုအဆင့်ကို အသက် ၇၀ အထိလည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များနှင့် တရားလွှတ်တော် တရားသူကြီးများ၏ ရာထူးသက်တမ်းကို ၆၅ နှစ်အထိ လည်းကောင်း သတ်မှတ်ထားခြင်းဖြစ်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံး ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်ကို ပြင်ဆင်ထားရာ ယင်းပြဋ္ဌာန်းချက်မှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ထားခြင်းဖြစ်ကြောင်း တွေ့ရပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အခြေခံ၍ ဆင့်ပွားဥပဒေပြဋ္ဌာန်းရမည့်အစား ဆင့်ပွားဥပဒေကိုအခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်မှုသမိုင်းတွင် အစဉ်အလာမရှိသော ပြင်ဆင်မှုပုံသဏ္ဌာန်ဟု ဆိုရမည်ဖြစ်ပါသည်။

လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်း

၅။ လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်ဖြစ်သည့် ပုဒ်မ ၃၉၆ (ခ) ကိုပယ်ဖျက်ကြောင်းတွေ့ရပါသည်။ ပုဒ်မ ၃၉၆(ခ) ပြဋ္ဌာန်းချက်အရ သက်ဆိုင်ရာမဲဆန္ဒနယ်၏ မဲဆန္ဒရှင်များ အနက် အနည်းဆုံး တစ်ရာခိုင်နှုန်းတို့က တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုသော လွှတ်တော်ကိုယ်စားလှယ်နှင့်ပတ်သက်သည့် တိုင်တန်းချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြရမည်ဖြစ်ပါသည်။ ယင်း ပြဋ္ဌာန်းချက်ပယ်ဖျက်ပါက လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းလိုလျှင် ဆောင်ရွက်ရမည့်အခြေခံမူကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိတော့သဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၇ အရ တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာဥပဒေပြဋ္ဌာန်းသည့်အခါ အခြေခံဥပဒေက သတ်မှတ်ပေးသည့် မူဘောင်ရှိတော့မည်မဟုတ်ပါ။ ယင်းပုဒ်မကို ပယ်ဖျက်ခြင်းသည် အလေးအနက် စဉ်းစားသင့်သည့်အချက် ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ခန့်ထားခြင်း

၆။ ပြင်ဆင်သည့်ဥပဒေကြမ်းအရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းရမည်ဖြစ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ကြေးကြေပ်ခြင်းစသည့် လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရသည့်အလျောက် လွှတ်လပ်သည့်အဖွဲ့အစည်းတစ်ခုအဖြစ် ရှိရန်လိုအပ်သဖြင့် နိုင်ငံတော်၏ အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပေးခြင်းဖြစ်ရာ ပြင်ဆင်သည့်ဥပဒေအတိုင်း ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ရွေးချယ်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များဖြစ်သည့် နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ပါဝင်ရွေးချယ်ပါက မူလဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရနှင့် ကိုက်ညီမှုရှိ၊ မရှိမှာ မေးခွန်းထုတ်ဖွယ်ဖြစ်လာပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်း

၇။ မူလပြဋ္ဌာန်းချက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆(က)ပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုပါက **ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က** ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပ၍ **ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏** ထက်ဝက်ကျော်ဆန္ဒမဲဖြင့် ပြင်ဆင်ရမည်ဖြစ်သော်လည်း ပြင်ဆင်သည့် ဥပဒေကြမ်းအရ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆(က) ပါ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုပါက **ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော** ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ **ခုနစ်ဆယ်ရာခိုင်နှုန်းအောက်မလျော့သော** လွှတ်တော်ကိုယ်စားလှယ်များက သဘောတူလက်ခံပြီးနောက် ပြည်သူ့ဆန္ဒခံယူပွဲကျင်းပ၍ **ဆန္ဒမဲပေးသူအားလုံး၏** ထက်ဝက်ကျော် ဆန္ဒမဲပြင်ဆင်ရမည်ဖြစ်ပါသည်။

ထို့အတူ မူလပြဋ္ဌာန်းချက်တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၃၆ (က) ပါ ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို **ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်၏ ထောက်ခံဆန္ဒမဲ**ဖြင့်သာ ပြင်ဆင်ရမည် ဖြစ်သော်လည်း ပြင်ဆင်သည့် ဥပဒေကြမ်းအရ ပုဒ်မ ၄၃၆ (က) ပါ ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်ကို ပြင်ဆင်လိုပါက **ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသော ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ခုနစ်ဆယ်ရာခိုင်နှုန်းအောက် မလျော့သော** လွှတ်တော်ကိုယ်စားလှယ်များ၏ ထောက်ခံဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဖြစ်ပါသည်။ ယင်းသို့ ပြင်ဆင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ မူလအနှစ်သာရနှင့် ကိုက်ညီမှုရှိမရှိ စဉ်းစားရန်ဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အနှစ်သာရသည် Republic Model ကိုဦးတည်သည့် presidential Hybrid System ဖြစ်သည့် အလျောက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်မည်ဆိုပါက မူလအခြေခံထားသည့် အုတ်မြစ်ကို မထိခိုက်စေရန် သတိပြုသင့်ပါသည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ အခြေခံမူများနှင့် မဆန့်ကျင်စေရန် လိုအပ်ပါသည်။ သမ္မတ စနစ်ကိုဦးတည်သည့်ပြဋ္ဌာန်းချက်များတွင် ပါလီမန်စနစ်ကို ဦးတည်သည့် ပြဋ္ဌာန်းချက်များထည့်သွင်းမည်ဆိုပါက မူလအခြေခံထားသည့် နိုင်ငံတော်ဖွဲ့စည်းပုံ ပုံစံပျက်သွားနိုင်သည်ကိုလည်း အထူးဂရုပြုရန် လိုအပ်သည်ဟု ယုံကြည်မိပါသည်။

❍ ရှေ့ဖုံးမှ

တံတားကြီး တည်ဆောက်ပေးလိုက်တဲ့အတွက် တံတားမြို့နယ်နှင့် ကျောက်တန်းမြို့နယ် တောင်ဘက်ခြမ်းရှိ မုတ္တမပင်လယ်ကွေ့မှ ကျေးရွာပေါင်း ၄၅ ရွာအိမ်ထောင်စုပေါင်း ၂၀၄,၄၇၊ လူဦးရေ ၈၁၄,၇၈ ဦးကျော်တို့မှာ ယခင်က ကျောက်တန်းမြို့နှင့် သံလျင်မြို့ကို ရောက်ဖို့အတွက် မော်ဝန်းချောင်းကြီးခြားနေ၍ သုံးခွဲမြို့နယ်အထိ မိုင်ပေါင်း ၃၇ မိုင်ကျော်ကွေ့ပတ်သွားမှ ရောက်ရှိကြရကြောင်း၊ ယခုတည်ဆောက်ပေးလိုက်သည့် မော်ဝန်းတံတားကြီးကျေးဇူးကြောင့် ၁၅ မိုင်ခန့် မောင်းပြီးကျောက်တန်းနှင့် သံလျင်ကို ရောက်တော့မည်ဖြစ်ပြီး ယင်းမှတစ်ဆင့် မိမိသွားလိုရာသွားနိုင်ကြတော့မည်ဖြစ်ကြောင်း၊ အဆိုပါဒေသတွင်းမှစိုက်ပျိုးမြေကေပေါင်း ၁၂,၇၁၁ ကေရှိပြီး ငါး၊ ပုစွန်ကန်များမှာလည်း ၁၁၄,၅၂ ကန်ရှိသဖြင့် လယ်ယာထွက်ကုန်များ သားငါး၊ ပုစွန်များမှာ ရန်ကုန်မြို့တော်သို့ လျင်လျင်မြန်မြန်တင်ပို့ရောင်းချနိုင်တော့မည်ဖြစ်၍ ဒေသခံပြည်သူများ မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်ကြတော့မည်ဖြစ်ကြောင်းကို တံတားတည်ဆောက်ရေး စီမံကိန်းမှ အင်ဂျင်နီယာမှူး ဦးမျိုးသက်ထွန်းက ပြောပြသည်။

မော်ဝန်းတံတားကြီးကို တံတားဆောက်လုပ်ရေး အထူးအဖွဲ့ (၁၆) သည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေ လမ်းနှင့် တံတားအတွက် ငွေကျပ်သန်းပေါင်း ၄၄၀၀ သုံးစွဲ၍ ၆-၁၂- ၂၀၁၄ ရက်နေ့က စတင်တည်ဆောက်ခဲ့ရာ ၂၂-၄-၂၀၁၅ နေ့တွင် တံတားကြီးပေါ်မှ ကားများ စတင်ဖြတ်သန်းခွင့်ပြုနိုင်ခဲ့ပြီး တံတားတစ်စင်းလုံး ရာနှုန်းပြည့်ပြီးစီးမှုမှာ ၃၀-၄-၂၀၁၅ ရက်နေ့ သတ်မှတ်နိုင်ခဲ့သဖြင့်တံတားတည်ဆောက်မှုကာလမှာလေးလကျော်သာကြာမြင့်ခဲ့သည်ဟု သိရသည်။ တံတားဆိုင်ရာ အချက်အလက်များမှာ အရှည်ပေ ၉၀၀ တံတားပေါ်ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း(တစ်ဖက်လျှင်) သုံးပေ ခြောက်လက်မ၊ ရေလမ်းကင်းလွတ် အကျယ်ပေ ၉၀၊ ရေလမ်းကင်းလွတ်အမြင့် ၁၅ ပေရှိသည်။ သံကူကွန်ကရစ် ဘိုးပိုင်နှင့် တံတားကိုယ်ထည်နှင့်တံတားအပေါ်ထည်မှာအာစီကွန်ကရစ်တံတားဖြစ်ပြီး တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်းတန် ၆၀ ဖြစ်သည်ဟု သိရသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များ

မြစ်ကြီးနားမြို့	၂	ဒသမ	၂၄	လက်မ
ခန္ဓီးမြို့	၂	ဒသမ	၂၄	လက်မ
မိုးကုတ်မြို့	၂	ဒသမ	၀၁	လက်မ
မာန်အောင်မြို့	၁	ဒသမ	၄၂	လက်မ

ထိုင်းနိုင်ငံ ရနောင်းမြို့၌ ဆက်သွယ်ရေးအက်ဥပဒေဖြင့် ငြိစွန်းသဖြင့် မြန်မာနိုင်ငံသားတစ်ဦး အရေးယူခံရ

ကော့သောင်း ဇွန် ၁၄

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံ ဖြစ်သည့် ထိုင်းနိုင်ငံ ရနောင်းခရိုင် ရနောင်းမြို့၌ သွားရောက် အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံ သားတစ်ဦးသည် ဇွန် ၁၂ ရက် နံနက်ပိုင်းက ထိုင်းနိုင်ငံ ဆက်သွယ်ရေးအက်ဥပဒေနှင့် ငြိစွန်းသဖြင့် အရေးယူခံရကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ မြန်မာနိုင်ငံသားသည် မြန်မာနိုင်ငံ၌ အသုံးပြုသည့် CDMA 450 MHz ဟန်းဖုန်းကိုင်ဆောင်အသုံးပြုနေသည်ကိုတွေ့ရှိရသဖြင့် အရေးယူခံရခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖုန်းအမျိုးအစားမှာ ရေဒီယိုစကားပြောစက်ပူးတွဲတပ်ဆင်ထားသဖြင့် ထိုင်းနိုင်ငံ၏ ဆက်သွယ်ရေးအက်ဥပဒေအရ အဆိုပါ ဖုန်းအမျိုးအစား တင်သွင်းခွင့်ကို ပိတ်ပင်ထားရာ ထိုင်းနိုင်ငံအတွင်း အဆိုပါ ဟန်းဆက်အမျိုးအစားကို ကိုင်ဆောင်သုံးစွဲခြင်းကြောင့် အရေးယူခြင်းဖြစ်ကြောင်းနှင့် ထိုဟန်းဆက်အမျိုးအစားကို ကိုင်ဆောင်သုံးစွဲခြင်းမပြုရန် အသိပေးထားကြောင်း သိရသည်။

ကျော်စိုး(iprd)

တာချီလိတ်၌ မီးလောင်မှုဖြစ်ပွား

တာချီလိတ် ဇွန် ၁၄

ဇွန် ၁၄ ရက် မွန်းတည့် ၁၂ နာရီက တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်း အိမ်အမှတ် ၅/၃(၈) ဒေါ်နန်းစံနွန်း ဖွင့်လှစ်ထားသည့် အလျား ပေ ၃၀၊ အနံပေ ၂၀ရှိ အုတ်ကြွပ်မိုးသွပ်ကာ နှစ်ထပ်ဆိုင်ခန်းတွင် လျှပ်စစ်မိန်းခုံ အပူလွန်ကဲရာမှတစ်ဆင့် မီးလောင်မှုတစ်ရပ်ဖြစ်ပွားခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး ဇော်မင်းထွန်းဦးဆောင်သည့် တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများက မီးသတ်ယာဉ်ခြောက်စီးနှင့်အတူ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မီးလုံးဝငြိမ်းသွားသည်။

"မီးလောင်ကျွမ်းတဲ့နေအိမ်ကကြွေထည်၊ လျှပ်စစ်၊ ပလတ်စတစ်စတဲ့ အိမ်သုံးပစ္စည်းတွေ ရောင်းချတဲ့ဆိုင်ပါ။ အိမ်က ဂိုဒေါင်လိုဖြစ်နေတာကတစ်ကြောင်း၊ နံရံကို သွပ်ပြားတွေနဲ့ ကာရံထားတာမို့ မီးငြိမ်းသတ်ရာမှာ အဟန့်အတားတွေ ရှိနေပါတယ်။ မီးသတ်တပ်ဖွဲ့ဝင်တွေက ခက်ခက်ခဲခဲနေအိမ်ထဲကိုဝင်ရောက်ပြီး မီးငြိမ်းသတ်ခဲ့ရပါတယ်။ ပြည်သူတွေကလည်း မိမိတို့တတ်စွမ်းသမျှ ဝိုင်းဝန်း မီးငြိမ်းသတ်တာတွေ၊ ပစ္စည်းတွေ သယ်ထုတ်ပေးတာတွေ ဆောင်ရွက်ပေးကြပါတယ်။ မီးလောင်မှုကြောင့် နေအိမ်နှင့်ပစ္စည်းများ ပျက်စီးဆုံးရှုံးပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာ ရမှုမရှိခဲ့ပါဘူး"ဟု မြို့နယ်မီးဘေးအန္တရာယ် တားဆီးကာကွယ်ရေးကော်မတီဝင်တစ်ဦးက ရှင်းပြသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မီးပေါ့ဆစ္စာ သုံးစွဲသူ ဒေါ်နန်းစံနွန်းကို တာချီလိတ်မြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

မောင်ယဉ်ကျေး

ပြင်ဦးလွင်မြို့လယ် လမ်းမပေါ်၌ အထိန်းအသိမ်းမဲ့နွား၊ မြင်းများကြောင့် အခက်တွေ့

ပြင်ဦးလွင်မြို့သည် လူနေများသော ခရိုင်မြို့ကြီးတစ်မြို့ဖြစ်သည့် အပြင် ပြည်တွင်း ပြည်ပဧည့်သည် အများအပြား ဝင်ထွက်သွားလာ လည်ပတ်လျက်ရှိနေသော မြို့တစ်မြို့လည်းဖြစ်နေသည်။ မြို့တွင်း မြို့ပြင်၌ အဓိကလမ်းမကြီးများ ၊ လမ်းသွယ်နှင့်ကြားလမ်းတို့ များပြားလှသည့်အလျောက် လမ်းပေါ်တွင် သွားလာလှုပ်ရှားနေကြသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ရထားလုံးမြင်း ယာဉ်တို့မှာ တစ်နေ့တခြား တိုးတက်များပြားလျက်ရှိနေသည်။

လူဦးရေနှင့် လမ်းများပေါ်တွင် သွားလာလျက်ရှိနေသော ယာဉ်အမျိုးမျိုးတို့ အဆမတန်များပြားလာခြင်းကြောင့် လက်ရှိအသုံးပြုနေရသောလမ်းများမှာ သိသိသာသာ ကျဉ်းမြောင်းလာသည်။ အထဲတွင် စည်းမဲ့ကမ်းမဲ့ မွေးမြူထားကြသော နွား၊ မြင်းများ လမ်းမများပေါ်တွင် သွားလာနေထိုင်ကျက်စားလျက်ရှိနေသဖြင့် ခရီးသွားပြည်သူများအတွက် အနှောင့်အယှက်ဖြစ်နေကြကြောင်း သိရသည်။

ယခင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် နွားထောင်နှင့်တကွ နွားထောင်မှူး တစ်ဦးခန့်အပ်၍ ယခုကဲ့သို့ လမ်းမများပေါ်တွင် စည်းကမ်းမဲ့သွားလာနေကြသော နွား၊ မြင်းတို့ကို ဖမ်းဆီးပြီး နွားထောင်အတွင်း ထည့်သွင်းထားရှိကာ ပိုင်ရှင်များက မိမိတို့ နွား၊မြင်းတို့ကို ဒဏ်ငွေ ဆောင်ပြီးမှ လာရောက်ရွေးယူခေါ်ယူ သွားကြရသည်။ ထိုကဲ့သို့ လုပ်ဆောင်ခြင်းကြောင့် ပိုင်ရှင်များကလည်း မိမိတို့မွေးမြူထားသော တိရစ္ဆာန်တို့ကို ပိုမိုထိန်းသိမ်းစောင့်ရှောက်ကာ စနစ်တကျ မွေးမြူလာခဲ့ကြသည်။

သို့သော်လည်း ယခုအခါတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် နွားထောင်နှင့် နွားထောင်မှူးတို့ မရှိတော့ခြင်း၊ လမ်းပေါ်တွင် စည်းကမ်းမဲ့သွားလာနေကြသော နွား၊ မြင်းတို့ကို အရေးယူအပြစ်ပေးမှုတို့ မရှိတော့ခြင်း၊ မွေးမြူသူပိုင်ရှင်တို့ ကလည်း ပေါ့ပေါ့လျော့လျော့ဖြင့် စည်းကမ်းမဲ့စွာ မွေးမြူလာခြင်းတို့ ကြောင့် နွား၊ မြင်းတို့မှာ လမ်းမများပေါ်တွင် စည်းကမ်းမဲ့ကာ မြို့တော်သန့်ရှင်းသာယာလှပမှုကို များစွာ ထိခိုက်နစ်နာစေလျက်ရှိနေသည်။

ထိုအခက်အခဲများကို ကျော်လွှားနိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တွင် ယခင်ကဲ့သို့ နွားထောင် ပြန်လည်ထားရှိ၍ စည်းကမ်းမဲ့ တိရစ္ဆာန်များကို စနစ်တကျထိန်းသိမ်းအပြစ်ပေး အရေးယူသွားမည်ဆိုပါက မြို့တော်အနေဖြင့် ပိုမို လှုပ်သာယာလာမည်ဖြစ်ပြီး ခရီးသွားပြည်သူတို့ စိတ်ချမ်းသာစွာ သွားလာနိုင်ကြမည်ဖြစ်ကြောင်း အငြိမ်းစား မြို့နယ်စည်ပင်သာယာရေးအရာရှိ တစ်ဦး၏ပြောပြချက်အရ သိရသည်။

သက်နိုင်(ပြင်ဦးလွင်)

ဈေးကွက်အတွင်း ပြန့်ခ၊ိုထားသော ဖုန်းငွေပြည့်ကတ်အချို့ အဆန်ချောင်မှုများဖြစ်နေဟုဆို

စဉ့်ကိုင် ဇွန် ၁၄

ဈေးကွက်အတွင်း ဖြန့်ခ၊ိုထားသော ဖုန်းငွေပြည့်ကတ်အချို့မှာ ခဲခြစ်ပြီး ငွေဖြည့်ရာတွင် ဖုန်းအတွင်း ငွေသားရောက်ရှိမလာသော "အဆန်ချောင်" များဖြစ်နေကြောင်း စဉ့်ကိုင်မြို့နေ ဒေသခံပြည်သူအချို့ထံမှ သိရသည်။

ဖုန်းငွေပြည့်ရာတွင် ဆိုင်တွင် တိုက်ရိုက်ငွေပေး ဖြည့်သူများမှာ အဆင်ပြေသော်လည်း ငွေဖြည့်ကတ်ဝယ်ယူထားပြီး မိမိဘာသာ ခဲခြစ်ငွေဖြည့်သူများ အဆိုပါ ဖြစ်ရပ်တွေ့ကြုံကြရကြောင်း၊ ခဲခြစ်ပြီးဖြစ်သောကြောင့် အရောင်းဆိုင်များကလည်း အသစ်ပြန်လည်လဲလှယ်ပေးခြင်းမရှိကြောင်း၊ ဖုန်းငွေဖြည့်သူများမှာ အသုံးမပြုရဘဲ ဆုံးရှုံးနစ်နာကြရကြောင်း။

ထိုသို့ ဖြစ်ရသည်မှာ မသမာသူများက ခဲမခြစ်ဘဲ ငွေခိုးဖြည့်ထားမှုကြောင့်ဖြစ်ကြောင်း၊ ထိုသူများမှာ သူတစ်ပါး အသုံးပြုပြီးဖြစ်သော ငွေဖြည့်ကတ်ကိုဖြစ်စေ၊ ငွေဖြည့်ကတ် တစ်ကတ်ဝယ်ယူ၍ ဖြစ်စေ အဆမတန်များပြားသောငွေသားများကို ဖြည့်ယူနေကြကြောင်း၊ အသုံးပြုပြီးငွေဖြည့်ကတ်မှ ဂဏန်းများကိုလှီးလွှဲနိုပ်ပြီး ငွေထုတ်ယူကြခြင်းဖြစ်ကြောင်း၊ ဥပမာ-အသုံးပြုပြီး ငွေဖြည့်ကတ်မှာ ၃၃၃၃၃၃၃၅၅၆၇၈၉ ဖြစ်ပါက ၄,၅,၆ နေရာမှဂဏန်းများကိုပြောင်းနိုပ်ပြီး ငွေထုတ်ကြကြောင်း၊ အသုံးမပြုရသေးသောငွေဖြည့်ကတ်မှ ဂဏန်းကိုနိုပ်မိလျှင် မိမိဖုန်းအတွင်းသို့ ငွေသားများရောက်လာကြောင်း။

ဤနည်းဖြင့် အကြိမ်ကြိမ်ဖြည့်ယူကြပြီး အခြားသူများသို့ Share လုပ်ပေးခြင်း၊ ပြန်လည်ရောင်းချခြင်းများပြုလုပ်နေကြကြောင်း၊ ထိုသို့ မသမာသူများက ခဲမခြစ်ဘဲ ခိုးယူအသုံးပြုထားသော ငွေဖြည့်ကတ်များကို ဝယ်ယူ အသုံးပြုမိပါက မိမိဖုန်းတွင်းသို့ ငွေမရောက်လာနိုင်ကြောင်း၊ ဤဖြစ်ရပ်တွင် ငွေဖြည့်ကတ် ထုတ်လုပ်ရောင်းချသူများသည် လတ်တလောအနေဖြင့် မသိသာသေးသော်လည်း ရေရှည်တွင်အသုံးပြုသူများ၏ အယုံ အကြည်မဲ့မှုကို ခံစားရနိုင်ကြောင်း၊ သို့ဖြစ်၍ ယခုသတ်မှတ်ထားသော ငွေဖြည့်ကတ် စနစ်ထက်ပို၍ လုံခြုံစိတ်ချရသော ငွေဖြည့်စနစ်မျိုး စီစဉ်ပေးရန် လိုအပ်ကြောင်း သိရသည်။

"ကျွန်တော်ကတော့ ဖုန်းငွေဖြည့်ကတ်ဝယ်မသုံးဘူး။ ဆိုင်မှာ ငွေဖြည့်ခိုင်းတယ်။ ကိုယ့်ဖုန်းထဲငွေရောက်လာမှ ဖြည့်တဲ့ငွေကို ဆိုင်မှာ ရှင်းလိုက်တယ်။ ငွေဖြည့်ကတ်သုံးရင် အဆန်ချောင်နဲ့မိနေမှာစိုးလို့ပါ" ဟု ဆိုင်ကယ်ပွဲစားတစ်ဦးက ပြောသည်။ **(၁၆၀)**

ဆိုင်ကယ်နောက်မှ စီးနင်းလိုက်ပါလာသူ ပြုတ်ကျ

မြို့သစ် ဇွန် ၁၄

မြို့သစ်မြို့နယ် ငွေးကုန်းကျေးရွာနေ (နှ) အနီး ဇွန် ၁၂ ရက် နံနက်ပိုင်းက ဆိုင်ကယ်ပေါ်မှ အမျိုးသမီးတစ်ဦး ပြုတ်ကျခဲ့သဖြင့် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၁၂ ရက် နံနက် ၇ နာရီခွဲက မြို့သစ်မြို့နယ် ငွေးကုန်းကျေးရွာ(နှ)အနီး အမျိုးသမီးတစ်ဦးဆိုင်ကယ်ပေါ်မှပြုတ်ကျကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး၏ ဖုန်းဆက်အကြောင်းကြားချက်အရ ဒန့်သလွန်ပင်နယ်မြေ ရဲစခန်းမှူးက သွားရောက်စစ်ဆေးခဲ့သည်။ ဆိုင်ကယ်ပေါ်မှပြုတ်ကျသူသည် ဒေါ်ရွှေကျင်(၃၇ နှစ်) မြို့သစ်မြို့နေသူဖြစ်ပြီး တောင်တွင်းကြီးဆေးရုံသို့ အရေးပေါ်တင်ပို့ထားသည်။ ဦးသောင်းရွှေ (၅၆ နှစ်) မြို့သစ်မြို့နယ်နေသူ မောင်းနှင်သော လေ့ဂျာ ၁၁၀ ဆိုင်ကယ်နောက်မှ ဒေါ်ရွှေကျင်သည် လမ်းကြုံအဖြစ် မြို့သစ်မြို့နယ် ရုံတိုင်မြောင်ကျေးရွာမှ စီးနင်းလိုက်ပါလာခဲ့စဉ် မြို့သစ်-တောင်တွင်းကြီးကားလမ်း မိုင်တိုင်အမှတ် (၄၀/၀) နှင့် (၄၀/၁) အကြား ငွေးကုန်းကျေးရွာ(နှ)အနီး၌ နွားကျောင်းသားကလေးငယ်ကို ရှောင်တိမ်းစဉ် နောက်မှစီးနင်းလာသူ ဒေါ်ရွှေကျင်သည် လမ်းပေါ်သို့ ပြုတ်ကျဒဏ်ရာ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်ဝေယျ

မင်းဘူးမြို့ပေါ်၌ လူတစ်ဦး ဓာတ်လိုက်သေဆုံး

မင်းဘူး ဇွန် ၁၄

ဇွန် ၁၁ ရက် ညနေ ၃ နာရီခွဲခန့်က မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များသည် မင်းဘူးခရိုင်ဆေးရုံကြီးတွင် ဓာတ်လိုက်သေဆုံးသောအမျိုးသားတစ်ဦးရောက်ရှိနေကြောင်းသိရ၍ စစ်ဆေးခဲ့သည်။ ဖြစ်စဉ်မှာ ဝက်လက်မြို့နယ် နှမ်းကြီးကျေးရွာနေ ရွှေသိုက်ကုမ္ဂဏီသံပန်းစင်လုပ်သား ချစ်ကောင်း(၂၂ နှစ်)သည် မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက် မင်းဘူး-စကု ကားလမ်းဘေးရှိ ရွှေရောမိုဘိုင်းဖုန်းနှင့် အီလက်ထရွန်နစ် အရောင်းဆိုင်ရှိ ဈေးဆိုင်ဆိုင်းဘုတ်ကို ကုမ္ဂဏီ၏တာဝန်ပေးချက်အရ ပြုပြင်စဉ် အမြင့် ၁၅ပေ ရှိ သံစင်ပေါ်တက်၍ ဖောက်စက်အသုံးပြုရန် ရွှေရောဆိုင်အတွင်းရှိ ဝိုင်ယာမှ Extension ကြိုးဖြင့်လျှပ်စစ်မီးအား ဖောက်ယူသုံးစွဲရာတွင် ကြိုးအား မီးတိပ်ပတ်ထားခြင်းမရှိသဖြင့် သွပ်မိုးနှင့်ထိ၍ လျှပ်စီးဝင်ကာ ဓာတ်လိုက်ပြီး သံစင်အောက်နှစ်ပေခန့်နိမ့်သည့် ဆိုင်ခေါင်မိုးပေါ်သို့ ပြုတ်ကျသေဆုံးကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် မင်းဘူးမြို့နယ် မြို့မရဲစခန်းက အမှုရေးဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းနိုင်ဦး(၈ဖ)

❖ *ကျောပိုးမှ*

ဖျံသွေး(ဝါဆို)သည် ၇၁ ကီလိုတန်း နောက်ဆုံးဗိုလ်လုပွဲတွင် လက်ဝှေ့သမ္တာရင့် စိုးထက်ဦး (အဖြူရောင်သွေးသစ်)ကို ငါးချီပြည့် အပေါ်စီးမှ ယှဉ်ပြိုင်ထိုးသတ်ကာ အမှတ်ဖြင့်အနိုင်ရရှိခဲ့သည်။ ဖျံသွေးသည် အသည်းမာသည့် လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်သလို ထောက်လက်သီး၊ ပင့်လက်သီးများဖြင့် ပြိုင်ဘက်ကို အသည်းမာမာ၊ ဇွဲပါပါနှင့် ယှဉ်ပြိုင်ထိုးသတ်ခဲ့မှုကြောင့် ရိုးရာလက်ဝှေ့ပွဲစဉ် ၅၀ ကျော် ယှဉ်ပြိုင်ထိုးသတ်ခဲ့ဖူးသည့် စိုးထက်ဦးကို အသာစီးဖြင့် ယှဉ်ပြိုင်ပြီး အောင်နိုင်မှု ရွေခါးပတ်ကို သိမ်းပိုက်ခဲ့ခြင်းဖြစ်သည်။

အလားတူ ၆၇ ကီလိုတန်းတွင်လည်း လက်ဝှေ့ဝါသနာရှင်ပရိသတ်များက ရွေခါးပတ်ချန်ပီယံဖြစ်လာမည်ဟု မျှော်မှန်းထားသည့် ထက်အောင်ဦး(တောင်ကလေး)သည် သွေးသစ်အောင်(ရွှေကုက္ကိုလ)ကို လက်ဝှေ့သမ္တာအရကြည့်လျှင် အပေါ်စီးက ယှဉ်ပြိုင်ထိုးသတ်ဖွယ် ရှိသော်လည်း ဒုတိယအချီမှာပင် သွေးသစ်အောင်၏ ဘယ်တံတောင်ရိုက်ချက်ကြောင့် မျက်ခွံကွဲခဲ့ရာ ဆရာဝန်၏ဆုံးဖြတ်ချက်နှင့်အတူ အမှတ်ပေးဒိုင်များ၏ ဆုံးဖြတ်ချက်အရ ရွေခါးပတ်ကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ၆၃ ဒသမ ၅ ကီလိုတန်းတွင် သပြေညို(ဘီလပ်မြေစက်ရုံ)နှင့် အားမာန်(အဖြူရောင်သွေးသစ်)တို့ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ လက်ရည်မည်၍ ပထမအချီ ၂ မိနစ် ၅၃ စက္ကန့်မှာပင် အားမာန် အရှုံးပေးခဲ့ရသည်။ ၆၀ ကီလိုတန်းတွင် ကြယ်စင်ဖြိုး (အဖြူရောင်သွေးသစ်)နှင့် စောထူးဇော်(ဒို့ရိုးရာ)တို့ပွဲတွင် ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း အရပ်အမောင်းမြင့်ပြီး ခြေကန်ချက်ကောင်းသည့် ကြယ်စင်ဖြိုးက အမှတ်ဖြင့် ချန်ပီယံရွေခါးပတ်ဆုကို ပိုင်ဆိုင်ခွင့်ရခဲ့သည်။

၅၇ ကီလိုတန်းတွင် မိုက်ရိုင်းလေး (ရွှေဖူး)နှင့် မိုးဟိန်း (ဘီလပ်မြေစက်ရုံ)တို့ပွဲတွင် ပထမ အချီ ၂ မိနစ် ၅၂ စက္ကန့်မှာပင် မိုက်ရိုင်းလေး၏ ဘယ်ဒူးတိုက်ချက်ကို ရုတ်တရက်ခံလိုက်ရသည့် မိုးဟိန်းဘယ်လိုမှပြန်မထနိုင်တော့ဘဲ အရှုံးပေးလိုက်ရသည်။ ၅၄ ကီလိုတန်းတွင် ရွှေချစ်သွေး (တိုက်ဂါး)နှင့်စောဖြိုးဝေ (အဖြူရောင်သွေးသစ်)တို့ပွဲတွင် ငါးချီပြည့် ယှဉ်ပြိုင်ထိုးသတ်ခဲ့သော်လည်း လိုက်လံထိုးသတ်သည့် ရွှေချစ်သွေး အမှတ်ပေးဒိုင်များ၏ ဆုံးဖြတ်ချက်ဖြင့် အရှုံးပေးခဲ့ရကာ ရွှေခါးပတ်နှင့် လွဲချော်ခဲ့ရသည်။ ၅၁ ကီလိုတန်းတွင် ရဲသွေးနီ (တောင်ကလေး)နှင့် တိမ်တိုက်(မုဒုံသား)ပွဲတွင် စတုတ္ထအချီ ၂ မိနစ် ၀၈ စက္ကန့်မှာပင် ရဲသွေးနီ၏ ဘယ်တံတောင် ရိုက်ချက်ဖြင့် အထိနာဆေးရုံးခဲ့သော တိမ်တိုက်အရှုံးပေးခဲ့ရပြီး ရွှေခါးပတ်နှင့် လွဲချော်ခဲ့ရသည်။

"ဒီနေ့ပွဲက တော်တော်လေး ပင်ပင်ပန်းပန်းနဲ့ယှဉ်ပြိုင် ထိုးသတ်ခဲ့ရပါတယ်။ အမှန်အတိုင်းပြောရရင် ကျွန်တော့်ထက် အတွေ့အကြုံရင့်၊ သမ္တာရင့်တဲ့ လက်ဝှေ့သမားကောင်းတစ်ဦးနဲ့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ရတာပါ။ ဒီ ၂၀၁၅ ရွှေခါးပတ်လုပွဲမှာ ပွဲစဉ်တစ်လျှောက်လုံး ဒီနေ့ပွဲဟာအပင်ပန်းဆုံးပါပဲ။ ခဲရာခဲဆစ်နဲ့ ဒီရွှေခါးပတ်ကိုရခဲ့တယ်လို့ပြောရမှာ ဖြစ်ပါတယ်။ ဒါဟာ ကျွန်တော့်အတွက် ပထမဆုံးရခဲ့တဲ့ ရွှေခါးပတ်မို့ အလွန်ပဲပျော်ပါတယ်။ ရှေ့ဆက်ပြီး မြန်မာ့ရိုးရာ လက်ဝှေ့သမားကောင်းတစ်ဦး ဖြစ်အောင် ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပွဲအပြီး အသက် ၁၉ နှစ်သာရှိသေးသည့် ၇၁ ကီလိုတန်းမှ ဖျံသွေးက ယနေ့ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ပွဲနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ယနေ့နောက်ဆုံး ယှဉ်ပြိုင်ထိုးသတ်ခဲ့သည့် ရွှေခါးပတ်ချန်ပီယံ ဗိုလ်လုပွဲကြီး ၂၀၁၅ ၏ နောက်ဆုံး ရွှေခါးပတ်လုပွဲတွင် ရွှေခါးပတ်များ ရရှိဗိုလ်စွဲခဲ့သည့် လက်ဝှေ့အားကစားသမားများကို မြန်မာနိုင်ငံရိုးရာ လက်ဝှေ့အဖွဲ့ချုပ်က သတ်မှတ်ချီးမြှင့် ငွေများနှင့် အတန်းလိုက်ရွှေခါးပတ်များ ချီးမြှင့်ပေးခဲ့သည်။ **(မြန်မာ့အလင်း)**

၇၁ ကီလိုတန်းမှ စိုးထက်ဦးနှင့် ဖျံသွေး သူတစ်ပြန် ကိုယ်တစ်ပြန် ထိမိစဉ်။ (ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း))

ယာဉ်မရပ်ရ ဒေါ်သိန်းတင်လမ်းပေါ် ရပ်ထားသည့်ယာဉ်များ ကရိန်းကားဖြင့်ဖယ်ရှား

ရန်ကုန် ဇွန် ၁၄

ရန်ကုန်မြို့တွင် ယာဉ်ကြောပိတ်ဆို့မှု လျော့ပါးစေရေးအတွက် ယာဉ်မရပ်ရလမ်းအဖြစ် သတ်မှတ်ကြေညာထားသည့် မင်္ဂလာတောင်ညွှန့်မြို့နယ် ဒေါ်သိန်းတင်လမ်း(အရှေ့ဘက်ပိုင်း) ၉၃ လမ်းနှင့် ၉၄ လမ်းကြား လမ်းပေါ်စက်သပ်ရပ်နားထားသော ကိုယ်ပိုင်မော်တော်ယာဉ်ငါးစီးကို သက်ဆိုင်ရာက ကရိန်းမော်တော်ယာဉ်များဖြင့် ဆွဲယူဖမ်းဆီးသွား၍ ၉၃ လမ်းအတွင်းမှ လမ်းသာယာရေး ကော်မတီဝင်များနှင့် မော်တော်ယာဉ်ပိုင်ရှင်အချို့ လာရောက်ဖမ်းဆီးသူအဖွဲ့နှင့် အပြန်အလှန် ပြောဆိုစကားများခဲ့ကြသည်ကို ဇွန် ၁၁ ရက် ညနေ ၃ နာရီခွဲက တွေ့မြင်ခဲ့ရသည်။

မင်္ဂလာတောင်ညွှန့် မြို့နယ်ကန်တော်ကလေး(အရှေ့)ရပ်ကွက် ၉၃ လမ်းကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ အရှည်ပေ ၉၀၀၊ အကျယ် ၁၈ ပေကို မေ ၂၀ ရက်မှစတင်ကာ လမ်းလုံးပြည့်ကွန်ကရစ်လမ်းအဖြစ် ခင်းနေသည်မှာ ရက်သတ္တသုံးပတ်ခန့်ရှိပြီဖြစ်သည်။ လမ်းတွင်းနေထိုင်သူများ၏ ကားစီးရေ ၁၀၀ ကျော်ကို ဒေါ်သိန်းတင်လမ်းနှင့် ယာဉ်မရပ်ရ သတ်မှတ်လမ်းတွင်ပါဝင်သည့် မြန်မာ့ဂုဏ်ရည်လမ်းတို့တွင် ရပ်နားထားခဲ့ကြသည်။ ကရိန်းကားဖြင့် ဆွဲယူဖမ်းဆီးနေစဉ် ၉၃ လမ်း လမ်းသာယာရေးကော်မတီဝင်များက လမ်းအတွင်းလမ်းခင်းနေ၍ဖြစ်ကြောင်း၊ လမ်းအတွင်းနေထိုင်သူများဖြစ်၍ ယခုချက်ချင်းဖယ်ရှားပေးရန် ခေါ်ယူပေးမည်ဖြစ်ကြောင်း မေတ္တာရပ်ခံ ပြောဆိုမရ၍ စကားများကြခြင်းဖြစ်သည်ဟု သိရသည်။ "ဒီမှာကလမ်းခင်းနေလို့ပါ။ နာမည်နဲ့ဖုန်းနံပါတ်လည်း ကားမှာရေးကပ်ထားတယ်။ စည်းကမ်းကို တမင်ချိုးဖောက်တာ မဟုတ်ပါဘူး။ ကျွန်တော်တို့ကတော့ ကားပိုင်ရှင်တစ်ဦးကမူ အခုတော့ ကရိန်းဆွဲခဲ့ကြပါ ငါးသောင်းပေးပြီးသွားပြီ။ မနက်ဖြန်စည်ပင်ရုံးမှာ ဒဏ်ငွေနှစ်သောင်းခဲ့ဆောင်ရဦးမယ်လို့ ပြောတာပဲဟု သူ့ဖြစ်စဉ်ကို ပြောပြသွားခဲ့သည်။ ကွန်ကရစ်လမ်းပြီး၍ ယာဉ်များ သွားလာနိုင်ရန် ရက်သတ္တ နှစ်ပတ်ခန့် ကြာမြင့်နိုင်သည်ဟု လမ်းခင်းပညာရှင်တစ်ဦးက ပြောကြားသွားခဲ့၍ ၉၃လမ်းအတွင်းနေ ယာဉ်ပိုင်ရှင် များ အခက်တွေ့နေကြသည်။

အောင်သန်း (မင်္ဂလာတောင်ညွှန့်)

ခွင့်ပြုချက်တောင်းခံ၍ ဆန္ဒဖော်ထုတ်

မိတ္ထီလာ ဇွန် ၁၄

မိတ္ထီလာမြို့နယ်တွင် ဖမ်းဆီးခံကျောင်းသားများနှင့် ဝန်းရံသူများ ပြန်လည်လွတ်မြောက်ရေး ဆန္ဒဖော်ထုတ်ပွဲကို ဇွန် ၁၄ ရက် နံနက် ၁၀ နာရီက အောင်မင်္ဂလာကားဝင်း သီရိမင်္ဂလာရပ်ကွက်မှ စျေးအနောက်ဘက်လမ်းအတိုင်း ရုပ်ရှင်ရုံလမ်းမ သာသနာ့ဝိဟာန်အထိ ငြိမ်းချမ်းစွာ စီတန်းလှည့်လည် ဆန္ဒဖော်ထုတ်ခဲ့ကြောင်းသိရသည်။

ထိုသို့ စီတန်းလှည့်လည်ဆန္ဒပြအဖွဲ့ သွားရာလမ်းတစ်လျှောက်ကို မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေနှင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံစောင့်ရှောက် ပေးခဲ့သည်။ ဆန္ဒဖော်ထုတ်ပွဲကို သက်ဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းများထံ ခွင့်ပြုချက်တောင်းခံ၍ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

မဲဇာချောင်းရေကြီးမှုကြောင့် ညောင်တုန်းတံတားရေနှင့်အတူမျောပါ

စစ်ကိုင်း ဇွန် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ်မှ စတင်စီးဆင်းလာသော မဲဇာချောင်းမှာ ဇွန် ၁၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ချောင်းရေကြီးပြီး ညောင်တုန်းရွာရှိ သစ်သားတံတားတစ်စင်း ချောင်းရေထဲ မျောပါသွားခဲ့ကြောင်း သိရသည်။

ဇွန် ၁၃ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မဲဇာချောင်းရေကြီးပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေကျပ်သိန်း ၅၀၊ ပြည်သူများ၏ထည့်ဝင်ငွေတို့ဖြင့် တည်ဆောက်ထားသော အင်းတော်မြို့နယ် မန်လည်အုပ်စု ဝါးဖြူတောင်ကျေးရွာနှင့် ညောင်တုန်းရွာကြားရှိ မဲဇာချောင်းကူး အရှည် ပေ ၄၅၀ ရှိတံတားမှာ မျောပါပျက်စီးသွားခဲ့သည်။

အင်းတော်မြို့နယ်အတွင်းရှိ ချောင်းကူးတံတားများကို အလှည့်ကျ ရေကင်းများချထားပြီး စောင့်ကြည့်လျက်ရှိရာ အဆိုပါတံတားမှာ အခန်း ၁၃ ခန်းရှိပြီး ခြောက်ခန်းမှာ ရေဖြင့်မျောပါသွားရာ တစ်တွဲမှာ တံတားအောက် ပင်သချေရွာတွင် ပြန်လည်ဆယ်ယူရရှိပြီး နှစ်တွဲမှာ လောင်စုကျေးရွာတွင် ပြန်လည်ဆယ်ယူရရှိခဲ့ကြောင်း၊ ကျန်သုံးတွဲကို စက်လှေဖြင့် လိုက်လံရှာဖွေလျက်ရှိပြီး လူ၊ကျွဲ၊ နွား၊ တိရစ္ဆာန် ထိခိုက်ပျက်စီးပျောက်ဆုံးမှုမရှိကြောင်း သိရသည်။ **ကိုနိုင်(အင်းတော်)**

■ *ရှေ့ဖုံးမှ*

ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်ရှိ ကျန်းမာရေးဆိုင်ရာပံ့ပိုးမှု အထောက်အပံ့များအဖြစ်ဒေါ်လာ ၁၁၄၅၅၈ ဒေါ်လာ၊ ကျောက်ကြီးမြို့နယ် မေတ္တာရပ်ကွက် အခြေခံပညာမူလတန်းလွန် ကျောင်းဆောင်ဆောက်လုပ်ရေးအတွက် ဒေါ်လာ ၁၂၀၈၅၄ ဒေါ်လာ၊ ရွှေကျင်မြို့နယ် မဒေါက်ကလေး အခြေခံမူလတန်း ကျောင်းဆောင် ဆောက်လုပ်ရေးအတွက် ဒေါ်လာ ၁၂၀၉၃၇ ဒေါ်လာ၊ ရွှေကျင်မြို့နယ် ပွဲကုန်းရပ်ကွက် အခြေခံပညာမူလတန်းလွန် ကျောင်းဆောင် ဆောက်လုပ်ရေးအတွက် ဒေါ်လာ ၁၁၉၇၄၉ ဒေါ်လာတို့ကို ပေးအပ်ခဲ့သည်။

ဆောက်လုပ်ပြီး ကျောင်းအဆောက်အအုံများ လွှဲပြောင်းပေးအပ်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို ကျောက်ကြီးမြို့နယ်နှင့် ရွှေကျင်မြို့နယ်များရှိ ဖော်ပြပါနေရာဒေသအသီးသီး၌ ဇွန် ၄ ရက်နှင့် ၅ ရက်တို့က ကျင်းပခဲ့ရာ ဂျပန်သံရုံးမှ တတိယအတွင်းဝန် မစ္စတာ ကိုတာဝါတနာဘော၊ ဒေသဆိုင်ရာ အာဏာပိုင်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျောင်းဆောက်လုပ်ရေးစီမံကိန်းဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် ဒေသခံများ တက်ရောက်ခဲ့ကြသည်။

ရွှေကျင်မြို့နယ် မေတ္တာရပ်ကွက်ရှိ ကျောင်းအဆောက်အအုံများမှာ ဟောင်းနွမ်းခြင်း၊ ကျောင်းသားများပြားခြင်းကြောင့် ကျပ်ညပ်နေအောင် စာသင်ကြားရခြင်းတို့ကြောင့် ကွန်ကရစ်အားဖြည့်နှစ်ထပ်ဆောင်အဖြစ် ဆောက်လုပ်ခဲ့ပြီး မဒေါက်ကလေးရှိကျောင်းဆောင်ကိုလည်း စာသင်ခန်းငါးခန်းပါ ကွန်ကရစ်အားဖြည့် တစ်ထပ်ဆောင်အဖြစ် ဆောက်လုပ်ခဲ့ကြောင်း၊ ထို့အတူ ပွဲကုန်းရပ်ကွက်ရှိ ကျောင်းဆောင်ကိုလည်း စာသင်ခန်းရှစ်ခန်းပါ ကွန်ကရစ်အားဖြည့်နှစ်ထပ်ဆောင်အဖြစ် ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ကျောက်ကြီးမြို့နယ်ဆေးရုံနှင့် နတ်သံကွင်းတိုက်နယ်ဆေးရုံတစ်ခုချင်းအလိုက် လိုအပ်သောဆေးပစ္စည်း ၁၉ မျိုးအတွက် ငွေကြေးများ ထောက်ပံ့ခဲ့သည်။ **ကျော်သဲအိမ်**

မလွှဲတောင်-ထားဝယ်-ကော့သောင်းလမ်း လာမည့်ဒီဇင်ဘာ၌ ပြီးစီးမည်

ထားဝယ် ဇွန် ၁၄

တနင်္သာရီတိုင်းဒေသကြီးသည် လမ်းပန်းဆက်သွယ်ရေး မချောမွေ့ခဲ့။ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်ရာ အထူးသဖြင့် ကားလမ်းအား အချိန်ရာသီမရွေး သွားလာနိုင်ရန် တိုးချဲ့ ဖောက်လုပ်လျက်ရှိသည်။ ယခုအခါ မလွှဲတောင်-ထားဝယ်လမ်းပိုင်းမှာ ကတ္တရာလမ်းအဖြစ် ပြီးစီးနေပြီဖြစ်သည်။

"မလွှဲတောင်-ထားဝယ်လမ်းပိုင်းကို ၂၀၁၃ ခုနှစ်ကတည်းက စတင်ပြင်ဆင်အဆင့်မြှင့်တင်မှုတွေပြုလုပ်ခဲ့တာဖြစ်ပြီး ၁၈ ပေအကျယ်ကတ္တရာလမ်းအဖြစ် ပေါ်ထွက်လာပြီဖြစ်ပါတယ်။ အခုထားဝယ်ကနေ မြိတ်အထိ ကားလမ်းပိုင်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ရောက်ရှိအောင်ဆောင်ရွက်နေပါတယ်" ဟု တနင်္သာရီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်းက ပြောသည်။

မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ရှိ မလွှဲတောင်မှ ထားဝယ်မြို့ လမ်းပိုင်း၊ ထားဝယ်မှမြိတ်လမ်းပိုင်း၊ မြိတ်မှဘုတ်ပြင်း-ကော့သောင်းလမ်းပိုင်း စသည်ဖြင့်ကားလမ်းကို အပိုင်းလိုက်ပြင်ဆင်ဆောင်ရွက်နေခြင်းဖြစ်သည်။ တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့က လမ်း၊ တံတားအထူးအဖွဲ့များနှင့်ပူးပေါင်းကာ အကောင်အထည်ဖော်နေခြင်းဖြစ်ရာ လမ်းစီမံကိန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ၌ပြီးစီးရန် လုပ်ကိုင်လျက်ရှိသည်။

တနင်္သာရီတိုင်းဒေသကြီးတွင် ကားလမ်းဖောက်လုပ်ရာ၌ မြစ်ချောင်းများကို ဖြတ်ကျော်သည့် တံတားများလည်း တံတားအထူးအဖွဲ့က တည်ဆောက်ပေးလျက်ရှိသည်။ ထားဝယ်မြို့မှမြိတ်မြို့အထိ ကားလမ်းအရှည် ၁၄၆ မိုင်ရှိရာ ယခုအခါ ၅၁ မိုင်မှာ ၁၈ ပေအကျယ် ကတ္တရာလမ်းခင်းပြီးနေပြီဖြစ်သည်။ ကျန်သည့်လမ်း အရှည် ၉၅မိုင်ကို ၁၈ ပေ အကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်လျက်ရှိသည်။

ကျန်လမ်းအရှည် ၉၅ မိုင်အနက်လမ်းတစ်လျှောက် မြို့ဖြတ်ရွာဖြတ်နေရာ လမ်းပိုင်းများတွင် အချို့နေရာများ၌ ကတ္တရာ ၁၈ ပေအကျယ်နှင့်အချို့နေရာများ၌ ကတ္တရာ ၂၄ပေ အကျယ်များလည်း ရှိနေသည်။ ယခုအခါ မြိတ်မြို့အထိ ၁၂ ပေအကျယ် ကတ္တရာ လမ်းခင်းပြီးနေရာ ကျန်သည့်အစိတ်အပိုင်းကိုဆက်လက်ပြီး ကတ္တရာခင်းသွားမည်ဖြစ်သည်။

တစ်ဖန်မြိတ်မြို့မှဘုတ်ပြင်းလမ်းပိုင်း၌ ၃၆ မိုင် ၅ ဖာလုံလမ်းအရှည်အထိ ၁၈ ပေ အကျယ် ကတ္တရာလမ်းခင်းပြီးနေပြီဖြစ်ရာ မော်တော်ယာဉ်များလျင်မြန်ချောမွေ့စွာ သွားလာနိုင်ပြီဖြစ်သည်။ ကျန်သည့်လမ်းပိုင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်မကုန်မီ အပြီးကတ္တရာခင်းသွားရန် ဆောင်ရွက်သွားမည်ဖြစ်သည်။

မြိတ်မှကော့သောင်းအထိလမ်းပိုင်းတွင်လည်း မြိတ်မြို့မှ အထွက်မိုင် ၁၀၀ အထိ ကျောက်လမ်းခင်းထားပြီးဖြစ်ရာ အချို့နေရာများတွင် ကတ္တရာနှင့် အချို့နေရာများတွင် ကွန်ကရစ်များ ခင်းရန် ဆောင်ရွက်နေပြီဖြစ်သည်။ မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီး နယ်စပ် မလွှဲတောင်မှ ကော့သောင်းမြို့အထိ ကားလမ်းအရှည် ၅၀၄ မိုင် ၇ ဖာလုံရှိရာ လမ်းပိုင်းအလိုက် သတ်မှတ်ကာ ကားလမ်းအဆင့်မြှင့်တင်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ကားလမ်းများ အဆင့်မြှင့်တင်မှု ပြီးစီးပါက တနင်္သာရီတိုင်းဒေသကြီးသို့ မြန်မာနိုင်ငံတစ်ဝန်းမှ ကားလမ်းခရီးဖြင့် အဆင်ပြေချောမွေ့စွာလာရောက်နိုင်မည်ဖြစ်ပြီး ကုန်စည်စီးဆင်းမှုနှင့်ခရီးသွားလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်သည်။ **သတင်း-မောင်မောင်မြင့်ဆွေ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

ရထားစက်ခေါင်းစက်ရုံသစ်နှင့် တွဲသစ်စက်ရုံ နေပြည်တော်နှင့်မြစ်ငယ်၌ တည်ဆောက်မည်

နေပြည်တော် ဇွန် ၁၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမြန်မာ့မီးရထားက တရုတ်နိုင်ငံမှ ချေးငွေဖြင့် ရထားစက်ခေါင်းသစ် တည်ဆောက်ရေး စက်ရုံနှင့်လူစီးတွဲသစ်တည်ဆောက်ရေး စက်ရုံနှစ်ရုံကို နေပြည်တော်နှင့်မြစ်ငယ်တို့တွင် မကြာမီတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စက်ရုံသစ်နှစ်ရုံတည်ဆောက်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Exim Bank မှ ချေးငွေအမေရိကန်ဒေါ်လာ ၉၁ သန်းကျော်ဖြင့် တစ်နှစ်လျှင် မြင်းကောင်ရေ ၂၀၀၀ အားရှိ စက်ခေါင်းသစ်အလုံး ၂၀ ထုတ်လုပ်နိုင်သည့် စက်ခေါင်းသစ် တည်ဆောက်ရေး စက်ရုံကို နေပြည်တော်တွင်လည်းကောင်း၊ တစ်နှစ်လျှင် လူစီးတွဲသစ် ၁၂၀ ထုတ်လုပ်နိုင်သည့် တွဲသစ်တည်ဆောက်ရေးစက်ရုံကို မြစ်ငယ်တွင်လည်းကောင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စက်ရုံအဆောက်အအုံ ဆောက်လုပ်ရန် တင်ဒါခေါ်ယူထားပြီးဖြစ်ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း စတင်အကောင် အထည်ဖော်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဒီစက်ရုံနှစ်ရုံ ဆောက်လုပ်ဖို့အတွက် လိုအပ်တဲ့ ပစ္စည်းတွေကို ဝယ်ယူဖို့ ကျွန်တော်တို့မြန်မာ့မီးရထားနဲ့ CMC တို့ ကန်ထရိုက်စာချုပ်ကို ၁၇-၇-၂၀၁၃ ရက်က ချုပ်ဆိုခဲ့တယ်။ လာမယ့် ဇူလိုင်လအတွင်း လုပ်ငန်းတွေ စတင်အကောင်အထည်ဖော်ဖို့ ရှိတယ်။ နေပြည်တော် စက်ခေါင်းသစ် စက်ရုံကိုတော့ ယခုလက်ရှိ နေပြည်တော်ဘူတာကြီး သံလမ်းအရှေ့ဘက်ခြမ်းမှာ တည်ဆောက်မှာပါ။ တည်ဆောက်မယ့်မြေ အကျယ်ကတော့ ၇၀၁၁၆ စတုရန်းမီတာ(၇ ဒသမ ၀၁၁၆ ဟက်တာ) ရှိပါတယ်။ မြစ်ငယ်လူစီးတွဲသစ်တည်ဆောက်ရေးစက်ရုံကိုတော့ လက်ရှိတွဲဆိုင်းထုတ်လုပ်တဲ့စက်ရုံနဲ့ ကွန်ကရစ် ဇလီဖားတုံး ထုတ်လုပ်တဲ့ စက်ရုံနှစ်ရုံကြားမှာ တည်ဆောက်မှာ ဖြစ်ပါတယ် " ဟု မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာ (အင်ဂျင်နီယာ/ စီမံ) ဦးအောင်ဝင်းက ပြောသည်။

စီမံကိန်းကာလတွင် စက်ခေါင်း ၂၂ ခေါင်း နှင့် ရိုးရိုးတန်းလူစီးတွဲသစ် ၆၀ တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ စီမံကိန်းစတင်စဉ် စက်ခေါင်း ခုနစ်ခေါင်းနှင့် လူစီးတွဲ ၃၉ တွဲကို တရုတ်နိုင်ငံ၌ အသင့်ဒီဇိုင်းရေးဆွဲတည်ဆောက်ပြီး မြန်မာအင်ဂျင်နီယာများနှင့် ကျွမ်းကျင်ပညာရှင်များကို တရုတ်နိုင်ငံ၌ပင် သင်တန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် စက်ခေါင်းစက်ရုံသစ်၌ စက်ခေါင်းဘိုဂီ သုံးလုံးတည်ဆောက်ပြီး စက်ရုံသစ်ရှိ ကုန်ကြမ်းပစ္စည်းများကို အသုံးပြု၍ တရုတ်ပညာရှင်များ၏ နည်းပညာ အကူအညီဖြင့် မြန်မာအင်ဂျင်နီယာများက စက်ခေါင်းသစ်တစ်ခေါင်းကို တည်ဆောက်မည်ဖြစ်ပြီး တွဲသစ်တည်ဆောက်ရေးစက်ရုံသစ်၌လည်း ဘိုဂီ ၁၀ လုံးတည်ဆောက်ကာ စက်ရုံသစ်ရှိ ကုန်ကြမ်းပစ္စည်းများအသုံးပြု၍ တရုတ်ပညာရှင်များ၏နည်းပညာအကူအညီဖြင့် မြန်မာအင်ဂျင်နီယာများက လူစီးတွဲသစ်ငါးတွဲ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး တရုတ်မှ အသင့်တည်ဆောက်ပြီးဘိုဂီ ၄၂ လုံးဖြင့်စက်ခေါင်းသစ်စက်ရုံရှိ ကုန်ကြမ်းပစ္စည်း၊ အစိတ်အပိုင်းများအသုံးပြု၍ စက်ခေါင်းသစ် ၁၄ ခေါင်းနှင့် တရုတ်မှ အသင့်တည်ဆောက်ပြီး ဘိုဂီ ၃၂ လုံးဖြင့် တွဲသစ် စက်ရုံသစ်ရှိ ကုန်ကြမ်းအစိတ်အပိုင်းများ အသုံးပြု၍ လူစီးတွဲသစ် ၁၆ တွဲတို့ကို မြန်မာအင်ဂျင်နီယာများကိုယ်တိုင် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်း-တင်မောင်လွင် ဓာတ်ပုံ-မောင်မွေး**

မြစ်ငယ်တွဲသစ်စက်ရုံပုံစံငယ်

မိတ္ထီလာနည်းပညာတက္ကသိုလ်တွင် ဒုတိယအကြိမ်မြောက် ဘားကမ့်ပွဲတော်ကျင်းပမည်

မိတ္ထီလာ ဇွန် ၁၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနည်းပညာတက္ကသိုလ်တွင် လာမည့် ဇွန်၂၀ ရက်တွင် ဒုတိယအကြိမ်မြောက်အဖြစ် Bar-Camp TU- Meiktila 2015 ကို ထပ်မံကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဘားကမ့်ပွဲကို နံနက် ၈ နာရီခွဲမှ ညနေ ၃ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်သည်။ စာသင်ခန်းခြောက်ခန်း၊ အချိန် ခုနစ်ချိန်ဖြင့် Topic စုစုပေါင်း ၄၀ကျော်ခန့်ရှိမည်ဖြစ်သည်။ ယခု ဒုတိယအကြိမ်မြောက် Bar Camp ကို နည်းပညာတက္ကသိုလ်သာမက အခြားတက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူ၊ ဒေသခံလူငယ်များအနေဖြင့် ပညာရပ်ဆိုင်ရာ အသိပညာ၊ ဗဟုသုတ တိုးပွားစေရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေနိုင်စေရန် မိမိမသိသေးသော ပညာရပ်များကို သိရှိလာသည်။ သိရှိပြီးသော ပညာရပ်များကို ပိုမိုကျယ်ပြန့်လာစေရန် အစရှိသည့် ရည်ရွယ်ချက်များဖြင့် ထပ်မံကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဘားကမ့်ပွဲ၏ ထူးခြားချက်မှာ Bar Camp Museum ဆိုသော အစီအစဉ်ပါဝင်ခြင်းဖြစ်သည်။ Bar Camp &Project Show အတွက် ကျောင်းသား ကျောင်းသူ တစ်ဦးချင်းစီ၏ ကိုယ်ပိုင် Project များကို ပြသနိုင်အောင် စီစဉ်ထားမည်ဖြစ်သည်။

ယခုနှစ်တွင်လည်း ကဏ္ဍစုံဟောပြော ဆွေးနွေးမှုများ ပါဝင်မည်ဖြစ်ပြီး နည်းပညာကဏ္ဍနဲ့ Project များကို ပိုမိုအလေးပေးထားမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာ ဘာသာရပ်ဆိုင်ရာ ဟောပြောဆွေးနွေးမှုများလည်းများစွာ ပါဝင်သွားမည်ဖြစ်ပြီး မိတ္ထီလာမြို့ရှိ အခြားသောတက္ကသိုလ်၊ ကောလိပ် ငါးခုမှ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများကလည်း ပါဝင်ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွက် ဘားကမ့်ဆောင်ပုဒ်မှာ It's Unity! ဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ စုံစမ်းသိရသည်။

ယမန်နှစ် ၂၀၁၄ ဇွန် ၇ ရက်က မိတ္ထီလာနည်းပညာတက္ကသိုလ်တွင် ပထမအကြိမ်ကျင်းပခဲ့သော ဘားကမ့်ပွဲတော်တွင် လူဦးရေ ၂၀၀၀ ကျော် ပါဝင်ဆင်နွှဲခဲ့ကြောင်း အဆိုပါတက္ကသိုလ်၏ ဘားကမ့်ဖြစ်မြောက်ရေးအဖွဲ့ထံမှ သိရသည်။

တင်လှိုင် (မိတ္ထီလာ)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ဝန်းကျင်လွှမ်းပသာယာဖို့ ဆေးစွဲသူကိုဝိုင်းကူစို့

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူ့ဗဟိုပြု လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်းပါဝင်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မိုင်းဖုန်းအုပ်စု ဟိုနားရွာ၌ ဘိန်းစိမ်းများဖမ်းမိ

ဝမ်ပုံ ဇွန် ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖုန်း(က)အုပ်စု ဟိုနား(အာခါ)ရွာ၌ ဘိန်းစိမ်း ၂၀၀ ဂရမ်ကို ဇွန် ၁၂ ရက် နံနက်ပိုင်းက ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇွန် ၁၂ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၁၀၄)နေပြည်တော်မှ ရဲအုပ်ဝင်းလှိုင် ဦးစီးအဖွဲ့နှင့် ပူးပေါင်းအဖွဲ့သည် မိုင်းဖုန်း(က)အုပ်စု ဟိုနား(အာခါ)ရွာရှိ ဒေါ်ရှိန်ရှူ၏နေအိမ်ကို သတင်းအရ ရှာဖွေရာ ဘိန်းစိမ်း (အမည်းရောင်အစေး) အလေးချိန် ၂၀၀ ဂရမ်ကို တွေ့ရှိသိမ်းဆည်းခဲ့ကြောင်း သိရသည်။ အမှုမှ ဘိန်းစိမ်းများနှင့်အတူ ဖမ်းဆီးရမိသူအား ဝမ်ပုံနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

ကျောက်တံခါးမြို့၌ ဆေးခြောက်များ ဖမ်းဆီးရမိ

ကျောက်တံခါး ဇွန် ၁၄

ရန်ကုန်-မန္တလေးကားလမ်းဟောင်း ယုဇနလမ်းထိပ် ကွင်းနောက်ရပ်ကွက်တွင် ဇွန် ၁၂ ရက် ည ၁၀ နာရီက နယ်မြေလုံခြုံရေးနှင့် မှုခင်းကျဆင်းရေးအတွက် မြို့မစခန်းမှူး ဒုရဲမှူးသိန်းထိုက်နှင့် တပ်ဖွဲ့ဝင်များ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်စဉ် စီရိပသီး(၃၈ နှစ်)ကျောက်တံခါးမြို့နယ်နေသူ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ အလေးချိန် သုံးကျပ်သား ၄၈ ဒသမ ၉၉ ဂရမ်ရှိ ဆေးခြောက်ထုပ်ဟု ယူဆရသော အရွက်ခြောက်တစ်ထုပ်နှင့် ငွေစက္ကူရောရာ ငွေကျပ် ၄၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဆေးခြောက်ဟု ယူဆရသော အရွက်ခြောက်ထုပ်နှင့် လက်ဝယ်အတူ တွေ့ရှိသူ စီရိပသီးကို ကျောက်တံခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ခင်ကိုဂြ(ကျောက်တံခါး)

မူဆယ်မြို့ နမ့်အွမ်ကျေးရွာအဝင်တွင် စိတ်ကြွရူးသွပ်ဆေးပြားဖမ်းဆီးရမိ

မူဆယ် ဇွန် ၁၄

ရွှေလီ စစ်ဆင်ရေး (၂)စီမံချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် နမ့်အွမ်ကျေးရွာအဝင် နမ့်အွမ်-တီးမသွားကားလမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် တက္ကနိုင်းကျေးရွာဘက်မှ နမ့်အွမ်ကျေးရွာဘက်သို့ ရင့်ရှင်မြင့်(ခ)အိုက်ကော့ စီးနင်းလာသည့်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၄၀၊ အလေးချိန် ၅၃၄ ဒသမ ၆ ဂရမ်ခန့်ကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အောင်ကျော်(iprd)

နမ့်ခမ်း-မုံးဝီးသွားကားလမ်းမတွင် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ

မူဆယ် ဇွန် ၁၄

ရွှေလီစစ်ဆင်ရေး(၂)စီမံချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးပူးပေါင်းအဖွဲ့သည် ဇွန် ၈ ရက်က နမ့်ခမ်း-မုံးဝီးသွားကားလမ်းမ နမ့်ခမ်းမြို့နယ် နမ္မတီးကျေးရွာအဝင်လမ်းမပေါ်တွင် နမ္မတီးကျေးရွာဘက်မှ နမ့်ခမ်းမြို့ဘက်သို့ ကျောင်ရှင်းချန်း (၂၅ နှစ်) မင်္ဂလာရပ်ကွက်သစ်ရပ်ကွက်နမ့်ခမ်းမြို့မှ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူမှုန့်အလေးချိန် ၂၈၆ ဂရမ်ခန့်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းခဲ့သည်။

(ခရိုင် ပြန်/ဆက်)

ကိုယ်ပိုင်ကားတစ်စီး ရပ်ထားစဉ် မီးလောင်မှုဖြစ်

မိတ္ထီလာ ဇွန် ၁၄

ရန်ကုန်-မန္တလေးအမြန်လမ်းကြီး သီးကုန်းအမြန်လမ်းရဲစခန်းအပိုင် မိုင်တိုင်အမှတ်(၂၈၄/၇)အနီးတွင် ဇွန် ၁၃ ရက် ညနေ ၅ နာရီက ကိုယ်ပိုင်ကားတစ်စီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့ ခရေပင်ရိပ်မွန်အိမ်ရာ (၃) လမ်း၊ မင်္ဂလာဒုံမြို့နယ်နေ စမ်းမင်းဌေး (၃၁နှစ်)သည် ၄င်း၏ဇနီးနှင့်အတူ မန္တလေးမှရန်ကုန်သို့ ယာဉ်အမှတ် ၉၄/---- အနက်ရောင် LEXUS ကားကို မောင်းနှင်လာစဉ် သီးကုန်းကားလမ်းအရောက်တွင် ကားခေတ္တနားနေစဉ် ကားနောက်ခန်းမှ ဝိုင်ယာရှော့ခ်ဖြစ်ပြီး မီးလောင်ခဲ့သည်။ သီးကုန်းမီးသတ်စခန်းနှင့် မိတ္ထီလာမီးသတ်ကားများဖြင့် ဝိုင်းဝန်းငြိမ်းသတ်ရာ နာရီဝက်အတွင်း ငြိမ်းသတ်နိုင်ခဲ့သည်။ အဆိုပါကားမီးလောင်မှုနှင့်ပတ်သက်၍ သီးကုန်းအမြန်လမ်းရဲစခန်းက ယာဉ်မောင်းစမ်းမင်းဌေးအား အမှုဖွင့်အရေးယူထားကြောင်း သိရ သည်။

တင်လှိုင်(မိတ္ထီလာ)

တရားမဝင်သစ်များ ဖမ်းဆီးရမိ

ကသာ ဇွန် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ရဲစခန်းတောင်ဘက် ၁၄ မိုင်ခန့်အကွာရှိ လယ်ပြင်ကျေးရွာနေ ထွန်းဝင်း၏ နေအိမ်ခြံဝင်းအတွင်းမှ စုပုံထားသော တရားမဝင်ကျွန်းခွဲသားများ တမလန်းခွဲသားများနှင့်တမလန်းတိုင်များအား ဇွန် ၁၂ ရက်က ဖမ်းဆီးခဲ့ကြောင်း သိရသည်။

နေအိမ်ခြံဝင်းအတွင်း စုပုံထားသော ကျွန်းခွဲသားဆိုက်စုံ ၉၀၅ ချောင်း၊ ၃ ဒသမ ၁၄ တန်၊ ကာလတန်ဖိုးငွေကျပ် ၇၅၀၃၅၀၊ တမလန်းသားဆိုက်စုံ ၄၇ ချောင်း၊ ၀ ဒသမ ၂၄၄၆ တန်၊ ကာလတန်ဖိုးငွေကျပ် ၆၁၁၆၀ နှင့် တမလန်းတိုင် ၁၃ လုံး၊ ၀ ဒသမ ၇၇၂ တန်ကာလတန်ဖိုး ငွေကျပ် ၁၅၆၀၀၊ စုစုပေါင်း တန်ဖိုးငွေကျပ် ၈၂၇၁၀၀ ခန့်ကို ကသာခရိုင် သစ်တောလက်ထောက်ညွှန်ကြားရေးမှူးနှင့်အဖွဲ့ အင်းတော်မြို့နယ်သစ်တောဦးစီးဌာနအဖွဲ့တို့မှ ပူးပေါင်းပြီး ဖမ်းဆီးခဲ့ကြောင်း သိရ သည်။

ဦးရဲ (ကသာ)

ရေတွင်းဟောင်းအတွင်း အမှိုက်ဆင်းဆယ်သူ အောက်ဆီဂျင်ပြတ်ကာ သေဆုံး

ရေတာရှည် ဇွန် ၁၄

ဇွန် ၁၁ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က တောင်ဥခရိုင် ထန်းတပင်မြို့နယ်တွင် ရေတွင်းဟောင်းအတွင်းအမှိုက်ဆင်းဆယ်သူမျိုးသားတစ်ဦး အောက်ဆီဂျင်ပြတ်ကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။ အခင်းဖြစ်ပွားရာသို့ ဇရပ်ကြီးနယ်မြေ ရဲစခန်းမှူး ရဲအုပ် ဗန်ဒါဝိတ်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ယင်းကျေးရွာနေ ဒေါ်ဘုတ်ဆုံ၏ နေအိမ်သို့ အလည်ရောက်ရှိနေသည့် တူတော်သူ မြင့်ငွေ(ခ) မဲကုလား(၄၆ နှစ်) ကွေ့ကြီးကျေးရွာ ငါးဆီလျောင်းကျေးရွာအုပ်စုနေသူသည် ဒေါ်ဘုတ်ဆုံ နေအိမ်ခြံဝင်းအရှေ့ဘက်တွင် ရေမရှိသော ရေတွင်းထဲမှ အမှိုက်များကိုဆင်း၍ ဆယ်ပေးနေစဉ် အောက်ဆီဂျင်ပြတ်ကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ကိုလွင် (ဆွာ)

ဆရာအာသာ SUCCESS Language Academy

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက် (မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း Ph: 202046,392048,256954

Basic English Speaking
10-11:30 (Mon ~ Thurs) 17 Jun
9 - 12:00 (Sat + Sun) 20 Jun
1 - 2:30 (Mon ~ Thurs) 22,29 Jun
1 - 4:00 (Sat + Sun) 5 Jul

Basic Four Skills English
3:30 - 5 (Mon ~ Thurs) 15 Jun
6 - 7:30 (Mon ~ Thurs) 15 Jun
1 - 4:00 (Sat + Sun) 20,27 Jun
10-11:30 (Mon ~ Thurs) 22 Jun
1 - 2:30 (Mon ~ Thurs) 23 Jun
7:30-10:30 (Sat + Sun) 28 Jun
10-11:30 (Mon ~ Thurs) 1 Jul

Basic Writing
10-11:30 (Mon ~ Thurs) 6 Jul

Pre-Intermediate (4-Skill English)
10-11:30 (Mon ~ Thurs) 17 Jun
9 - 12:00 (Sat + Sun) 20 Jun
1 - 2:30 (Mon ~ Thurs) 23 Jun
10-11:30 (Mon ~ Thurs) 13 Jul
3:30 - 5 (Mon ~ Thurs) 22 Jul

Intermediate (Academic English)
9 - 12:00 (Sat + Sun) 27 Jun
7:30 - 9 (Mon ~ Thurs) 22 Jul

Vocab Enrichment
10-11:30 (Mon ~ Thurs) 22 Jun
1 - 4:00 (Sat + Sun) 12 Jul

Basic Grammar
10-11:30 (Mon ~ Thurs) 6 Jul

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည်သင်တန်းများ

Basic English Speaking
10-11:30 (Mon ~ Thurs) 22 Jun
1 - 2:30 (Mon ~ Thurs) 22 Jun

Basic Four Skills English
3:30 - 5 (Mon ~ Thurs) 15 Jun
1 - 2:30 (Mon ~ Thurs) 22 Jun
6 - 7:30 (Mon ~ Thurs) 29 Jun

Basic Grammar
7:30-10:30 (Sat + Sun) 18 Jul

IELTS (Preparation)
7:30-9:30 (Mon ~ Thurs) 13 Jul
1 - 4:30 (Sat + Sun) 25 Jul

IELTS Exam Practice
3:30 - 5 (Mon ~ Thurs) 20 Jul

Pre-Intermediate (4-Skill English)
7:30-10:30 (Sat + Sun) 27 Jun
6 - 7:30 (Mon ~ Thurs) 13 Jul

Intermediate (Academic English)
12 - 3:00 (Sat + Sun) 12 Jul

IELTS (Preparation)
12:30 - 3:30 (Sat + Sun) 20 Jun

IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 8 Jun

IELTS (Reading)
7:30-9:30 (Mon ~ Thurs) 15 Jun

IELTS (Writing)
7:30-9:00 (Mon ~ Thurs) 29 Jun

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး နေပြည်တော် (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ တိုးချဲ့အဆောက်အအုံသစ်တစ်လုံးအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသားပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၅-၆-၂၀၁၅ ရက် (တနလာနေ့)
(ခ) **တင်ဒါပုံစံအရောင်းပိတ်မည့်ရက်** - ၁၅-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
(ဂ) **တင်ဒါပုံစံတင်ရမည့်နေရာ** - ဘတ်ဂျက်နှင့် ထောက်ပံ့ဌာန၊ ထောက်ပံ့ရေးဌာနခွဲ
(ဃ) **တင်ဒါဝိတ်မည့်ရက်** - ၁၆-၇-၂၀၁၅ ရက် (ကြာသပတေးနေ့)
(င) **တင်ဒါဖွင့်မည့်ရက်** - ၁၇-၇-၂၀၁၅ ရက် (သောကြာနေ့)

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို တစ်စုံလျှင်ကျပ် ၁၅၀၀၀ဝ/-(ကျပ်တစ်သောင်းငါးထောင်တိတိ)ဖြင့် ၁၅-၆-၂၀၁၅ ရက်မှစတင်၍ (ရုံးချိန်အတွင်း) ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ဘတ်ဂျက်နှင့်ထောက်ပံ့ဌာနတွင် စတင်ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ရုံးအမှတ် ၅၄၊ နေပြည်တော်၊ ညွှန်ကြားရေးမှူး၊ ဘတ်ဂျက်နှင့်ထောက်ပံ့ဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၇-၄၃၀၃၂၄/၄၃၀၃၂၅တို့သို့ဖြစ်စေ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
ရုံးအမှတ်-၅၄၊ နေပြည်တော်

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/4593 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)

သွေးသည် အသက်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ အမှတ် ၂၆၆၊ အခန်း ၁၀၄(ပထမထပ်)အခန်းကို မူလအမည်ပေါက် ဦးအောင်ကြည် TTA-၀၁၉၈၂၈ ထံမှ ဒေါ်ဌေးဌေးဝင်း ၁၂/ဥကတ(နိုင်)၀၉၂၆၀၀ က တရားဝင် စာချုပ်စာတမ်းဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် တိုက်နန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဝေယန္တာဥယျာဉ်အိမ်ရာ၊ အမှတ် (က)၊ အခန်း ၁၀၄(ပထမထပ်) အခန်းကို မူလအမည်ပေါက် ဒိုလိမ္ဘားဝင်းနွယ်(ကြည်း-၁၄၈၄၂)ထံမှ ဦးသက်နိုင် ၁၂/အစန(နိုင်)၁၀၉၆၇၄ တရားဝင် စာချုပ်စာတမ်းအဆင့်ဆင့်ဖြင့် ဝယ်ယူပြီးဖြစ်ပါသဖြင့် တိုက်နန်းပိုင်ဆိုင်မှု အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ရှမ်းပြည်နယ်တောင်ပိုင်းအတွင်းရှိခုတင်(၂၀၀)ဆံ့ဆေးရုံကြီး(၃)ရုံအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ စဝ်စံထွန်း ပြည်သူ့ဆေးရုံကြီး၊ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး တောင်ကြီးမြို့နှင့် လွှိုင်လင်အထွေထွေရောဂါကုဆေးရုံကြီး၊ လွှိုင်လင်မြို့များတွင် တည်ရှိသောခုတင်(၂၀၀)ဆံ့ ဆေးရုံကြီးသုံးရုံ၌ တက်ရောက်ကုသလျက်ရှိသော လူနာများအား ဆေးကုသပေးနိုင်ရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါတင်သွင်းသွားပုံစံများစတင်ရောင်းချမည့် နေ့ရက်နှင့်အချိန်** - ၁၅-၆-၂၀၁၅ ရက် (တနလာနေ့) ၀၉း၀၀ နာရီ
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၃-၇-၂၀၁၅ ရက် (တနလာနေ့) ၁၆း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကိုသိရှိလိုပါက ၁၅-၆-၂၀၁၅ ရက်မှစ၍ နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးဝါးများဝယ်ယူရေးကြေးကြပ်မှုကော်မတီ
စဝ်စံထွန်းပြည်သူ့ဆေးရုံကြီး၊ တောင်ကြီးမြို့၊ ဖုန်း-၀၈၀-၂၁၁၁၀၄

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တက္ကစီနှုန်းထားများသတ်မှတ်ထားသဖြင့် ခရီးသည်များအဆင်ပြေ

ရန်ကုန် ဇွန် ၁၄

ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်ခန်းမဆောင် ပြည်ပဆိုက်ရောက် ထွက်ပေါက်အနီးတွင် တက္ကစီအဌားကောင်တာကို ဖွင့်လှစ်ထားပြီး တက္ကစီဌားရမ်းခစျေးနှုန်းများ သတ်မှတ်ကြေညာပေးထားသဖြင့် ပြည်တွင်းနှင့် နိုင်ငံတကာမှရောက်လာသော ခရီးသွားဧည့်သည်များအနေဖြင့် လေဆိပ်မှ ရန်ကုန်မြို့တွင်းသွားရောက်ရာတွင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ခရီးသွားဧည့်သည်လာရောက်မှု ပိုမိုများပြားလာလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတကာမှ ဝင်ရောက်လာသော ခရီးသွားဧည့်သည်များ သွားလာရေး အဆင်ပြေစေရန်အတွက် တက္ကစီအဌားကောင်တာ ဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးနေခြင်း ဖြစ်ကြောင်း သိရသည်။

ယာဉ်ငှားခ သတ်မှတ်နှုန်းထားများကို လေဆိပ်အဆောက်အအုံခန်းမအဝင်တွင် ဒီဂျစ်တယ်စနစ်ဖြင့် အင်္ဂလိပ်စာတန်းထိုး၍ ပြသထားသည်။ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မရမ်းကုန်းမြို့နယ် ရှစ်မိုင်လမ်းဆုံသို့ ကျပ်သုံးထောင်၊ လေဆိပ်မှ ဆိုဒိုးနားဟိုတယ်သို့ ကျပ်ငါးထောင်၊ လေဆိပ်မှလှည်းတန်းသို့ ကျပ်ငါးထောင်၊ မြေနီကုန်းသို့ ကျပ်ခြောက်ထောင်နှင့် ရွှေဂုံတိုင်လမ်းဆုံသို့ ကျပ်ခုနစ်ထောင်နှုန်း သတ်မှတ်ထားသည်။

ထိုသို့စျေးနှုန်းများ သတ်မှတ်ပေးထားသဖြင့် ခရီးသည်များအနေဖြင့် ယာဉ်စီးခပိုး၍ အတောင်းခံရခြင်း မရှိသည့်အပြင် ခရီးသည်များ၏ လုံခြုံရေးအတွက်လည်း ပိုမိုစိတ်ချရပြီး အဆင်ပြေ ချောမွေ့စွာသွားလာနိုင်သည်။**မောင်အာကာ၊ဓာတ်ပုံ–ကေဇင်**

ဆင်ခြေဖုံးမြို့နယ်များမှစျေးများကို အဆင့်မြှင့်တင်တည်ဆောက်မည်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် မြို့တော်အတွင်းစျေးများ သန့်ရှင်းသပ်ရပ်ရေးအတွက် ဆင်ခြေဖုံးမြို့နယ်များတွင် အဓိကထား၍ စျေးသစ်များကို တည်ဆောက်လျက်ရှိရာ ယခုဘဏ္ဍာနှစ်အတွင်း၌ ဆင်ခြေဖုံးမြို့နယ်များမှ စျေး ၁၂ ခုကို နှစ်ထပ်စျေးနှင့် တစ်ထပ်စျေးများ အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်သူများ အဆင့်မြှင့်သန့်ရှင်းစွာ ရောင်းဝယ်ဖောက်ကားနိုင်ရန်အတွက် စျေးများကို အဆင့်မြှင့်တင်ခြင်း၊ အကြီးစားပြုပြင်ခြင်းနှင့် နှစ်ထပ်စျေး၊ တစ်ထပ်စျေးများအဖြစ် အသစ်တည်ဆောက်ခြင်းများကို ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဒေါပုံနှင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ စျေးနှစ်ခုကို ပုံစံတူ Steel Structure အဆောက်အအုံသစ်များအဖြစ် တည်ဆောက်နေပြီး တည်ဆောက်မှုလုပ်ငန်းများ မကြာမီပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ထဲမှာ ရန်ကုန်မြို့တော်ရဲ့ ဆင်ခြေဖုံးမြို့နယ်တွေက စျေးတွေကို အဓိကထားပြီး အကြီးစားပြင်ဆင်မှုတွေ၊ အသစ်တည်ဆောက်မှုတွေ ပြုလုပ်သွားမှာ ဖြစ်ပါတယ်။ အချို့စျေးရုံတွေကို မေလကတည်းက ဆောက်လုပ်နေတာပါ။ အချို့ကတော့ တည်ဆောက်မှုတွေ ပြီးနေပါပြီ။ အချို့ကကျတော့ အခုမှ လုပ်ငန်းစတင်မှာဖြစ်ပါတယ်"ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ(စျေးများ ဌာန)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဒေါပုံနှင့် ရွှေပြည်သာစျေးများကို မကြာမီဖွင့်လှစ်ရန် စီစဉ်လျက်ရှိကြောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ်အတွင်းရှိ ဆိပ်ကြီးခနောင်တိုစျေးကိုလည်း နှစ်ထပ်စျေးသစ်အဖြစ် ရုံသုံးရုံဖြင့် တည်ဆောက်လျက်ရှိရာ မိုးတွင်းကာလအကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ သာကေတမြို့နယ်အတွင်းရှိ အမှတ်(၁)စျေးနှင့် အမှတ်(၂)စျေးများကိုလည်း စျေးရုံအသစ်တည်ဆောက်သွားမည်ဖြစ်ကာ ယခုအခါ ယာယီစျေးရုံများ တည်ဆောက်ခြင်းနှင့် စျေးအဆောက်အအုံသစ်များအတွက် ပုံစံထုတ်ခြင်း၊ မြေတိုင်းစမ်းသပ်ခြင်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

သတင်း–ကြီတိုင်းအောင်၊ ဓာတ်ပုံ သက္ကာ

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆိုင်းဘုတ်များ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်း၌ စိုက်ထူ

ရန်ကုန် ဇွန် ၁၄

ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဆောင်ရွက်နေသည့် ယင်းမာစီမ်ချက်အရ ရန်ကုန်မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များ၌ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ဆောင်ပုဒ်ပါ ဆိုင်းဘုတ်များ စိုက်ထူခြင်း၊ ပိုစတာတပ်ဆင်ခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ကို ဇွန် ၁၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မူးယစ်အန္တရာယ် လူ့ရန်စွယ်ကာကွယ်တိုက်ဖျက် လက်ချင်းဆက်၊ မျှော်လင့်ချက်တို့ထားနိုင်ရာ သတင်းစကားလေးတစ်ခုပါ မူးယစ်ဆေးစွဲခြင်းဆိုတာ ကြိုတင်ကာကွယ်ကုသနိုင်တဲ့အရာ၊ မူးယစ်နွံတွင်း ကျွံဆင်းခြင်း ဘဝနိုင်ုံးချုပ်လိမ့်မည်၊ စိတ်ဓာတ်ခိုင်မာသန်စွမ်းရေး အားကစားကဏ္ဍမြှင့်တင်ပေး မူးယစ်ဆေးကိုရှောင်ပါမနေ့ စသည့် မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေး ပညာပေးဆိုင်းဘုတ်များကို ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် စော်ဘွားကြီးကုန်းလမ်းဆုံရှိ နံ့သာကုန်းစျေးရှေ့၊ စော်ဘွားကြီးကုန်းလမ်းဆုံအနီး ပြည်လမ်းမပေါ် အလက(၁၂)ကျောင်းရှေ့၊ တည်ငြိမ်ကုန်းရပ်ကွက် တည်ငြိမ်ကုန်းလမ်းဆုံနှင့် မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာအဝေးပြေးကားဝင်းအတွင်း ဒဂုံလမ်းနှင့် မော်လမြိုင်လမ်းဆုံ စသည့် နေရာများ၌ စိုက်ထူခဲ့ပြီး အဆိုပါမြို့နယ်များအတွင်းရှိ လူစည်ကားရာနေရာများ၌လည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ပုဒ်များပါ ပိုစတာများနှင့် စတစ်ကာများကို တပ်ဆင်ခဲ့ကြသည်။

ဆိုင်းဘုတ်စိုက်ထူသည့် အခမ်းအနားများသို့ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

သူရဖြိုး

နည်းပညာဆိုင်ရာ နိုင်ငံတကာဆုနှစ်ခုကို မေမေအပလီကေးရှင်း ထပ်မံရရှိ

ရန်ကုန် ဇွန် ၁၄

အမျိုးသမီးများ ကိုယ်ဝန်ဆောင်ချိန်နှင့် မီးဖွားပြီးချိန်နောက်ပိုင်းတွင် မိခင်နှင့်ကလေး ကျန်းမာရေးဆိုင်ရာ အရေးကြီးသတင်းအချက်အလက်များကို ရယူနိုင်ရန်အတွက် အော်ရီဒူးမြန်မာက ထုတ်လုပ်ထားသည့် Maymay Application သည် Global Telecom Business (GTB) Innovation Awards 2015 ဆုပေးပွဲတွင် သုံးစွဲသူကြိုက်တီထွင်ထားသောဝန်ဆောင်မှုဆုနှင့် Telecom Asia Awards 2015 ဆုပေးပွဲတွင် အကောင်းဆုံးလူထုအခြေပြု တယ်လီကွန်စီမံကိန်းဆုများကို ရရှိခဲ့ကြောင်း သိရသည်။

GTB ဆုပေးပွဲကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ကျင်းပခဲ့ပြီး Telecom Asia ဆုပေးပွဲကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

မေမေ အပလီကေးရှင်းကို KoeKoe Tech က ဒီဇိုင်းထုတ်ထားပြီး ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကျန်းမာရေးမြှင့်တင်မှုများဆောင်ရွက်နေသည့် PSI နိုင်ငံတကာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းနှင့် အော်ရီဒူးတို့က ပူးပေါင်းကူညီကာ GSMA Connected Woman အစီအစဉ်၏ ငွေကြေးထောက်ပံ့မှုဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ် စက်တင်ဘာလ အတွင်းက စတင်ဖြန့်ဝေခဲ့ပြီး ယခုအချိန်အထိ သုံးစွဲသူပေါင်း ၁၁၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း၊ အပလီကေးရှင်းကို အန်းဒရွိုက်ဖုန်းများသာမက iOS အတွက်လည်း အခမဲ့ရယူနိုင်ပြီဖြစ်ကြောင်း သိရသည်။

သွန်းဝဿန်

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါပစ္စည်း/လုပ်ငန်း များကို နိုင်ငံခြားငွေ/မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်–

စဉ်	တင်ဒါအမှတ်	ပစ္စည်း/လုပ်ငန်းအမျိုးအမည်
(က)	12(T)12/MR(ML) JP¥	JR East Railway Company မှ DMU (၉)စီးအား ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ အရောက်သယ်ပို့ရန်
(ခ)	12(T)13/MR(ML) JP¥	JR Central Railway Company (Japan)မှ DMU (၁၈)စီးအား မြန်မာ့မီးရထားသို့ ဝယ်ယူပေးသွင်းရန်
(ဂ)	၃၉/မမ (CME) Kyat	ရန်ကုန်နှင့် မန္တလေးအခြေစိုက်လူစီးရထားတွဲဆိုင်းများတွင် ပိုးမွှားကာကွယ်နိမ်နှင်းခြင်းလုပ်ငန်း ဆောင်ရွက်ရန်
(ဃ)	၄၀/မမ(ဌာနခွဲအသီးသီး) Kyat	ရုံးသုံးစက်ကိရိယာပစ္စည်း(၈)မျိုးဝယ်ယူရန် (Calculator , မီးအားမြှင့်စက်၊သော့ခလောက်,Paper Cutter,Stapler, Hole Punch အကြီး)
(င)	၄၁/မမ(CE)Kyat	Brush Cutter Motor for RGC (5-Nos) နှင့် 2 HP Motor with Air Compressor (2-Set)ဝယ်ယူရန်
(စ)	၄၂/မမ(CE) Kyat	ကွန်ကရစ်ဧလီဖားစက်ရုံများအတွက် စက်အရန်ပစ္စည်း(၆၅)မျိုးဝယ်ယူရန်
(ဆ)	၄၃/မမ(CME)Kyat	Over Head Crane (5/ 10/ 25/ 35) Ton (၄)မျိုး ဝယ်ယူရန်

တင်ဒါဝိတ်မည်နေ့/အချိန် – အမှတ်စဉ် (က)မှ (င) ၂၉ .၆.၂၀၁၅ (တနလင်္ဂနေ့)(၁၂:၃၀)နာရီ
အမှတ်စဉ် (စ)မှ(ဆ) ၁၅.၇.၂၀၁၅ (ဗုဒ္ဓဟူးနေ့)(၁၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖေါ်ပြပါဌာနတွင်(၁၅.၆.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ် သိရှိလိုပါက ၄င်းဌာနသို့မေးမြန်းနိုင်ပါသည်။

၃တိယအထွေထွေမန်နေဂျာ၊ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ကုန်သည်လမ်း
နှင့်သိမ်ဖြူလမ်းထောင့်ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း -294352, 291985, 291994.

RUBY ကားစီးလုံ့ဘားသည်
519100
09-51-77212, 535100
စရီးစဉ်မျိုးစုံအတွက် (၄၅)ခုခု၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ခယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လမျှပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၇၁၉၇၃ Honda CBR 150, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအုန်းကျော် ၇/ကတခ(နိုင်)၀၉၆၂၇၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

Y.E.S. Since 1994
ကျောင်းစွဲမရှိပါ။
ဆရာဦးမြင့်စောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးဆောင
International English Language Centre
တက္ကသိုလ်ဝင်တန်း ဖြေဆိုထားသူများ၊အောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများအတွက်

Basic Spoken English
Mon to Thurs-10:00-12:00 am 1,22 Jun
Mon to Thurs-7:30-9:30 am 8 Jun
Sat & Sun - 12:30-3:30 pm 13 Jun
MontoThurs-1:00-3:00-5:00pm 15,22,29 Jun
Sat & Sun - 9:00-12:00 am 20 Jun
Mon to Thurs-5:30-7:00 pm 29 Jun
Pre-Intermediate English
Mon toThurs 7:30-9:30 am 1 Jun
Mon to Thurs-10:30-12:30 am 1 Jun
Mon to Thurs-10:00-12:00 am 22 Jun
Mon to Thurs-1:00-3:00 pm 22 Jun
Mon to Thurs-5:00-7:00 pm 29 Jun
Structure & Written Expression
Mon to Thurs-7:30-9:30am 15 Jun
Sat & Sun - 90:00-12:00 am 20 Jun
Mon to Thurs-1:00-3:00pm 22 Jun

Intermediate English
Mon to Thurs-1:00-3:00 pm 8 Jun
Basic Writing Course
Mon to Thurs-3:00-4:30pm 22 Jun
Grammar Foundation Course
Mon to Thurs - 3:30-5:00 pm 8 Jun
Mon to Thurs - 1:00-2:30 pm 29 Jun
Academic Writing Course
San & Sun - 5:00 - 7:00 pm 27 Jun
Academic Preparation For IELTS(API)
Mon to Thurs - 10:30 - 12:30am 29 Jun
SAT Mon to Thurs -3:30-5:00pm 29 Jun
IELTS(Foundation) Mon&Thurs 5:30to7:00pm 29 Jun
IELTS(Test Practice) San&Sun 1:30to12:30am 27Jun
IELTS(Speaking) San&Sun 1:00to3:30pm 27 Jun
No.190, 2nd Flr.,28thSt.(Upper), Pabedan Tsp. Ph: 01-243950, 246910

ကိုယ်တိုင်ဝန်ဆောင်မှုပေးသည့် စီးပွားရေးစနစ်

ဒေါက်တာ
အောင်ထွန်းသက်

ကျွန်တော်အပတ်စဉ် ဖတ်တဲ့ဂျာနယ်တစ်ခုက အင်္ဂလန်နိုင်ငံထုတ် The Economist ပဲ ဖြစ်ပါတယ်။ တစ်ခုတော့ရှိပါတယ်။ ဂျာနယ်မဂ္ဂဇင်း တစ်စောင်ဖြစ်ပေမယ့် သူ့ကိုယ်သူသတင်းစာတစ်စောင်လို့ခေါ်ပေါ်သတ်မှတ်တာတွေ့ရပါတယ်။

အရင်တုန်းက ဒီမဂ္ဂဇင်းကိုဖတ်ရင် မြန်မာနိုင်ငံ အကြောင်းပါတာနဲ့ ဆင်ဆာအဖွဲ့က ဆောင်းပါးကို ကတ်ကြေးနဲ့ လှီးဖြတ်ခဲ့တာ မှတ်မိသေးတယ်။ ဘာကြောင့် ဒီလိုဆောင်ရွက်တာကို စဉ်းစားလို့ မရအောင် ကိုယ်ပဲမတွေးတတ်လို့လား မသိဘူး။ အခုလို လှီးဖြတ်တာက ပိုပြီးအရုပ်မဆိုးဘူးလား။ စာဖတ်တဲ့သူတွေကို မလေးစားလို့ မယုံလို့ဘဲ ဖြစ်တယ်လို့ ယူဆပါတယ်။ ဆောင်းပါးကိုဖတ်တိုင်း ဖတ်ရှုသူဟာ မဆင်ခြင်မစဉ်းစားဘဲ ယုံပါ့မလား၊ စာဖတ်သူတွေကို စော်ကားတာကို မေ့နေကြ ဟန်တူပါတယ်။ အခုတော့ မြန်မာပြည်အကြောင်းကြိုက်တာရေး၊ ဘာမှမလုပ်တော့ဘူး။ ဖတ်ရှုတဲ့သူက ကိုယ်ပိုင်စဉ်းစားနိုင်တဲ့သူတွေ ဖြစ်တာကို လက်ခံခဲ့ကြပြီး အခုလို စာပေလွတ်လပ်ခွင့်ရတာဟာ ဝမ်းသာစရာ ကြိုဆိုရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒီလိုပြောလို့ ကျွန်တော့်ကိုဝေဖန်ကြမှာ သေချာပါတယ်။ ကျွန်တော်က အရာရာအကောင်းမြင် နိုင်အောင်ကြိုးစားတယ်။ ဒီကိစ္စဟာ အသေးအဖွဲပါလို့ ပြောနိုင်ပေမယ့် တကယ်တော့ ကိုယ်လိုချင်တဲ့ပန်းတိုင် ရောက်အောင် တစ်လှမ်းချင်းလှမ်းရမှာ။ ဘယ်အထိ ပြောင်းလဲခဲ့သလဲ၊ တစ်လောက The Economist က ကြီးမှူးကျင်းပတဲ့ Myanmar Summit ဆွေးနွေးပွဲကြီးတစ်ရပ်ကို ရန်ကုန်မြို့ ကမ်းနားလမ်းဟိုတယ်မှာ ကျင်းပသွားခဲ့တယ်။ ဖွင့်ပွဲမှာ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် မိန့်ခွန်းပြောပြီး ကျွန်တော်ကလည်း ဦးဆောင်ဆွေးနွေးခွင့်ရခဲ့တယ်။ ကဏ္ဍအများဆုံးက ပညာရှင်တွေ၊ လုပ်ငန်းရှင်တွေ၊ နိုင်ငံခြားသံတမန်တွေ၊ တချိန်က အတိုက်အခံ လုပ်တဲ့သူတွေ စုံစုံညီညီ ပါဝင်ခဲ့ကြတယ်။

The Economist မဂ္ဂဇင်းမှာ နိုင်ငံတကာစီးပွားရေး သတင်းများ၊ ဆောင်းပါးများကို ဝေဝေဆာဆာဖော်ပြ ထားပါတယ်။ ကိန်းဂဏန်းများကို လည်း ထည့်သွင်းထားတာတွေ့ရတယ်။ ကျွန်တော်က ဒီမဂ္ဂဇင်းထဲက ဆောင်းပါးတွေ သတင်းတွေဖတ်ပြီး မိမိဝါသနာပါလှတဲ့ စီးပွားရေးပညာကို ဖြည့်တင်းနိုင်ခဲ့ပါတယ်။

ဒီဆွေးနွေးပွဲမှာ တက်ရောက်သူတွေအားလုံးကို မဂ္ဂဇင်းတစ်စောင်စီ လက်ဆောင်ပေးခဲ့တယ်။ အိမ်ရောက်ပြီး သတင်းဆောင်းပါးတွေဖတ်ရင်း ပင်တိုင် ဆောင်းပါးတွေကို ရေးသားတဲ့ Schumpter ဆိုသူရဲ့

ဆောင်းပါးကို ဖတ်လိုက်ရပြီး တစ်ခါမှမစဉ်းစားဖူးတဲ့ စီးပွားရေးအတွေးအခေါ်တွေ ရလိုက်ပါတယ်။ မိမိရလာတဲ့ အသိကို စာဖတ်သူတွေကို မျှဝေချင်တဲ့စိတ်ပေါ်ပေါက်လာခဲ့ပါတယ်။

ဆောင်းပါးကတော့ လက်လီရောင်းဝယ်မှုနဲ့ ပတ်သက် တဲ့အကြောင်းအရာဖြစ်တယ်။ ၁၉၁၆ ခုနှစ်က အမေရိကန် နိုင်ငံ ပြည်နယ်တစ်ခုမှာ ကလယ်ရင်းဆောင်း ဒါးဆိုတဲ့ လုပ်ငန်းရှင်တစ်ဦးဟာ လက်လီရောင်းဝယ်မှုနဲ့ပတ်သက်ပြီး တော်လှန်ရေးတစ်ရပ်ကို ဖန်တီးခဲ့တယ်။ သူဟာ Supermarket လို့ ခေါ်တဲ့ ဈေးဆိုင် ပုံစံအသစ်ကို တီထွင် ခဲ့ပါတယ်။ အရင်တုန်းက ကုန်စုံဆိုင်တွေရောင်းချတဲ့ နေရာမှာ အရောင်းပစ္စည်းတွေကို ဗီရိုတွေထဲမှာထည့်ထားပြီး ဝယ်သူက မိမိလိုချင်တဲ့ပစ္စည်းကို လက်ညှိုးထိုးခဲ့တယ်။ ဖောက်သည်လိုချင်တာကို အရောင်းဈေးသည်တွေက ပစ္စည်းကိုယူလာပြီး ငွေရှင်းတယ်။

အမှန်တော့ ဝယ်သူက ဘာမှလုပ်စရာမလိုဘဲ ဆိုင်ဝန်ထမ်းတွေက ပစ္စည်းတွေကို သယ်လာရတယ်။ ငွေရှင်းကောင်တာမှာ အရောင်းဈေးသည်တွေကို ငွေပေးချေရတယ်။ ဒီသမားရိုးကျပုံစံအရ ဖောက်သည်လုပ်သူက ဘာမှလုပ်စရာမလိုဘဲ ဆိုင်ဝန်ထမ်းတွေက အစစအရာရာ လိုလေသေးမရှိအောင် ဝန်ဆောင်မှုပေးခဲ့တယ်။ ဆောင်းဒါးရဲ့ ဆိုင်အသစ်မှာတော့ ဝယ်သူဖောက်သည်တွေက ကိုယ်တိုင်ဝန်ဆောင်မှု ပေးရတယ်။ ကိုယ်ကြိုက်နှစ်သက်ရာ ပစ္စည်းတွေရွေးချယ်၊ ရွေးပြီးတဲ့ ပစ္စည်းတွေကို စျေးခြင်းထဲထည့်ပြီးတော့ ကိုယ်တိုင်ပစ္စည်းတွေ သယ်လာပြီး ငွေရှင်းကောင်တာသွားကာ ငွေရှင်း၊ အဓိပ္ပာယ်က အရာရာကိုကိုယ်တိုင် လုပ်ရတာဖြစ်တယ်။ အခုလို အရောင်းပုံစံပြောင်းလဲခဲ့တာမို့ ဝန်ထမ်းစရိတ်တွေ သက်သာခဲ့တယ်။ သူရဲ့စျေးပုံစံအသစ်ဟာ အောင်မြင်မှုတွေရခဲ့ပြီး ဆိုင်ခွဲပေါင်း ၂၆၀၀ကျော် ဖွင့်လှစ်နိုင်ခဲ့တယ်။

လွန်ခဲ့တဲ့ နှစ်ပေါင်း ၁၀၀ နီးပါးက စတင်တီထွင်ခဲ့တဲ့ စျေးပုံစံအသစ်ဟာ လက်ရှိကာလမှာ အရှိန်အဟုန်နဲ့တိုးချဲ့နေတာတွေ့ရပါတယ်။ CVS လို့ခေါ်တဲ့ အမေရိကန်နိုင်ငံမှာ ဆေးဝါးတွေ ရောင်းချတဲ့ကုမ္ပဏီမှာ ငွေရှင်းကောင်တာတွေကိုဖျက်ပြီး မိမိကိုယ်တိုင်ငွေချေတဲ့ စနစ်ကို သုံးစွဲနေတာတွေ့ရပါတယ်။ ကုန်မျိုးစုံရောင်းချတဲ့ အင်္ဂလန်နိုင်ငံက Waitrose မှာ ဝယ်သူတွေက မိမိရွေးချယ်ထားတဲ့ ပစ္စည်းတွေရဲ့ စုစုပေါင်းတန်ဖိုးကို အလိုအလျောက် တွက်ချက်နိုင်တဲ့ စျေးနှုန်းဖတ်စက်များသုံးပြီး ဆောင်ရွက်လျက်ရှိပါတယ်။ လက်လီကုန်စုံဆိုင်များ သာမက ဘဏ်တွေမှာလည်း အင်တာနက်ကိုအသုံးပြုပြီး ဘဏ်နဲ့ ပတ်သက်တဲ့ ဝန်ဆောင်မှုတွေလုပ်ဆောင်နေတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း ဘဏ်ခွဲများ တိုးချဲ့ဖွဲ့စည်းစရာမလိုတော့ဘဲ ဘဏ်လုပ်ငန်းများကိုတိုးချဲ့နိုင်ခဲ့တယ်။

အမေရိကန်နိုင်ငံမှာ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့တဲ့ ကုန်စည်များကို အရောင်းဈေးသည်တွေက ရောင်းချတာမျိုးမဟုတ်ဘဲ သူငယ်ချင်း မိတ်ဆွေတွေ အိမ်နီးနားချင်းတွေက ရောင်းချတဲ့ပုံစံမျိုးကို ဖွံ့ဖြိုးဆဲနိုင်ငံများမှာ စတင်ဆောင်ရွက်နေတာတွေ့ရပါတယ်။ ခရီးသွားလုပ်ငန်းတွေမှာ ကိုယ်တိုင်ဝန်ဆောင်မှုပေးတဲ့ စီးပွားရေးစနစ်ဟာ ရှင်သန်လျက်ရှိတာ တွေ့ရပါတယ်။ ဒါကြောင့် ဝန်ထမ်းများကို လျှော့ချနိုင်ခဲ့တယ်။ သွားချင်တဲ့ခရီးကို မိမိလက်ကိုင်တယ်လီဖုန်းက တစ်ဆင့်ရွေးချယ်နိုင်ပြီး ငွေချေနိုင်တယ်။ လေယာဉ်လက်မှတ်ကို ကိုယ်တိုင် အိမ်မှာပဲ ပုံနှိပ်သလို လက်မှတ်ကို ပုံနှိပ်စရာမလိုဘဲ တယ်လီဖုန်းထဲမှာ ထည့်ထားလို့ရတယ်။ လေယာဉ်ကွင်းရောက်တဲ့အခါ မိမိတယ်လီဖုန်းပြပြီး လေယာဉ်စီးခိုင်းပါတယ်။ အချို့ လေယာဉ်ကုမ္ပဏီတွေက ခရီးသည်တွေကို မိမိသယ်ဆောင်သွားတဲ့ ပစ္စည်းများအား ကိုယ်တိုင် ချိန်တွယ်ပြီး လေယာဉ်အပေါ်အရောက် တင်ခွင့်ပြုထားတယ်။

မိမိတည်းခိုမယ့် ဟိုတယ်ရောက်တဲ့အခါမှာလည်း ဧည့်ကြိုတွေ၊ ပစ္စည်းသယ်တဲ့ သူတွေမထားတော့ဘဲ ကြိုတင်ထုတ်ပေးထားတဲ့သော့နဲ့ မိမိတည်းခိုတဲ့အခန်းကို ဝင်တည်းခွင့်ရှိပါတယ်။ အထူးခြားဆုံး ပြောင်းလဲမှု တစ်ရပ်က အမေရိကန်ပိုင်ကုမ္ပဏီဖြစ်တဲ့ GEပဲဖြစ်ပါတယ်။

ဒီကုမ္ပဏီဟာ ဂျက်လေယာဉ် စက်တွေထုတ်လုပ်ရောင်းချတဲ့ ကုမ္ပဏီပါ။ ဂျက်လေယာဉ်စက် အပိုပစ္စည်းတွေ ဝယ်ချင်ရင် ကုမ္ပဏီက ထိုပစ္စည်းပုံစံတွေကို ဝေငှပေးပြီး လိုချင်တဲ့သူက ကိုယ်ပိုင်ထုတ်လုပ်နိုင်ပါတယ်။ ဒီပြောင်းလဲမှုတွေဟာ လုပ်ငန်းများအတွက် အလွန်အဆင်ပြေလှပါတယ်။ ဒါပေမဲ့ ဖောက်သည်များအတွက် အကျိုးရှိ မရှိ ဆိုတာကိုတော့ မေးခွန်းထုတ်ရမှာဖြစ်တယ်။ ဖော်ပြခဲ့တဲ့ တော်လှန်ရေးကြောင့် ဖောက်သည်တွေအတွက် ဝန်ထုပ်ဝန်ပိုးတွေသာ တိုးလာတာတွေ့ရတယ်။ ဖောက်သည်တွေဟာ ရောင်းဈေးသည်တွေနဲ့ ထိတွေ့မှုနည်းလာပြီး စက်တွေနဲ့သာ ဆက်ဆံနေရတာမို့ အထီးကျန်ဆန်လာတာလည်း တွေ့ရပါတယ်။

အခုလို ကိုယ်တိုင်ဝန်ဆောင်မှုပေးရတဲ့ စီးပွားရေးစနစ် ပေါ်ပေါက်လာမှုကြောင့် အကျိုးသက်ရောက်မှုနည်းမျိုးစုံနဲ့ ရင်ဆိုင်ရတာတွေ့ရပါတယ်။ ပထမတစ်မျိုးကတော့ တစ်ဖက်ကလူတွေ ဆက်ဆံမှုတွေ လျော့နည်းလာပေမယ့် ငွေကြေးတတ်နိုင်သူများအတွက် သူများမရနိုင်တဲ့ ဝန်ဆောင်မှုတွေ သီးသန့်ပေးနေတာတွေ့ရပါတယ်။ လိုလေသေးမရှိအောင် ပြုစုစောင့်ရှောက်မှု ဝန်ဆောင်မှုတွေပေးလာခဲ့တယ်။ ဒုတိယအကျိုးဆက်ကတော့ လုပ်ငန်းများဟာ ဖောက်သည်တွေနဲ့မျက်နှာချင်းဆိုင် ထိတွေ့မှုနည်းပါးလာတာနဲ့အမျှ ဖောက်သည်များနဲ့ ကင်းကွာလာပါတယ်။ ဖောက်သည်တွေဟာ စျေးဝယ်ရာမှာ စျေးနှုန်းတစ်ခုကိုသာ အခြေခံပြီး ရွေးချယ်ဆုံးဖြတ်လာတာမို့ မိမိရဲ့ပြိုင်ဘက်ကို အချိန်မရွေးကူးပြောင်း နိုင်စွမ်းရှိပါတယ်။

ကုမ္ပဏီများဟာ ပြိုင်ဘက်များနဲ့ ယှဉ်ပြိုင်ရာမှာ ဝန်ဆောင်မှုနဲ့ ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့ဘဲ စျေးနှုန်းနဲ့သာ ပြိုင်ဆိုင်သွားရမှာဖြစ်တယ်။ ဒီဆောင်းပါးကိုဖတ်ပြီး ကျွန်တော်တို့နိုင်ငံမှာလည်း ခေတ်မီလာတာနဲ့အမျှ ရင်ဆိုင်ရမယ့်စိန်ခေါ်မှုတွေ စဉ်းစားနေမိတယ်။ ဘာပဲဖြစ်ဖြစ် ပညာဆိုတာ သင်လို့မဆုံးပါဘူး။ ဖတ်ကြပါလေ့လာကြပါ။ ဆင်ခြင်ကြပါလို့ တိုက်တွန်းမိပါတယ်။

၁၉၁၆ ခုနှစ်က အမေရိကန်နိုင်ငံ ပြည်နယ်တစ်ခုမှာ ကလယ်ရင်းဆောင်းဒါး ဆိုတဲ့ လုပ်ငန်းရှင်တစ်ဦးဟာ လက်လီရောင်းဝယ်မှုနဲ့ပတ်သက်ပြီး တော်လှန်ရေးတစ်ရပ်ကို ဖန်တီးခဲ့တယ်။ သူဟာ Supermarket လို့ ခေါ်တဲ့ ဈေးဆိုင်ပုံစံအသစ်ကို တီထွင်ခဲ့ပါတယ်။ ။ ။

ရာသီအပြောင်းအလဲကြောင့် သံတောင်ကြီး ဒူးရင်းသီးအတွက်လျော့

ရေတာရှည် ဇွန် ၁၄

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ်သည် မိုးဦးရာသီကာလ ရောက်တိုင်း ဒူးရင်းသီးများ လှိုင်လှိုင်ထွက်ရှိပြီး တောင်ငူမြို့နှင့် ဒေသတွင်းမြို့နယ်အသီးသီးသို့ တင်ပို့ကာ ရောင်းချလေ့ရှိသည်။

ယခုနှစ်တွင် အပူရှိန်မြင့်မားသည့် ရာသီဥတုကြောင့် အစိုဓာတ် လျော့နည်းပြီး ဒူးရင်းသီးများထွက်နှုန်းလျော့ကျခြင်းဖြစ်ကြောင်း သံတောင်ကြီးမြို့ ဒေသခံတစ်ဦးကပြောသည်။

"ဒီနှစ်က အပူရှိန်တော်တော်ပြင်းတော့ ဒူးရင်းပင်တွေ အသီးနည်းကုန် တယ်။ ဒူးရင်းသီးတင်မကဘူး၊ မင်းကွတ်လည်း ဒီလိုပဲ အထွက်နှုန်းတွေ ကျကုန်တာ"ဟု ၄င်းက ဆက်လက်ပြောသည်။

ဒူးရင်းသီးများမှာ လက်ဆောင်ပေးရန်အတွက်သာ ဝယ်ယူသူများပြားကာ လက်ရှိစျေးနှုန်းကြောင့် ဝယ်ယူစားသုံးသူ နည်းပါးသေးကြောင်း တစ်ဆင့်ပြန်လည်ရောင်းချသူတစ်ဦးက ပြောသည်။ "လက်ရှိ ဒူးရင်းသီးကို သုံးမျိုးလောက်ခွဲပြီး ရောင်းရပါတယ်။ ငွေကျပ် ၁၀၀၀ ကနေ ၄၀၀၀ အထိ အရွယ်အစား အလိုက် ရောင်းရတယ်၊ ဒူးရင်းသီး အဝင်နည်းတော့ စျေးနှုန်းမြင့်တယ်။ တောင်ငူမှာဆိုရင် အလုံးကြီးရင် ငွေကျပ် ၆၀၀၀ လောက်အထိ ရောင်းရတယ်။ မင်းကွတ်သီးတောင် ဖောက်သည်စျေးကို တစ်လုံး ငွေကျပ် ၃၀၀ ဆိုတော့ ဆိုင်တင်ပြီး မရောင်းနိုင်တော့ဘူး" ဟု ၄င်းက ဆက်၍ ပြောသည်။

ကိုလွင်(ဆွာ)

မူးယစ်ဆေးဝါးဆိုင်ရာ ပညာပေးဟောပြောပွဲ ကျင်းပ

တာချီလိတ် ဇွန် ၁၄

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ယင်းမာအထူးစီမံချက်ကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံချက်ဆောင်ရွက်မှုတစ်ရပ်အဖြစ် အသိပညာပေးဟောပြောပွဲ၊ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်ပြပွဲနှင့် ဓာတ်ပုံပြပွဲကို ဇွန် ၁၂ ရက်က တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ)ကျေးရွာအုပ်စု ဝေ့လေလန်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းရှိ ဇာတိမာန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာမူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ ရဲအုပ်ဝင်းကျော်ကျော်က မူးယစ်ဆေးဝါးအန္တရာယ်ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုင်းနေဝင်းနှင့် ရပ်မိရပ်ဖများ မူလတန်းလွန်ကျောင်းသား ကျောင်းသူ ၁၅၀ ခန့်တက်ရောက်ပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မူးယစ်တပ်ဖွဲ့စု (၃၀)တာချီလိတ်တို့က အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးသည်။ ယင်းနောက် ပြသထားသည့် နံရံကပ်စာစောင်ပြဘုတ်၊ ဓာတ်ပုံပြဘုတ်များနှင့် သုတရသ စာအုပ်စာစောင် ၃၀၀ ကျော်ကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာပြီး အသိပညာပေး မြေစိုက်ပိုစတာကို ရွာအဝင် စုပေါင်းဂိတ်အနီး၌ စိုက်ထူခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲစည်းဝေး

သီပေါ ဇွန် ၁၄

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ကော်မရှင်လုပ်ငန်းကိစ္စရပ်များနှင့် ၂၀၁၅ ခုနှစ်တွင် ကျင်းပမည့်အခြေခံမဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာနိုင်ရေးညှိနှိုင်းအစည်းအဝေးကို ဇွန် ၁၁ ရက်က မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစိုင်းသာလှိုင်က အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဦးမိုးထွေးဦးက မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့်မဲဆန္ဒရှင်စာရင်းများ ကြေညာရာတွင် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူထုအဖွဲ့အစည်းများမှ ပူးပေါင်းဆောင်ရွက်ရေး၊ ရွေးကောက်ပွဲ ဆိုင်ရာများနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများ ကပ်ထား ကြေညာရေးအတွက် စီမံဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များက မိမိတို့ နယ်မြေအလိုက် ကွင်းဆင်းဆောင်ရွက်မှုအတွေ့အကြုံများကို ဆွေးနွေးညှိနှိုင်းကြသည်။

သီပေါမြို့နယ်တွင် မြို့ပေါ် ၁၁ ရပ်ကွက်မှမဲဆန္ဒရှင်အမျိုးသား ၇၂၁၄ ဦး၊ အမျိုးသမီး ၈၃၉၆ ဦး စုစုပေါင်း ၁၅၆၁၀ ဖြစ်ပြီး ကျေးရွာအုပ်စု ၆၇ အုပ်စုမှ အမျိုးသား ၄၇၀၅၂ ဦး၊ အမျိုးသမီး ၅၁၆၁၅ ဦး စုစုပေါင်း ၉၈၆၆၇ ဦးဖြစ်ကာ တစ်မြို့နယ်လုံးတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၁၄၂၇ ဦးဖြစ်ကြောင်း သိရသည်။

စိုင်း (သီပေါ)

သာသနဓဇမဟာစရိယဘွဲ့တံဆိပ်တော်ရ ဆရာတော်အားထပ်ဆင့်ဂုဏ်ပြုပူဇော်

ရန်ကုန် ဇွန် ၁၄

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၇) ရပ်ကွက် ဝိသုဒ္ဓိပရိယတ္တိကျောင်း ပဓာနနာယက ဆရာတော် ဘဒ္ဒန္တရဋ္ဌသာရအားနိုင်ငံတော်သာသနာရေးဝန်ကြီးဌာနမှ ဆက်ကပ်ပူဇော်သော အစိုးရ "သာသန ဓဇမဟာစရိယ" ဘွဲ့တံဆိပ်တော်ရရှိသည့်အတွက် ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲကို ဇွန်လ ပထမပတ်က အဆိုပါ ဝိသုဒ္ဓိပရိယတ္တိ ကျောင်းတိုက်ခန်းမ၌ ကျင်းပသည်။

အဆိုပါ ဝိသုဒ္ဓိပရိယတ္တိကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တရဋ္ဌသာရသည် ကျောင်းတိုက်တွင် တနင်္ဂနွေနေ့တိုင်း လူမျိုး၊ ဘာသာမရွေး ဆေးခန်းဖွင့်၍ ဆေးကုသခြင်း၊ ဆေးဝါးများ အခမဲ့ပေးခြင်း၊ ဆီးချို၊ သွေးချို စစ်ဆေးခြင်း၊ ECG ရိုက်ပေးခြင်း၊ ဗုဒ္ဓဟူးနေ့တိုင်း သွားရောဂါကုဆေးခန်းဖွင့်ထားခြင်း ပရိယတ္တိလုပ်ငန်းများကို ဆောင်ရွက်နေရာဆေးပဒေသာပင် စိုက်ထူလျှဒါန်း လိုသူအလှူရှင်များ ဆက်သွယ်လျှဒါန်းနိုင်ကြောင်း သိရသည်။

ခင်မောင်သော်(ကမာရွတ်)

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူးရုံးမှ ဇွန် ၁၂ ရက်က ကန်တော်ကလေး အရှေ့ရပ်ကွက်၊ အနောက်ရပ်ကွက်၊ မြောက်ရပ်ကွက်၊ (၃) ရပ်ကွက်နှင့် စံပြဖဆပလရပ်ကွက်တို့မှ အသက် ၁၈ နှစ်ပြည့်ပြီး တိုင်းရင်းသားပြည်သူများတို့ကို ကန်တော်ကလေး(မြောက်) ရပ်ကွက် ဗုဒ္ဓသာသနာ့ရက္ခိတဓမ္မာရုံ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်စဉ်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)

သွေးလွန်တုပ်ကွေးကုထုံး တိုင်းအဆင့်ဆွေးနွေး

နေပြည်တော် ဇွန် ၁၄

နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနမှ ဦးစီးကျင်းပသော သွေးလွန်တုပ်ကွေးကုထုံး (DHF CASE MANAGEMENT TRAINING) တိုင်းအဆင့်ဆွေးနွေးပွဲကို ဇွန် ၁၂ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီနယ်မြေ ကျန်းမာရေးဦးစီးဌာနမှူးညွှန်ကြားရေးမှူး ဒေါက်တာဒေါ်လှလှကြည်က အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက DHFရောဂါကာကွယ်နှိမ်နင်းခြင်းအကြောင်း အရာများနှင့် DHF ခေါင်းစဉ်နှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ Guide Line အတိုင်း ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းဆွေးနွေးကြသည်။

နေပြည်တော်ကောင်စီနယ်မြေ ရှစ်မြို့နယ်တွင် တိုင်းကျန်းမာရေး ဦးစီးမှူး၏ ဦးဆောင်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများ၊ NGO များ ပူးပေါင်း၍ ဆောင်ရွက်သည့်အတွက် သွေးလွန်တုပ်ကွေးဖြစ်ပွားသူရှိသော်လည်း ကုသမှုကြောင့် ပျောက်ကင်းသွားပြီး သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကြောင့် အသက်ဆုံးရှုံးသူမရှိကြောင်း ယင်းဆွေးနွေးပွဲတွင် ဒေါက်တာ ဒေါ်လှလှကြည်က ပြောကြားသည်။

မင်းမင်းလတ် (ရူပဗေဒ)

အင်ဒိုနီးရှားငါးဖမ်းစက်လှေပေါ်မှ လူကုန်ကူးခံရသူတစ်ဦး ကျိုင်းတုံမြို့သို့ လွှဲပြောင်းရောက်ရှိ

ကျိုင်းတုံ ဇွန် ၁၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန အတတ်သင်သိပ္ပံကျောင်း(မရမ်းကုန်း)တွင် ဇွန် ၁၀ ရက်က လွှဲပြောင်းလက်ခံခဲ့သောအင်ဒိုနီးရှားနိုင်ငံ ငါးဖမ်းစက်လှေပေါ်၌ လူကုန်ကူးခံရသူ မောင်လစ် (၃၀နှစ်)ကို ဇွန် ၁၂ ရက်က ကျိုင်းတုံမြို့သို့ ဆက်လက်လွှဲပြောင်းပေးပို့ရာ ကျိုင်းတုံမြို့ လူမှုဝန်ထမ်းဦးစီးဌာန အမျိုးသမီးသက်မွေးအတတ်ပညာသင်ကျောင်း ကျောင်းအုပ် ဆရာမကြီးဒေါ်ခင်ခင်မြင့် အမှတ်(၁၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး တပ်ဖွဲ့စုမှ ရဲအုပ်သက်ဇော်ထွန်းနှင့် ဝေါလ်ဗီးရှင်း (မြန်မာ)ကျိုင်းတုံမှ ဦးစိုင်းဝန်းကျောက်တို့က ကျိုင်းတုံလေဆိပ်၌ ကြိုဆိုလက်ခံကာ နှစ်သိမ့်အားပေးစကားပြောကြားသည်။ အဆိုပါ လူကုန်ကူးခံရသူ မောင်လစ်ကို မိဘများထံ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကောင်းလိုက်တဲ့ အတွေး လှလိုက်တဲ့ အရေး
Essays for High-Flyers ဆိုင်ပေါ်
ဆရာချမ်းဇော်ထက် ရောက်ပြီလို့
မြန်မာ့ပထမဆုံး native speaker အသံသွင်း CD ပါ
နိုင်ငံတကာအဆင့်မီ အက်ဆေးပေါင်းချုပ်
ဆိုင်များမှာ ဝယ်ယူပါ | ချမ်းဇော်ဃက်စာပေ (၀၉ ၇၃၁၀၉၄၄၆)

ဂျပန်စာလေ့လာနေသူများအတွက်
ဂျပန်စာ(4Skills)အခြေခံ/အဆင့်မြင့်၊ N5,N4,N3,N2 စာမေးပွဲအနီးကပ်တန်းခွဲများ။ Kanji သီးသန့်၊ လုပ်ငန်းသုံးဂျပန်စကားပြောအမြန်ဝိုင်း/ သီးသန့် တန်းခွဲသစ်များဖွင့်ပြီ။ ဂျပန်စာသင်ရိုးညွှန်းတမ်းစာအုပ်များ။ JLPT Level များအတွက် လေ့ကျင့်ရန်စာအုပ်များ။ မေးခွန်းဟောင်းများ။ ဂျပန်သိချင်း/စကားပြောအခွေ+စာအုပ်များ ဝယ်နိုင်ပါသည်။
Ph: 09254903604 , 0973040610 , 098770096
EVER TOP ဘာသာစကားသင်တန်းများ
အမှတ်(၆၆/၆၈)၊ရှလ္လာ၊အင်းစိန်လမ်း၊ကမာရွတ် (စံရိပ်ပြိမ်မှတ်တိုင်၊လှည်း၊တန်းအနီး)

ဇမ္ဗူးစားသားအဖြစ်မှစွန့်လွှတ်ခြင်း
လားရှိုးမြို့ ရပ်ကွက်-၆၊ နယ်မြေ-၅၊ အမှတ်-၁/၅/၇ နေ ဦးဌေးမြင့် (၉/မပန (နိုင်) ၀၃၁၆၉၁) နှင့် ဒေါ်အေးအေး (၁၃/လရန (နိုင်) ၀၆၂၈၄၀) တို့သည် မောင်ကျော်နိုင်ဝင်း (၁၃/လရန (နိုင်) ၁၉၄၅၅၅) အား ငယ်စဉ်ကတည်းက သားအဖြစ်ဖွေးစားခဲ့ပါသည်။ မောင်ကျော်နိုင်ဝင်းသည် ကျွန်တော်/ကျွန်မတို့အပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲခြင်းဖြစ်အောင် အမျိုးမျိုးပြုလုပ်ခဲ့ခြင်း၊ ရိုင်းပျတသိုဆက်ဆံမှုများပြုလုပ်နေပါသဖြင့် (၁၁-၆-၂၀၁၅) ရက်နေ့မှစ၍ ဖွေးစားသားအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝတို့အား လုံးဝဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာလိုက်ပါသည်။
ဦးဌေးမြင့် ၊ ဒေါ်အေးအေး

မီနမိခရီးသွားလုပ်ငန်းမှ
MEDICAL CHECK UP ကျန်းမာရေးဆေးစစ်ကျပန်ခရီးစဉ်
၁။ ဇူလိုင်လ(၁၉)ရက်နေ့မှ ဇူလိုင်လ (၂၅)ရက်နေ့ အထိ (၅)ညအိပ်(၇) ရက် MEDICAL CHECK UP စစ်ဆေးရင်းလည်ပတ်နိုင်မည့်ခရီးစဉ်။ (အားလုံး အပြီးအစီး မြန်မာကျပ် ၂၅ သိန်းနှင့်အထက်)
၂။ ဇွန်လ (၁၅)ရက်နေ့မှ ဇွန်လ(၂၅)ရက်နေ့အထိ (၄)ညအိပ်၊ (၆)ရက် ခရီးစဉ်။ (အားလုံးအပြီးအစီး မြန်မာကျပ် ၂၀ သိန်းနှင့်အထက်)
ဆက်သွယ်ရန်လိပ်စာ - ၁၂(က)၊ တတိယထပ်၊ အနော်ရထာ အိမ်ယာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်။
တယ်လီဖုန်းနံပါတ် -၀၁-၅၂၆၇၀၇၊ ၀၉-၅၁၁၀၂၄၆၉၁၁၊ ၀၉-၄၃၀၄၉၂၂၅

မိဘအမည်မှန်
တောင်ကြီးမြို့နယ်၊ အထက(ခွဲ)နမ့်ဆီး၊ ပဋ္ဌမတန်းမှ နန်းစန်းအေး၏ မိဘ အမည်မှန်မှာ ဦးထွန်းစိန်-ဒေါ်နန်းဟွမ် ဖြစ်ပါကြောင်း။
ဦးထွန်းစိန်-ဒေါ်နန်းဟွမ်

ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၆ဃ/၈၅၉၆၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး(လွှိုင်လင်)

အမည်ပြောင်း
ဦးအောင်ကျော်ဆန်း၏သား တောင်ကြီးမြို့၊ အထက(၄) တတိယတန်း(ခ)မှ မောင်ကောင်းထက်ဟန်အား ယနေ့မှစ၍ မောင်ကောင်းထက်အောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ကောင်းထက်အောင်**

ကန့်ကွက်နိုင်ပါကြောင်း
ယာဉ်အမှတ် 4G/9007, Ford Ronger ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ဖြမောင် ၁၃/လလန(နိုင်)၀၇၄၀၃၅ (ကမ-၃)ဟောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(လွှိုင်လင်မြို့)

ပြင်ဆင်ဖတ်ရှုပါရန်
၇-၃-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(ဃ)ကန့်ကွက်နိုင်ကြောင်းကြော်ငြာဂုဏ်မြောက်မြို့နယ် GPဦးဝင်းဇော်သန်း၏မြေပဲ့ကူးတွင်းသွာ(၁၂/စခန(နိုင်)၀၆၅၀၆၉)အစားဒေါ်အိသွာ(၁၂/စခန(နိုင်)၀၆၅၀၆၉)ဟုဖတ်ရှုပါရန်။

ပြင်ဆင်ဖတ်ရှုပါရန်
၈-၄-၂၀၁၅ရက်နေ့မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာကြော်ငြာ(ဂ)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၇)ဦးကျော်ကိုဟိန်းအောင်+၁၏ဂရန်သစ်တွင်လျှောက်ထားသူအမည်ဦးကျော်ကိုဟိန်းအောင်+၁အစားဦးကျော်ကိုဟိန်းအောင်(ခ)ဦးမြင့်ထွဋ်ဦး+၁ဟုဖတ်ရှုပါရန်။

မာလာတင်
အမျိုးသမီး ကိုယ်ကာယအလှသင်တန်း
စာရင်းလက်ခံပြီ
၁-၇-၂၀၁၅ရက်စမည်
စုံစမ်းချိန် နံနက် ၉နာရီ
မှ
ညနေ ၃နာရီအတွင်း
လူဦးရေကန့်သတ်သည်
အမှတ် ၂၉၇၊ အခန်း ၆၊
မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့
ဖုန်း-၃၄၄၉၂၄၊ ၃၇၉၇၃၅

သတင်းတိုများ

ပုလဲသွယ်စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်ငန်းဆောင်ရွက်

ဒေသတွင်းလိုအပ်လျက်ရှိသော အထူးအထွက်တိုး ပုလဲသွယ်စပ်မျိုးစပါးများကို စေးနှုန်းချိုသာစွာဖြင့် အလွယ်တကူဝယ်ယူနိုင်ရန်နှင့် ပုလဲသွယ်စပ်မျိုးစပါးများ ကျယ်ကျယ်ပြန့်ပြန့်စိုက်ပျိုးပြီး တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု၌ အထူးအထွက်တိုးစပ်မျိုးစပါး ပုလဲသွယ်(လုံ-၈) ငါးကေမျိုးစေ့ထုတ်လုပ်ငန်းကို ဇွန် ၁၁ ရက်က ဆောင်ရွက်ခဲ့ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်ဝင်းထွန်းက ပုလဲသွယ်စပ်မျိုးစပါး ထုတ်လုပ်ဖြန့်ဖြူးပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားပြီး ရှမ်းပြည်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဦးစိုင်းဆာလူ၊ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

နေမျိုးသူရိန်

ကျေးရွာကျန်းမာရေးဌာန ၈၀ ရာခိုင်နှုန်းတည်ဆောက်ပြီးစီး

ကျေးလက်နေပြည်သူများအတွက် ကျန်းမာရေးဝန်ဆောင်မှုများ ပိုမိုဆောင်ရွက်ပေးနိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့ ရေလှဲကြီးစံပြကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာန(RHC)အဖြစ် ကျန်းမာရေးဝန်ကြီးဌာနက အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးနောက် အဆောက်အအုံသစ်ကို ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် ဆောက်လုပ်လျက်ရှိရာ ဇွန် ၁၂ ရက်တွင် ၈၀ ရာခိုင်နှုန်းခန့် တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ဖြူးမြင့်ဦး

မိုးပွင့်စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပေးအပ်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ်အတွင်း၌ မိုးပွင့်အထူးစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းထုတ်ပေးခြင်းကို မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက ဇွန် ၁ ရက်မှ ဇွန်လကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဇွန် ၁၂ ရက်အထိ ရပ်ကွက် ၂၀ ၌ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီးဖြစ်ရာ မင်္ဂလာတောင်ညွှန့်မြို့နယ် ကန်တော်ကလေး အရှေ့ရပ်ကွက်၊ အနောက်ရပ်ကွက်၊ မြောက်ရပ်ကွက်၊ (၃)ရပ်ကွက်နှင့် စံပြဖဆပလရပ်ကွက်များမှ ပြည်သူများအတွက် ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ကန်တော်ကလေး မြောက်ရပ်ကွက် ဓမ္မာရုံ၌ ဇွန် ၁၂ ရက်က ကျင်းပခဲ့ပြီး ရပ်ကွက်နေပြည်သူ ၁၂၆ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ကျော်စိုးမိုး(မင်္ဂလာတောင်ညွှန့်)

မဲဆန္ဒရှင်စာရင်းအပေါ် ပြည်သူများစိတ်ဝင်စားမှုနည်းနေသဖြင့် ရပ်ကွက်များသို့ စည်းရုံးလှုံ့ဆော်မှုများ လှည့်လည်ပြုလုပ်

နွားထိုးကြီး ဇွန် ၁၄

အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းများကို နွားထိုးကြီးမြို့နယ်အတွင်း ဇွန် ၈ ရက်မှ စတင်ကြေညာထားသော်လည်း မြို့နေပြည်သူများက စိတ်ပါဝင်စားစွာ လာရောက်ကြည့်ရှုမှုနည်းပါးနေသဖြင့် လာရောက်ကြည့်ရှုကြရန် စည်းရုံးလှုံ့ဆော်မှုများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်က ဇွန် ၁၂ ရက်တွင် စတင်လုပ်ဆောင်နေကြောင်း သိရသည်။

ရွေးကောက်ပွဲကော်မရှင်က နွားထိုးကြီးမြို့နေပြည်သူများအနေဖြင့် ရပ်ကွက်အသီးသီးရှိ ကော်မရှင်ရုံးများ၌ ကြေညာထားသောမဲဆန္ဒရှင်စာရင်းများကို လာရောက်ကြည့်ရှုစစ်ဆေးကာ မဲဆန္ဒရှင်စာရင်း၌ အမည်မပါခြင်း၊ မှားယွင်းနေခြင်းများရှိပါက သတ်မှတ်ပုံစံများဖြင့် လျှောက်ထားကြရန်တို့ကို မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လှည့်လည်ကြော်ငြာနေခြင်းဖြစ်သည်။

မဲဆန္ဒရှင်စာရင်းတွင်မပါခြင်းနှင့် မှားယွင်းခြင်းများရှိပါက ပြင်ဆင်ရန်အတွက် ဇွန် ၂၁ ရက်အထိ သတ်မှတ်ပုံစံများဖြင့် လျှောက်ထားနိုင်ကြောင်း သိရသည်။ လက်ရှိထုတ်ပြန်ထားသော စာရင်းအရ နွားထိုးကြီးမြို့ပေါ်၌ ရပ်ကွက်ရှစ်ရပ်ကွက်တွင် မဲရုံ ၁၁ ရုံရှိပြီး အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးနိုင်ခွင့်ရှိသူ ၁၀၁၂၈ ဦးရှိကြောင်း သိရသည်။

ခင်စာမွန်မြင့်(ဥပဒေ)

စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းဖွင့်

ပွင့်ဖြူ ဇွန် ၁၄

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်းမှ တောင်သူများအား စက်မှုလယ်ယာဝန်ဆောင်မှုများ ပို၍ ဆောင်ရွက်ပေးနိုင်ရန်နှင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းရာတွင် တောင်သူများအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်

၍ ကံသာကြီးကျေးရွာ၌ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်း ရှေ့တန်းစခန်းကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၆) စက်မှုလယ်ယာစခန်းက ဇွန် ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

အဆိုပါ ရှေ့တန်းစခန်းဖွင့်လှစ်ပေးမှုကြောင့် ကံသာကြီးကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ရှိကျေးရွာများမှ တောင်သူများအနေဖြင့် မိုးစပါးအတွက် အချိန်မီထွန်ယက်စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း၊ ထွန်ယက်ရေးတွင်အသုံးပြုရန် Kubota-47 ထွန်စက်များနှင့် ကောက်စိုက်ရန်အတွက် ကောက်စိုက်စက်များ၊ ရိတ်သိမ်းခြွေလှေစက်များကို အမှတ်(၄၆) စက်မှုလယ်ယာစခန်းက ငှားရမ်းဝန်ဆောင်မှုများပေးသွားမည်ဖြစ်ကြောင်း စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုးကျော်ကရှေ့တန်းစခန်းဖွင့်ပွဲ၌ ပြောကြားသည်။

ဖွင့်ပွဲသို့ အမှတ်(၄၆) စက်မှုလယ်ယာစခန်းမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကံသာကြီးကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။

အောင်သူရ(ပွင့်ဖြူ)

ဗုဒ္ဓ ဓမ္မ သံဃ

(ကုမ္ပဏီဝန်ထမ်း အမြန်အလိုရှိသည်)

၁။ လက်ထောက်စတိုမှူး (ဘွဲ့ရ) (အခြေခံလစာ - 105000/-) ကျား (၃) ဦး
၂။ လက်ထောက်စာရင်းကိုင် (ဘွဲ့ရ) (အခြေခံလစာ - 105000/-) မ (၃) ဦး
၃။ အရောင်းဝန်ထမ်းအကူ (၁၀တန်း) (အခြေခံလစာ - 75000/-) ကျား/မ (၃) ဦး

(OT ကြေး + ရက်ပိုကြေး + Bonus သီးခြားရမည်) (အလုပ်ချိန် မနက် ၈ း၀၀ နာရီမှ ညနေ ၆း၀၀ နာရီအထိ)

★ တစ်လခွင့် (၄) ရက်ပေးမည်။ နယ်ခရီးထွက်ရန် မလိုပါ။

အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း

★ အမှတ် (၉၂၁၀) ၊ ဖောင်းတူလမ်းမကြီး ၊ အမှတ် (၃) စက်မှုဇုန် ၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်။
ဆက်သွယ်ရန်ဖုန်း - 8100184 , 8100694 , 09 - 73043826
လမ်းညွှန် → တောင်ဒဂုံ KBZ Bank အနီး ၊ တောင်ဒဂုံ ကညနဂုံ၊ အနောက်မြမ်း ။

★ လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်ဖောင် ၊ ရပ်ကွက်ထောက်ခံစာ ၊ ဘွဲ့လက်မှတ်မူရင်း ၊ တစ်လအတွင်းရိုက်ကူးထားသော ဓာတ်ပုံ (၂) ပုံ ၊ မှတ်ပုံတင် ၊ သန်းခေါင်စာရင်းတို့နှင့်အတူ အထက်ပါ လိပ်စာသို့ လူကိုယ်တိုင် အမြန်ဆုံး လာရောက် လျှောက်ထားနိုင်ပါသည်။

မှတ်ချက် ။ ။ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အတွင်း နေထိုင်သူများသာ လျှောက်ထားရန်ဖြစ်ပါသည်။

MGL EXPRESS COURIER >>> OCS ANA GROUP

Official International & Domestic
Door to Door Express Courier Services

ပုန်းဆက်ခေါ်ရုံဖြင့် လာယူပြီး ပို့ပေးသော တရားဝင် ပြည်တွင်း ပြည်ပ အမြန်ချောပို့

ပြည်တွင်း(၃၁)မြို့ကျော်နှင့် ကမ္ဘာနိုင်ငံပေါင်းများစွာသို့အမြန်အလုန် ချိတ်ဆက်ပေးလိုက်ပါသည်။

Connecting over 31 Cities in Myanmar with rest of the world

Next day service with special discounted rates for
Singapore, Tokyo & Hong Kong from Yangon. *

ရန်ကုန် မှ စင်ကာပူ၊ တိုကျို၊ ဟောင်ကောင် မြို့များသို့ အထူးသက်သာသောနှုန်းဖြင့်
ယနေ့ပို့ မနက်ဖြန်ရောက် ပို့ဆောင်ပေးနေပါသည်။ *

*Conditions apply

Head Office : No.46/47, Myaing Hay Won Estate, Kyite Wine Pagoda Road, 8 Mile, Mayangone, Yangon.
Phone : 01-9669586-87-88, 01-651627, 01-246681, 09-4210 89977, 09-4211 43329, 09-4211 43321
Downtown Branch : No. 288, 40th St., (Upper), Kyauktada Tsp., Yangon. Ph : 01-378797, 01-246667.

Choose the right school for your child
that will provide them with competitive
opportunities to face their unfolding digital world

2015-16 Academic Year
Admissions Open
(Limited Seats)

"Fit Brains Gain More"
BRAINWORKS
K-12 INTEGRATED SCHOOL

Aung Zeya 09 2629 34441 - 2
Downtown (41st) 376022 376010
Kamayut 524599 501976 514267
Parami 660855 0973107376 09796206884
Sanchaung 526456 0973143280
Tamwe 401592 - 4
Taunggyi 206765 09 49 378436
Thingangyun 8551360 - 3
Kyi Myin Daing 2300715 2300716

FAME DiabeHerb®
Natural hypoglycemic agent
ဆီးချိုကျဆေး
TMR 006219 (0717)
၂/၂၀၁၂ တဆထလ/တိုး(ဝန်ကြီး)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME JavaHerb®
Anti-diabetic
သိကြားမကိုင်ဆေး
TMR 008205 (1115)
၂/၂၀၁၂ တဆထလ/တိုး(ဝန်ကြီး)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

မန်းရွှေစက်တော်ဘုရား သာသနာ့ဝိမာန် တည်ဆောက်မည်

မင်းဘူး ဇွန် ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ သမိုင်းဝင် ပါဒစေတီ မန်းရွှေစက်တော်ဘုရားကြီး၌ သုံးထပ်ဗုဒ္ဓသာသနာ့ဝိမာန်တော်နှင့် မန်းရွှေစက်တော်ဘုရား အဝင်မုခ်ဦးကို ခံ့ညားထည်ဝါစွာ တည်ဆောက်မည်ဖြစ်ပြီး မြေပြုပြင်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

သာသနာ့ဝိမာန်တော် အဆောက်အအုံဆောက်လုပ်ရန် အထက်စက်တော်ရာ အတက်လမ်း၊ နှစ်ကျိပ်ရှစ်ဆူဘုရားအနီး၌ ဇွန် ၁၂ ရက်တွင် စတင်၍ မြေပြုပြင်နေမှုကို နိုင်ငံတော်ဗဟိုသံယာ့ဝန်ဆောင်ဆရာတော် ဘဒ္ဒန္တစိန္တာသာရ၊ မင်းဘူးမြို့နယ် သံယနာယကဥက္ကဋ္ဌ ရွှေတွင်းကျောင်းဆရာတော်၊ မြို့နယ်သံယနာယက အကျိုးတော်ဆောင်ဆရာတော်၊ မကွေးတိုင်းဒေသကြီး လမ်းဦးစီးဌာနညွှန်ကြားရေးမှူးနှင့်အဖွဲ့၊ တိုင်းဒေသကြီး သာသနာရေးဦးစီးမှူး၊ မင်းဘူးမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မန်းရွှေစက်တော်ဂေါပကအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

သာသနာ့ဝိမာန်တော်ကို အလျား ၁၅၄ ပေ၊ အကျယ် ၆၂ ပေရှိ သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် မန်းရွှေစက်တော်ဘုရားပွဲ ဖွင့်ပွဲအမီ အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ မုခ်ဦးကိုလည်း ပုသိမ်-မုံရွာကားလမ်းမှ မန်းရွှေစက်တော်အဝင် (၃)မိုင်လမ်းထိပ်တွင် ခံ့ညားထည်ဝါစွာ တည်ဆောက်မည်ဖြစ်ကြောင်း၊ သာသနာ့ဝိမာန်တော်နှင့် မုခ်ဦးတည်ဆောက်ခြင်းလုပ်ငန်းများအတွက် အလှူငွေများလည်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ဘုရားဂေါပကအဖွဲ့ထံမှ သိရသည်။

တင်ထွန်းဦး(မင်းဘူး)

သုံးထပ်သာသနာ့ဝိမာန်တော် ပုံစံငယ်

လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်း ဖွင့်လှစ်မည်

မုံရွာ ဇွန် ၁၄

လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းချိန်တွင် လယ်ယာသုံးစက်ကိရိယာများ ကိုင်တွယ်ထိန်းသိမ်းနည်းများကိုသာမက ပြုပြင်နည်းများကိုပါ စိတ်ပါဝင်စားသည့် တောင်သူများနှင့် လယ်ယာသုံးစက်ကိရိယာ ပြုပြင်ခြင်းလုပ်ငန်းများကို စီးပွားရေးအရလုပ်ကိုင်လိုသူ လူငယ်များအတွက် မုံရွာမြို့ အစိုးရနည်းပညာအထက်တန်းကျောင်း၌ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်းများကို အခါအားလျော်စွာ ဖွင့်လှစ်သင်ကြားလျက်ရှိရာ ဇွန် ၂၉ ရက်တွင် သင်တန်းအပတ်စဉ်သစ်တစ်ခုကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

အစိုးရနည်းပညာ အထက်တန်းကျောင်းမှ ခေတ္တကျောင်းအုပ်ကြီးက "လယ်ယာသုံး စက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကို စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပါတယ်။ အဓိကအနေနဲ့ လယ်ယာသုံးစက်ကိရိယာတွေကို ကိုင်တွယ်အလုပ်လုပ်နေရတဲ့ တောင်သူတွေကို သင်ကြားပေးချင်တာပါ။ ဒီသင်တန်းကနေ အမျိုးသားအဆင့် ကျွမ်းကျင်မှုစံနှုန်း အဆင့်(၂) ရှိတဲ့ သင်တန်းအောင်လက်မှတ်ကို ထုတ်ပေးသွားမှာပါ။ နောက်တစ်ခုက ကျွန်တော်တို့ကျောင်းကနေပြီး ပန်းရံ၊ လက်သမား၊ သံချည်သံကွေး၊ အိမ်တွင်းလျှပ်စစ်သွယ်တန်းမှု၊ သံဂဟေသင်တန်းတွေလည်း အလှည့်ကျဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ဒီကျောင်းကရရှိတဲ့ သင်တန်းဆင်းလက်မှတ်တွေနဲ့ တခြားနိုင်ငံတွေမှာ အလုပ်လုပ်ချင်တဲ့ သူတွေအတွက်လည်း အထောက်အကူဖြစ်စေပါတယ်" ဟု သင်တန်းဖွင့်လှစ်သင်ကြားခြင်းနှင့် ပတ်သက်၍ ရှင်းပြသည်။ လယ်ယာသုံးစက်ကိရိယာ ပြုပြင်ထိန်းသိမ်းနည်းသင်တန်းကို ဇွန် ၂၉ ရက်မှစ၍ ရက်သတ္တပတ်ခြောက်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

